# ငြင်းပယ်ခြင်း၏ အလှ

(ဖြစ်တည်မှုဒဿနနိဒါန်း)




မောင်ကြည်သစ်

# မာတိကာ

| စဉ် | အကြောင်းအရာ |
|---|---|
| | စာရေးသူ၏ အမှာစာ |
| ၁ | စက်ရုပ်ချစ်သူ ပြဿနာ |
| ၂ | ဖြစ်တည်မှုရဲတိုက် |
| ၃ | နိရေး (သို့မဟုတ်) အချိန်မကျမီ ရောက်လာသူ |
| ၄ | လူမျက်နှာပျောက်သွားသော လူသား |
| ၅ | ကဲကီးဂါးဒ်(သို့မဟုတ်) ဖြစ်တည်မှု လမ်းထွင်သူ |
| ၆ | ယန်းပေါ်ဆာ့တ် (သို့မဟုတ်) ငြင်းပယ်ခြင်း၏ အလှ |
| ၆(က) | ကောင်းကင်ဘုံမှ ဓမ္မဓိဌာန်စိတ်ကူးထည် |
| ၆(ခ) | ပုဂ္ဂလဖြစ်တည်မှုသာလျှင် |
| ၆(ဂ) | ဒဏ်ခတ်ခံ လွတ်လပ်ခြင်း |
| ၆(ဃ) | လွတ်လပ်မှုမှ ထွက်ပြေးခြင်း |
| ၆(င) | လွတ်လပ်မှု၏ ဖွားဖက်တော်များ |
| ၆(စ) | ကိုယ်ကလွဲ ငရဲ |
| ၆(ဆ) | သက်သေပြစရာမလိုသော ဖြစ်တည်မှု |
| ၆(ဇ) | ပြုမူလုပ်ဆောင်လို့မှု စိတ်ဇောဆန္ဒ |
| ၆(ဈ) | ဘဝ၏ ဖြစ်နိုင်ခြေကို ငြင်းပယ်ခြင်း |
| ၇ | ရောင်ပြန်ဟပ်ချက်များ |
| ၈ | နောက်ဆက်တွဲ (ဒဿနပညာရှင်များ) |
| ၉ | ကိုးကားစာအုပ်များ |

## စာရေးသူ၏ အမှာစာ

ကျွန်တော်၏ ကျေးဇူးရှင်ဆရာ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒ ပါမောက္ခဟောင်း ဦးခင်မောင်ဒင် (ဝါ ) ဆရာ (Reggie)က ဖြစ်တည်မှုဝါဒ (Existentialism) ကို ပို့ချရာတွင် ဤသို့ မှတ်ချက်ချခဲ့ဖူးပါသည်။

အိတ်ဇစ်စတင်ရှယ်လစ်ဇင်းကို လေ့လာသူများအနေဖြင့် ယင်းဝါဒနှင့်ပတ်သက်၍ တိကျသည့် အနက်အဓိပ္ပါယ် ဖွင့်ဆိုချက်ကို မမျှော်မှန်းအပ်ချေ။ ယင်းဝါဒီများကိုယ်တိုင်က အိတ်ဇစ်ရှယ်လစ်ဇင်းကို အဓိပ္ပါယ်အမျိုးမျိုးဖြင့် ဖွင့်ဆိုလေ့ရှိသည်ဟု ဆရာက မိန့်ဆိုခဲ့ပါသည်။ ထို့နောက် ဆရာသည် ဖြစ်တည်မှုဝါဒနှင့်ပတ်သက်၍ ထင်ရှားသော အနက်ဖွင့်ဆိုချက်များကို ချပြပါသည်။ ဖွင့်ဆိုချက်ပေါင်း ဆယ့်တစ်ခုမျှ ရှိပါသည်။ လုံးဝဆန့်ကျင် ခြားနားနေသည်များလည်း ရှိပါသည်။ ဖွင့်ဆိုချက်တရပ်ကမူ ဖြစ်တည်မှုဝါဒသည် ဒဿနတရပ်မဟုတ်ပါဟုပင် ဆိုပါသည်။ ထို့ကြောင့်လည်း ဆရာဦးခင်မောင်ဒင်က "ဖွင့်ဆိုထားသော အနက်အဓိပ္ပါယ်တို့သည် ယင်းဒဿနကို ယေဘုယျအားဖြင့်သာ သရုပ်ဖော်လေ့ရှိကြောင်း မှတ်ယူအပ်ပေသည်" ဟူ၍ မှတ်ချက်ချခဲ့ပါသည်။

မှန်ပါသည်။ အနောက်တိုင်း ဒဿနသမိုင်းတွင် ယနေ့မျက်မှောက်ခေတ်ကို ရှုပ်ထွေးသည့်ခေတ် (the Age of Complexity) ဟု ခေါ်ဆို သတ်မှတ်ကြပါသည်။ ရှုပ်ထွေးသည့်ခေတ်၏ ဒဿနများထဲတွင် ဖြစ်တည်မှုဝါဒသည် အလွန်ရှုပ်ထွေးသော ဒဿနဖြစ်သည်။ ဖြစ်တည်မှုဝါဒဟု ခေါ်ဝေါ်သမုတ်ခြင်းခံရသူ တွေးခေါ်ရှင်များကို ကြည့်လျှင် ဘာသာရေးတယူသန်များ၊ အနုပညာရှင်များ၊ စာရေးဆရာများ၊ ခရစ်ယာန်ဘာသာဝင်များ၊ ဂျူးများ၊ ဘုရားရှိဝါဒီများ (Theists)၊ ဘုရားမဲ့ဝါဒီများ (Atheists) စသည်တို့ဖြင့် အယူအဆ အရှေ့နှင့်အနောက် ဆန့်ကျင်နေကြသူအမျိုးမျိုး ပါဝင်နေကြပါသည်။ ထို့ပြင် ဖြစ်တည်မှုဝါဒဟု သတ်မှတ်ခံရသည့် ဒဿနများသည်လည်း တခုနှင့်တခု ဝိဝါဒ ကွဲပြားခြားနားလျက် ရှိကြပေသည်။ ခရစ်ယာန်ဘာသာတရားနှင့် ထာဝရဘုရားသခင် (God) ကို လက်ခံသည့် ကဲကီးဂါးဒ် (Kierkegarrd) နှင့် ယာစ်ပါးစ် (Jaspers) တို့၏ ဒဿနအား ဖြစ်တည်မှုဝါဒဟု ခေါ်ဝေါ်ကြသကဲ့သို့ ခရစ်ယာန်ဘာသာရေးကိုလည်း လက်မခံ၊ ဘုရားသခင်ကိုလည်း လုံးဝငြင်းဆိုကြသည့် ယန်းပေါ်ဆာတ် (Jean Paul Sartre) နှင့် ကမျူး (Camus) တို့၏ ဒဿနကိုလည်း ဖြစ်တည်မှုဝါဒဟုပင် သတ်မှတ်ကြပြန်သည်။ ဘုရားမဲ့ဖြစ်တည်မှုဝါဒီများအဖြင့် ထင်ရှားကြသူ ဟိုင်ဒေဂါ (Heidegger) နှင့် ယန်းပေါ်ဆာတ်တို့၏ ဒဿနများကို လေ့လာကြပြန်လျှင်လည်း အဓိက အနှစ်သာရအားဖြင့် ခြားနားနေကြသည်ကို တွေ့ရပြန်သည်။

ပို၍ဆိုးလှသည်မှာ ဖြစ်တည်မှုဝါဒီဟု ခေါ်ဝေါ်သတ်မှတ်ထားသည့် တွေးခေါ်ပညာရှင် အတော်များများက မိမိတို့ ဖြစ်တည်မှုဝါဒီများ မဟုတ်ပါ။

မိမိတို့ဝါဒမှာလည်း ဖြစ်တည်မှုဝါဒမဟုတ်ဟု လူသိရှင်ကြား ထုတ်ဖော်ပြောကြားခြင်း ဖြစ်ပါသည်။

ဖြစ်တည်မှုဝါဒတွင် ဩဇာအညောင်းဆုံး တွေးခေါ်ရှင်ဟုဆိုအပ်သည့် ဟိုင်ဒေဂါသည် "လူသားဝါဒအကြောင်း (On Humanism)" ဟူသော စာတမ်းတစောင်ရေးကာ ဆာ့တ်၏ ဖြစ်တည်မှုဝါဒသည် လူသားဝါဒတမျိုးဖြစ်သည် ဟူသော အဆိုပြုချက်ကို ဆန့်ကျင်ဝေဖန်ခဲ့သည်။ တဆက်တည်းမှာပင် သူသည် ဖြစ်တည်မှုဝါဒီမဟုတ်ကြောင်း ပြောကြားခဲ့သည်။ ထိုနည်းတူ ကမျူးကလည်း မိမိကို ဆာ့တ်နှင့်ယှဉ်တွဲ၍ ဖြစ်တည်မှုဝါဒီအဖြစ် အထင်မှားကြခြင်းဖြစ်ကြောင်း၊ စင်စစ် မိမိသည် ဖြစ်တည်မှုဝါဒီ မဟုတ်ကြောင်း အတိအလင်း ပြောကြားခဲ့သည်။ ဤသို့သောအကြောင်းများကြောင့်လည်း ဖြစ်တည်မှုဝါဒကို တိတိပပ အဓိပ္ပါယ်ဖွင့်ဆိုပေးရန် အခက်အခဲ တွေ့ရခြင်းဖြစ်ပေသည်။

အနောက်တိုင်း ဒဿနသမိုင်းတွင် ရှေးဟောင်း ဂရိခေတ်၌ပင် ဖြစ်တည်မှုဝါဒ သွင်ပြင်လက္ခဏာများကို ဟိုတစ ဒီတစ တွေ့ရမည်ဖြစ်သည်။ သို့ရာတွင် ဖြစ်တည်မှုဝါဒသည် ဒုတိယကမ္ဘာစစ် ပြီးစအချိန်ကာလ ရောက်မှသာလျှင် ဒဿန စင်မြင့်ပေါ်သို့ ထင်ထင်ပေါ်ပေါ် ရောက်ရှိခဲ့သည့် ဒဿနလှုပ်ရှားမှုတရပ် (Philosophical) ဖြစ်ပါသည်။ ကမ္ဘာကျော် ပြင်သစ်စာရေးဆရာကြီးများ ဖြစ်ကြသော ဆာ့တ်၊ ကမျူး၊ ဆိုင်မွန်ဒီဗိုးဗွား (Simone de Beauvoir)၊ မာစယ် (Marcel) တို့၏ ဝတ္ထုများ၊ စာတမ်းများ၊ ပြဇာတ်များမှတဆင့် ကမ္ဘာတဝှမ်း ပြန့်နှံ့တွင်ကျယ်လာသော ဒဿနတရပ်ဖြစ်ပါသည်။

မြန်မာစာပေနယ်တွင် ဖြစ်တည်မှုဝါဒ လှိုင်းဂယက်သည် ကြည်အေးကို အကြောင်းပြု၍ စတင်ရိုက်ခတ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ လွန်ခဲ့သည့် ၁၉၇၀ ခုနှစ်ထုတ် မိုးဝေမဂ္ဂဇင်းတစောင်တွင် စာပေဝေဖန်ရေးဆရာ မလိခက ကြည်အေး၏ နွမ်းလျအိမ်ပြန် ဝတ္ထုကို တင်ပြဝေဖန်ရင်း ကြည်အေးသည် မြန်မာစာပေလောကတွင် အစောဆုံးနှင့် အထင်ရှားဆုံး အိတ်ဇစ်ရှယ်လစ်ဖြစ်သည်ဟု ကင်ပွန်းတပ်ခဲ့သည်။

ယင်းအဆိုပြု ပညတ်ချက်သည် မြန်မာစာပေလောကကို လှုပ်နိုးလိုက်သည်။ စာပေဒဿနနှင့် ပတ်သက်လာလျှင် ဆိုရှယ်လစ် သရုပ်မှန်ဝါဒအိုင်ငယ်ကို ပင်လယ်ပမာ အားပြုယုံစား ထင်မှတ်မှားကြသူများကမူ သူတို့၏ ဝေဝါးသော မျက်လုံးဖြင့် ဖြစ်တည်မှုဝါဒကို တချက်လှမ်းကြည့်ရင်း အလကား ဘူဇွာအနုပညာဝါဒမျိုးပါဟု သုံးနေကျ လက်သုံးစကားသုံးကာ နောက်ခိုင်းလိုက်သည်။ သို့သော် စူးစမ်းသူအချို့ကမူ ဖြစ်တည်မှုဝါဒကို လက်လှမ်းမီသလောက် လေ့လာကြပြီး ဖော်ထုတ် တင်ပြကြ၏။ ကမျူးနှင့် ဆာ့တ်တို့၏ အတ္ထုပတ္တိများ၊ ဝတ္ထုတိုများကို ဘာသာပြန်ဆိုကြ၏။ မြန်မာစာရေးဆရာ မည်သူမည်ဝါဟာဖြင့် ဖြစ်တည်မှုဝါဒီ ဖြစ်နိုင်တယ် စသည်ဖြင့် သတ်မှတ်ကြသည်။ မာ့က်စ်ဝါဒ (Marxism) စာပေဝေဖန်ရေးကို ပုံသေစွဲကိုင်ထားသူများကမူ "ဖြစ်တည်မှုဝါဒဟူသည် လူ့ဘောင်အဖွဲ့အစည်းကို ဆန့်ကျင်သည့် တကိုယ်တော် လွတ်မြောက်မှုဝါဒဖြစ်သည်။ နှစ်ဆယ်ရာစု အရင်းရှင် လူ့ဘောင်၏ လူမှုအကြပ်အတည်းတို့ကို ပညာတတ်နည်းဖြင့် ဖြေရှင်းရန် အဖြေမတွေ့ကုန်သော

အရင်းရှင်ပညာတတ် လူငယ်လောက၌ ပေါ်ပေါက်လာသော၊ ခေတ်စားလာသော အယူဝါဒတရပ် ဖြစ်သည်” ဟု ဝေဖန်ပုတ်ခတ်ခဲ့ကြသည်။ သို့သော် ထိုဝေဖန်ရေး ဆရာကြီးများသည် ဖြစ်တည်မှုဝါဒအကြောင်းကို ဘာမျှ မယ်မယ်ရရ ရှင်းမပြခဲ့ကြပါ။

ဖြစ်တည်မှုဝါဒသည် မြန်မာစာပေနယ်တွင် ၁၉၈၉ ခုနှစ် ဆန်းပိုင်းတဝိုက်တွင် တဖန်ပြန်၍ အသံကျယ် လာပြန်ပါသည်။ မဂ္ဂဇင်းများတွင် ဖြစ်တည်မှုဝါဒအကြောင်း ဆောင်းပါးများ၊ အင်တာဗျူးများ၊ ပါဝင်လာကြသည်။ ကြည်အေး၏ ဝတ္ထုများ၊ ကဗျာများ ပြန်လည်ဆန်းသစ်လာကြသည်။ ပန်းဆိုးတန်း စာအုပ်ဆိုင် ဈေးခင်းတွင် ကမျူး၊ ဆာ့တ်၊ ကောလင်းဝီလ်ဆင် (Colin Wilson)၊ ကဖ်ကာ (Kakf) တို့၏ ဝတ္ထုများသည် ဈေးခေါ်ပစ္စည်းများ ဖြစ်လာကြသည်။ ဖြစ်တည်မှုဝါဒသည် ယနေ့စာပေလောကအတွက် အားထားစရာ စာပေအယူအဆဟု ဆိုသူက ဆိုကြသည်။ အလကား ပေါက်တက်ကရဝါဒဟု ဆဲသူက ဆဲကြသည်။ ဘယ်စာရေး ဆရာမကဖြင့် ကြည်အေး လက်သစ် ကလေးဟု သတ်မှတ်သူက သတ်မှတ်ကြသည်။ ဘယ်စာရေးဆရာကြီးတွေကတော့ နောက်တိုး အိတ်ဇစ်တွေဟု တံဆိပ်တပ်သူက တံဆပ်တပ်ကြသည်။ ဒီတံဆိပ်ကြီးက အတုကြီးပါဟု ငြင်းသူကငြင်း၏။ ဖြစ်တည်မှုဝါဒ အရှုပ်အထွေးသည် မြန်မာစာပေနယ်တွင် သပွတ်အူလိုက်လျက် ရှိလေပြီ။

ဤသို့ဆိုပါလျှင် ဖြစ်တည်မှုဝါဒဟူသည် အဘယ်နည်း။

ဤစာအုပ်သည် စာရေးသူ လေ့လာသိရှိ နားလည်ထားသော ဖြစ်တည်မှုဝါဒအကြောင်းကို မိတ်ဆက်နိဒါန်းအဖြစ် ရှင်းလင်းတင်ပြချက် ဖြစ်ပါသည်။ ဤသို့ ရှင်းလင်းရာတွင် မျက်မှောက်ခေတ် ဖြစ်တည်မှုဝါဒ၏ ဦးစီးခေါင်းဆောင်အဖြစ် ထင်ရှားသူ ပြင်သစ်တွေးခေါ်ရှင် စာရေးဆရာကြီး ယန်းပေါဆာ့တ်၏ အယူအဆများကို မဏ္ဍိုင်ထား၍ ဖွင့်ဆို ရှင်းလင်းပါသည်။ အဘယ့်ကြောင့်နည်း။

ယနေ့ မြန်မာ့စာပေနယ်တွင် ဖြစ်တည်မှုဝါဒဟု ဆိုလိုက်လျှင် ဆာ့တ်နှင့် ကမျူးတို့ကိုသာ အသိများကြပါသည်။ သူတို့နှစ်ဦး ယှဉ်လိုက်လျှင်လည်း ဆာ့တ်၏ ဝတ္ထုများထက် ကမျူး၏ ဝတ္ထုများကို မြန်မာပြန်ဆိုမှု ပိုများသည်။ စစ်ကြီးပြီးစ ပြင်သစ်စာပေ လောကတွင်လည်း သူတို့နှစ်ဦး၏ အမည်သည် အတူယှဉ်တွဲ ထင်ရှားပါသည်။ ဖြစ်တည်မှုဝါဒ အယူအဆကို ရသစာပေ ဝတ္ထုအဖြစ် ရေးဖွဲ့ရာ၌ ကမျူးသည် ဆာ့တ်ထက် သာလွန်ကောင်းမွန်သည်ဟု ဆိုကြပါသည်။ သို့ရာတွင် ဒဿနကျမ်းများ ပြုစု၍ ဖြစ်တည်မှုဒဿန လှုပ်ရှားမှုကို ဖော်ဆောင်ရာ၌ ဆာ့တ်သည် ကမျူးထက်ပို၍ ထင်ရှားသည်။ ဖြစ်တည်မှုဝါဒနှင့် ဆာ့တ်အမည်သည် ခွဲ၍မရနိုင်အောင်ပင် ဖြစ်ပါသည်။

ဤသို့ဖြင့် ယန်းပေါဆာ့တ်ကို မဏ္ဍိုင်ပြု၍ တင်ပြထားသော ဤဖြစ်တည်မှုဝါဒ ဒဿနနိဒါန်းသည် မြန်မာစာပေနယ်အတွက် အတွေးအခေါ်ပိုင်းဆိုင်ရာ လိုအပ်ချက် တစိတ်တဒေသကို ဖြည့်စွမ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

## ၁။ စက်ရုပ်ချစ်သူ ပြဿနာ။

ဒီမှာ စာဖတ်သူမိတ်ဆွေ…
သင့်မှာ အရာရာပြီးပြည့်စုံနေသော ချစ်သူတဦး ရှိနေသည်ဆိုကြပါစို့။ ဤချစ်သူများထံတွင် သင်စံထား မျှော်လင့်ထားသော အရည်အသွေး အချက်အလက်အားလုံးသည် ရှိနေသည်။ သူ၏ ရုပ်ရည်ရူပကာအဆင်းမှာလည်း အပြစ်ဆိုစရာ တကွက်တလေမျှမရှိ။ သင်၏ လိုအင်ဆန္ဒမှန်သမျှကိုလည်း ရွှေဆိုရွှေ ငွေဆိုငွေ ချက်ချင်းဖြည့်ဆည်းပေးနိုင်၏။ နောက်ဆုံး ပဋ္ဌာပါဠိကဲ့သို့ မကြုံစဖူး ထူးကဲလှသော အတွေ့ထူးကိုလည်း ပေးစွမ်းနိုင်၏။ သို့သော် ဤချစ်သူနှင့် ပတ်သတ်၍ အသိပေးစရာ အချက်တချက်ကမူ ရှိပါသည်။ ယင်းမှာ ချစ်သူသည် သာမန်လူသားကဲ့သို့ လူသားမိခင်တဦးက ကိုးလလွယ်၍ ဆယ်လဖွားခဲ့သူမဟုတ်ဘဲ ခေတ်လွန် စက်မှုသိပ္ပံပညာက တည်ဆောက်မွေးထုတ်ပေးလိုက်သော စက်ရုပ်တရုပ် ဖြစ်နေသည်ဟူသော အချက်ဖြစ်၏။ သူ့တွင် လူကမွေးလာသော လူသားကဲ့သို့ စိတ်ဝိညာဉ် (Soul) မပါရှိပေ။ ဤသည်ကလွဲ၍ ကျန်အရာအားလုံးနှင့် ပြီးပြည့်စုံနေသော ချစ်သူဖြစ်၏။ ဤသို့သော ချစ်သူကို သင့်ဘဝခရီးဖော်အဖြစ် ပေါင်းသင်းသွားလာရန်အတွက် လက်ထပ်ယူနိုင်ပါမည်လော။

ဤသည်မှာ မျက်မှောက်ခေတ် အမေရိကန် ဒဿနဆရာကြီး ဝီလျံဂျိမ်း (William James) တင်ပြခဲ့သည့် ပြဿနာဖြစ်ပါသည်။ ဒဿနပညာရပ် အသိုင်းအဝိုင်းတွင် စက်ရုပ်ချစ်သူပြဿနာ (Problem of mechanical Sweetheart) ဟု လူသိများပါသည်။ စာဖတ်သူအနေဖြင့်လည်း ဤပြဿနာအပေါ် မည်သို့ သဘောထားမည်နည်း။ "ဘာပဲဖြစ်ဖြစ် လက်ထပ်ယူမည်" ဟု ပြောမည်လော။ သို့တည်းမဟုတ် "ဟာ … ဒါမျိုးကြီးကိုတော့ ဘယ်လက်ထပ်ယူနိုင်မှာလဲ" ဟု ပြောမည်လား။ သို့ဖြင့် ဤစက်ရုပ်ချစ်သူပြဿနာမှတဆင့် လူ့လောကနှင့် စပ်လျဉ်း၍ စဉ်းစားတွေးတောစရာများ ပေါ်ထွက်လာပါသည်။

လူ့ဘဝတွင် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များအားလုံးကို ဖြည့်စွမ်းရရှိပြီးပြီဆိုပါက ပြည့်စုံသွားပြီဟု ထင်မြင်ယူဆကြသည် မဟုတ်ပါလော။ အဘယ်ကြောင့် စိတ်၏ဝိညာဉ် ထည့်သွင်း စဉ်းစားနေရပါသနည်း။ စက်ရုပ်ချစ်သူသည် မိမိ၏ ရုပ်ပိုင်းလိုအင်ဆန္ဒမှန်သမျှကို အပြည့်အစုံ ဖြည့်ဆည်းပေးနိုင်ပါလျက်နှင့် စိတ်ဝိညာဉ်ဆိုတာလေး မပါသည်အတွက် အဘယ်ကြောင့် ပြဿနာ တက်သွားရပါသနည်း။ ယင်းစိတ်ဝိညာဉ်ဟူသည် အဘယ်နည်း။ မည်သည့်အရပ်၊ မည်သည့်နေရာတွင် ရှာဖွေတွေ့ရှိနိုင်ပါသနည်း။ ဤစိတ်ဝိညာဉ်ကို လူ့လောကတနေရာရာတွင် မတွေ့တွေ့အောင် ရှာယူလာပြီး မိမိ၏ စက်ရုပ်ချစ်သူထဲသို့ ထည့်သွင်းတပ်ဆင်ပေး၍ မရနိုင်သလော။ ရုပ်ပိုင်းပြည့်စုံမှုထက် ဤစိတ်ဝိညာဉ်က ပို၍ အရေးကြီးနေပါသလား။ ပိုပြီး တန်ဖိုးရှိနေပါသလား။

ဤနေရာတွင် ဒဿနဆိုင်ရာ မေးခွန်းများ ဝင်လာပါသည်။ စိတ် (သို့မဟုတ်) ဝိညာဉ်ဟူသည် အဘယ်နည်း။ "ရုပ် (Matter)" ဟူသည်မှာလည်း မည်သည့်အရာကို

ခေါ်ပါသနည်း။ စိတ်နှင့် ရုပ်တွင် မည်သည်က ပို၍ ပဓာနကျသနည်း။ မည်သည်ကပို၍ အရေးကြီးသနည်း။ စသည့်မေးခွန်းများ၊ ပြဿနာများဖြစ်ကြသည်။ ယင်းတို့သည် ဒဿနဗေဒ၏ ကဏ္ဍကြီးတရပ်ဖြစ်သော ရှိမှုဗေဒ (Ontology) နှင့် သက်ဆိုင်ပါသည်။ ရှိမှုဗေဒတွင် အဓိကအကျဆုံးမေးခွန်းမှာ "ဤလောက၏ အခြေခံအကျဆုံး အစစ်အမှန် အရှိတရား (Reality)ဟူသည် အဘယ်နည်း" ဟူ၍ ဖြစ်သည်။

အနောက်တိုင်း ဒဿနသမိုင်း တလျှောက်လုံးတွင် ဒဿနပညာရှင် အသီးသီးတို့သည် ဤမေးခွန်းအတွက် အဖြေအမျိုးမျိုး ပေးကြပါသည်။ ရုပ်ဝါဒီများက အစစ်မှန်ဆုံး အရှိတရားသည် "ရုပ်" ဖြစ်သည်ဟု ဆိုကြသည်။ နာမ်ဝါဒီများကမူ စိတ် (ဝါ) ဝိညာဉ်နာမ်တရားသည်သာ ဤလောက၏ အခြေခံအကျဆုံး အရှိတရားဖြစ်သည်ဟု ခံယူကြပါသည်။ သဘာဝဝါဒီ (Naturalist) များကလည်း သဘာဝတရား (Nature) သာလျှင် တကယ့် အစစ်အမှန် အခြေခံအရှိတရားဖြစ်သည်ဟု ဖွင့်ဆိုကြပါသည်။

ဖြစ်တည်မှုဝါဒသည် အထက်ပါအယူအဆများနှင့် ရှင်းရှင်းလင်းလင်း လမ်းခွဲထွက်ခဲ့သော ဒဿနဖြစ်၏။ ဖြစ်တည်မှုဝါဒီတို့သည် ရုပ်ဟူသည် အဘယ်နည်း။ စိတ်ဟူသည် မည်သည့်အရာနည်း။ စိတ်နှင့်ရုပ်တွင် မည်သည်က ပို၍ အခြေခံကျသနည်း။ သဘာဝတရားသည်သာ အခြေခံဖြစ်သလော စသည့်ပြဿနာများကို စိတ်မဝင်စားကြပေ။ "လူဟူသည် အဘယ်နည်း" ဟူသော မေးခွန်းသည်သာ လူသားတို့အတွက်၊ ဒဿနပညာအတွက် အရေးအကြီးဆုံးဖြစ်ကြောင်း သူတို့က ခံယူကြသည်။ လူသား၏ ဘဝဖြစ်တည်မှုအပေါ်တွင်သာ ဂရုစိုက်ထား၍ သူတို့၏ အယူအဆများကို တင်ပြကြသည်။ လူ့ဘဝနှင့် မနီးစပ်နိုင်သော ယန္တြယသဘောဆောင် စကြဝဠာကြီးများ၊ လူ့ဘဝနှင့် အလှမ်းဝေးကွာလှသော ဒြပ်မဲ့စိတ်ကူးထည် နာမ်တရားများသည် လူ့လောကအတွက် မည်သို့မျှ အရေးမပါနိုင်။ သို့အတွက် ယင်းတို့ကို အလေးထားမနေနိုင်ဟု ယူဆခဲ့ကြသည်။ လူသားများနှင့် လူ့လောကကြီးအတွက် တကယ့်အရေးအကြီးဆုံး၊ အဓိကအကျဆုံးမှာ လူသားတဦးချင်းစီ၏ ပုဂ္ဂလဘဝဖြစ်သည်။ ယင်းသည်သာ တကယ့် အခြေခံအစစ်အမှန် အရှိတရားဖြစ်သည်ဟု ဖြစ်တည်မှုဝါဒက ခံယူကြပေသည်။

အစဉ်အလာအားဖြင့် အနောက်တိုင်း ဒဿနများသည် တက္ကိကအခြေပြု ဒဿန (Metaphysical Philosophy) နှင့် သံသယအခြေပြု ဒဿန(Skeptical Philosophy) များ ဖြစ်ကြပါသည်။ တက္ကိကအခြေပြု ဒဿနများသည် အခြေခံ အတွေ့အကြုံ အကြောင်းခြင်းရာများကို ရှင်းလင်းရာ၌ အတွေ့အကြုံအားဖြင့် လက်လှမ်းမမီသော၊ အတွေ့အကြုံကို ကျော်လွန်နေသည်ဟူသော အရှိတရားတို့ကို လက်ခံထားကြပြီး တင်ပြရှင်းလင်းကြသည်။ တဖက်က သံသယအခြေပြု ဒဿနများကလည်း လူသားအတွေ့အကြုံဟူသည် တိကျသေချာခြင်း မရှိ။ ထို့ကြောင့် မည်သည့်အရာကိုမျှ တိတိကျကျ မှန်မှန်ကန်ကန် သိနိုင်မည်မဟုတ်။ ရုပ်လွန်တက္ကိက ခံယူချက်အားလုံးမှာလည်း မှန်မှန်ကန်ကန် အားကိုးထိုက်သည်မဟုတ်ဟု ယူဆကြသည်။

ဖြစ်တည်မှုဝါဒသည် ယင်းအယူအဆ နှစ်ခုစလုံးကို ပယ်ဖျက်ပစ်ပေသည်။ သံသယဝါဒကို ဆန့်ကျင်၍ လူသားသည် သူ၏ ကိုယ်ပိုင်ဖြစ်တည်မှု အခြေခံတရားကို

ရှာဖွေတွေ့ရှိနိုင်သည်ဟု ဖြစ်တည်မှုဝါဒက ခံယူပေသည်။ ထိုနည်းတူ အစဉ်အလာ ကတ္တိကဝါဒကို ဆန့်ကျင်၍ အစစ်အမှန် အရှိတရားဟူသည် ကျွန်ုပ်တို့ တွေ့ကြုံခံစားရရှိသည့်အရာ ဖြစ်သည်ဟု ဖြစ်တည်မှုဝါဒက လက်ခံပေသည်။ ယင်းတို့ခံယူသော အရှိတရားသည် ရှင်သန်နေသည့် အရှိတရား (Lived Reality) ဖြစ်သည်။ ယင်းအရှိတရားသည် လူ့ဘဝအခြေအနေ (Human Condition) ကို ကျော်လွန်၍ ဖြစ်တည်နေသည်မဟုတ်။ လူ့ဘဝက လက်လှမ်းမမီသော အရာမဟုတ်။ လူ့ဘဝ အခြေအနေအတွင်း၌ ဖြစ်တည်နေသော အရာဖြစ်သည်ဟု ဖြစ်တည်မှုဝါဒီတို့က ယူဆကြပေသည်။

အနောက်တိုင်း ဒဿနသမိုင်းတွင် ယေဘုယျအားဖြင့် တွေးခေါ်ပုံ၊ တွေးခေါ်နည်း (ဝါ) အတွေးအခေါ် လမ်းကြောင်းနှစ်သွယ်ရှိပါသည်။ လမ်းကြောင်းတသွယ်မှာ လူသား၏ ပြင်ပလောကတွင်ရှိသော သဘာဝတရား သို့မဟုတ် စကြဝဠာကို ဗဟိုပြု၍ တွေးခေါ်ပါသည်။ ယင်းလမ်းကြောင်းကို အိုင်အိုနီယန်အစဉ်အလာ (Ionic Tradition) ဟု ခေါ်ဆိုပါသည်။ ကျန်အတွေးအခေါ်လမ်းကြောင်းကမူ သဘာဝတရားကို သိရှိခံစားနေသော လူသားအား ဗဟိုပြု၍ တွေးခေါ်ပါသည်။ လူသား၏သဘော၊ လူသား၏အနေအထား၊ လူသား၏ ဂုဏ်သိက္ခာတို့ကို အလေးထားသည့် အတွေးအခေါ်လမ်းကြောင်း ဖြစ်ပါသည်။ ယင်းကို ဆော့ခရတ္တိ အစဉ်အလာ (Socratie Tradition) ဟု ခေါ်ကြပါသည်။

ဖြစ်တည်မှုဝါဒသည် ဆော့ခရတ္တိ တွေးခေါ်ပုံလမ်းကြောင်းကို လိုက်သော ဒဿနဖြစ်သည်။ လူသား၏ ဘဝ၊ အတွေ့အကြုံ အခြေအနေ၊ ခံစားမှုများကို အခြေတည်၍ လူသား၏ ဂုဏ်သိက္ခာကို ဖော်ထုတ်မြှင့်တင်ကာ လူသားကို ဗဟိုပြု စဉ်းစားတွေးခေါ်ခြင်းပြုသော မျက်မှောက်ခေတ် ဒဿနတရပ်ဖြစ်ပေသည်။

## ၂။ ဖြစ်တည်မှုရဲတိုက်။

အနာဂတ်လူသားမျိုးဆက်များက နှစ်ဆယ်ရာစု၏ ပထမတဝက် နှစ်ငါးဆယ် (၁၉၀၀-၁၉၅၀) ကို အဓိပ္ပာယ်ကင်းမဲ့မှု ကြီးစိုးသည့်ခေတ် (Age of Meaninglessness) ဟု ခေါ်ဝေါ်သတ်မှတ်ကြပေလိမ့်မည်။ အဘယ်ကြောင့်နည်း။

လူ့ဘဝ၏ အဓိပ္ပာယ်ကင်းမဲ့မှုသဘော၊ ရည်ရွယ်ချက်မဲ့ခြင်း သဘောတို့သည် ထိုအချိန်ကာလအတွင်း ပေါ်ထွက်လာခဲ့သော စာပေ၊ အနုပညာ၊ ဒဿနအတွေးအခေါ်များအပေါ် အရှိန်အဟုန်ကြီးစွာဖြင့် လွှမ်းမိုး စိမ့်ဝင်ထားသောကြောင့် ဖြစ်၏။ ဤသို့သော လူ့ဘဝ၏ အကာပြပြ၊ အနှစ်မဲ့လှသည့် အဓိပ္ပာယ်ကင်းမဲ့မှုကို မီးမောင်းထိုးပြသည့် ဒဿနတရပ်သည် ပေါ်ထွန်းခဲ့၏။ ထိုဒဿနသည် ပထမကမ္ဘာစစ်ကြီးအပြီး ပြင်သစ်နိုင်ငံ၌ အရှိန်ယူ၍ တဟုန်ထိုး ထွန်းကား ကျယ်ပြန့်ခဲ့သည်။ ယင်းဒဿနကား ဖြစ်တည်မှုဝါဒ ဖြစ်ပေသည်။

ဖြစ်တည်မှု Existence ဟူသော အင်္ဂလိပ်ဝေါဟာရသည် လက်တင်ဝေါဟာရ Ex-sistere မှ ဆင်းသက်လာခြင်း ဖြစ်သည်။ အနက်အဓိပ္ပာယ်အားဖြင့် "ပေါ်ထွက်လာသည်" stand out ဟု ရပါသည်။ သို့ဖြင့် Existence ဟူသော ဝေါဟာရသည် နာမ်အသွင်ဆောင်နေသော်လည်း ပြုမှုလှုပ်ရှားမှု တြိယာသဘောပို၍ ဆောင်ယူပေသည်။

အစဉ်အလာဒဿနများကမူ Existence ကို မလှုပ်မရှား ရပ်တည်နေသော နာမ်အဖြစ်သာ မှတ်ယူ ခဲ့ကြပေသည်။ တနေရာရာတွင် ရှိရုံသာ ရှိနေခြင်းသဘောဖြင့်သာ အနက်ကောက်ယူ ခဲ့ကြသည်။ ဖြစ်တည်မှု ဝါဒီတို့ကမူ Existence ဟူသည် ရှင်သန်ဖြစ်ပေါ်နေခြင်းသဘောဖြင့် မှတ်ယူကြလေသည်။ ဖြစ်တည်မှုဟူသည် မလှုပ်မရှား ရှိရုံသာ ရှိနေခြင်းသက်သက်ကို ဆိုလိုသည်မဟုတ်။ သီးခြားဝိသေသသဘောဖြင့် ပေါ်လွင်ထင်ရှားစွာ ရှင်သန်ဖြစ်ပေါ်နေခြင်းကိုသာ ဆိုလိုပေသည်။

ဤကမ္ဘာလောကကြီးထဲတွင် သက်ရှိသက်မဲ့ ရုပ်ဝတ္ထုပစ္စည်းများ၊ သတ္တဝါများ အမျိုးမျိုးအစားစား အကွဲကွဲအပြားပြား ရှိနေကြပါသည်။ အဖြစ်အပျက် အကြောင်းခြင်းရာ အချက်အလက်များမှာလည်း ရေတွက်၍ မရနိုင်အောင် များလှပါသည်။ ယင်းတို့အားလုံးထဲတွင် လူသားတဦးချင်းစီ၏ ပုဂ္ဂလဘဝသည် ကျန်အရာ အားလုံးကို ကျော်လွန်ပြီး ပေါ်လွင်ထင်ရှားထူးခြားစွာဖြင့် ဖြစ်တည်နေပေသည်။

လူသားသည် အခြားသော သတ္တဝါများ၊ တိရစ္ဆာန်များကဲ့သို့ သဘာ့ပတ်ဝန်းကျင် အနေအထား အင်အားစုများနှင့် မျိုးရိုးစဉ်လာများ၏ ထုတ်လုပ်ချက်သက်သက် မဟုတ်ပေ။ ထို့ပြင် လူ့အဖွဲ့အစည်းအတွင်းမှ သာမန်အားဖြင့် ပေါ်ထွက်လာသောရလဒ်လည်း မဟုတ်ပေ။ လူဟူသည် အတိတ်ကာလ အစဉ်အလာတို့၏ လွှမ်းမိုးပြဋ္ဌာန်းမှုအောက်တွင် နစ်မွန်းနေသူမဟုတ်၊ သမရိုးကျ အစဉ်အဆက် ပုံသေကားကျ စွဲကိုင်ထားသော ဟောင်းနွမ်းယိုယွင်းနေသည့် ဓလေ့ထုံးတမ်း အယူအဆများ၊ အပြုအမူ ကျင့်ဝတ်များ၏

ဘောင်ခေတ် ကန့်သတ်ပြဌာန်းချက်များကို ထိုးဖောက်၍ အညွန့်တလူလူဖြင့် ထွက်ပေါ်လာသူ ဖြစ်သည်။ ဖြစ်နိုင်ချေ လားရာမှန်သမျှဆီသို့ ဦးတည်၍ အစဉ်အမြဲ ရှင်သန်လှုပ်ရှားနေသူ ဖြစ်ပေသည်။

ထို့ကြောင့် ဖြစ်တည်မှုဝါဒီတို့ ဆိုလိုသည့် ဖြစ်တည်မှုဟူသည်မှာ လူသား၏ ဖြစ်တည်မှုကိုသာ ရည်ညွှန်းခြင်း ဖြစ်ပေသည်။ အခြားသက်ရှိသတ္တဝါ တိရစ္ဆာန်များ၏ ဖြစ်တည်မှု၊ ရုပ်ဝတ္ထုပစ္စည်းတို့၏ ဖြစ်တည်မှု၊ နောက်ဆုံး စကြဝဠာကြီး၏ ဖြစ်တည်မှုကို ရည်ညွှန်းသည်မဟုတ်။ ယင်းတို့နှင့် ပတ်သတ်သော ဖြစ်တည်မှုများကိုလည်း သူတို့က စိတ်မဝင်စားကြ။ ထို့ပြင် လူသား၏ ဖြစ်တည်မှုဆိုရာ၌လည်း ယေဘုယျ လူသားမျိုးနွယ်ကြီးတခုလုံး သို့တည်းမဟုတ် လူ့အဖွဲ့အစည်း တရပ်လုံး၏ ဖြစ်တည်မှုကို ဆိုလိုသည်မဟုတ်ပါ။ လူသားတဦးချင်းစီ၏ ဖြစ်တည်မှု (ဝါ) ပုဂ္ဂလဖြစ်တည်မှု (Individual Existence) ကိုသာ ညွှန်းဆိုခြင်း ဖစ်ပါသည်။

"ဖြစ်တည်သည်" (Exit)၊ "ဖြစ်တည်မှု" ဟူသော ဝေါဟာရတို့ကို ဖြစ်တည်မှုဝါဒီတို့သည် တယောက်ချင်းစီ၊ တဦးချင်းစီဖြစ်သော ပုဂ္ဂလလူသားအတွက်သာ သုံးကြသည်။ သူတို့အတွက် "ဖြစ်တည်မှု" ဟူသည် သီးခြား လူသားတဦးစီနှင့် သက်ဆိုင်ပေသည်။ ထို့ကြောင့်လည်း မျက်မှောက်ခေတ် ဂျာမန်ဖြစ်တည်မှုဝါဒီ ဒဿန တွေးခေါ်ရှင် ဟိုင်ဒေဝါက ဤသို့ဆိုခဲ့ပါသည်။

"လူသာလျှင် ဖြစ်တည်၏။ ကျောက်တုံးတတုံးသည် ရှိ၏၊ (Is)၊ မဖြစ်တည်။ သစ်ပင်တပင်သည် ရှိ၏၊ မဖြစ်တည်။ မြင်းတကောင်သည် ရှိ၏၊ မဖြစ်တည်။ နတ်မိမယ်တပါးသည် ရှိ၊ မဖြစ်တည်။ နောက်ဆုံး ဘုရားသခင်သည် ရှိ၊ မဖြစ်တည်။ လူသာလျှင် ဖြစ်တည်၏"

ဤစကြဝဠာ လောကတခွင်တပြင်တွင် လူသာလျှင် ဖြစ်တည်နိုင်၏။ ဘုရားသခင်ဟူသည် ရှိသည်ဆိုစေဦးတော့ (ဟိုင်ဒေဂါတို့ ဆာ့တ်တို့သည် ဘုရားမဲ့ဝါဒီများ ဖြစ်ကြသည်) ထိုဘုရား သခင်သည် ဖြစ်တည်မှု မရှိနိုင်၊ မဖြစ်တည်၊ ရှိသာ ရှိနိုင်ပေလိမ့်မည်။ အဘယ်ကြောင့်နည်း။

လူသားသည် ထူးခြားသော သိစိတ် (Consciousness) ပိုင်ရှင် ဖြစ်၏။ ယင်းသိစိတ်သည် မိမိမဖြစ်သေးသော ဖြစ်နိုင်စရာ အလားအလာအဖြစ် အခြေအနေများဆီသို့ ရှေးရှုဦးတည် ဖြစ်ပေါ်နေပေသည်။ ယင်းအလားအလာ များကို လူသည် မိမိဘဝပေး အခြေအနေအတွင်းမှနေ၍ လွတ်လပ်စွာ ရွေးချယ်ပြုမူ နိုင်ပေသည်။ ထို့ကြောင့် လူတွင် သေချာရေရာမှုသဘော၊ မဖြစ်မနေ ဖြစ်ရမည့် လိုအပ်မှုသဘော (Necessary) မရှိပေ။

လူမှတပါး အခြားအရာတို့ကမူ သေချာရေရာမှုသဘော ရှိကြပေမည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ပြဌာန်းခံထားရသော အရာများ ဖြစ်နေကြသောကြောင့် ဖြစ်ပေသည်။ ဥပမာ - စားပွဲဟူသော အရာဝတ္ထု၌ စားပွဲတလုံးတွင်

ရှိကို ရှိနေရမည့် ဂုဏ်ရည်အနှစ်သာရ လက္ခဏာတို့သည် ထပ်မံပြောင်းလဲစရာ မလိုတော့ပေ။ ပြောင်းလဲသွားလျှင်လည်း စားပွဲမဟုတ်တော့ပေ။ ထို့ကြောင့် ယင်းကဲ့သို့သော အရာဝတ္ထုတို့သည် တည်မြဲ နေကြသည်ဟု ဆိုနိုင်သည်။ သို့သော် ယင်းတို့တွင် လူသားတို့ ပိုင်ဆိုင်သော သိစိတ် မရှိကြပေ။ လူတဦး သေဆုံးသကဲ့သို့ သေရသောအရာများ မဟုတ်ကြပေ။ တိရစ္ဆာန်များသည် သေဆုံးရသော သက်ရှိများ ဖြစ်သည်ဟု ဆိုနိုင်လင့်ကစား လူကဲ့သို့ မိမိဖြစ်တည်မှုကိုလည်းကောင်း၊ မိမိ၏ လွတ်လပ်မှုကိုလည်းကောင်း၊ မိမိတို့ သေဆုံးသည်ကိုလည်းကောင်း သိရှိခံစား မှတ်ရူနိုင်ကြသည်မဟုတ်။ လူကဲ့သို့ မရဏနုဿတိ ပွားများ နိုင်သူများ မဟုတ်ကြပေ။

ထို့ကြောင့် ဖြစ်တည်မှုဝါဒီတို့အတွက် ဖြစ်တည်မှုဟူသည် သိစိတ်၊ လွတ်လပ်မှုတို့နှင့် တသားတည်း၊ တသဘောတည်း ဖြစ်ပေသည်။ ဤသို့သော 'ဖြစ်တည်မှု' ရှိသည့်အရာ၊ ဖြစ်တည်နိုင်သည့် အရာတို့မှာ ဤကမ္ဘာလောကတွင် လူသာလျှင် ရှိပေသည်။ ကျန်အရာမှန်သမျှသည် လူကဲ့သို့ သိစိတ်မရှိ၊ လွတ်လပ်မှုမရှိ၊ ထို့ကြောင့် ယင်းတို့သည် ရှိရုံသာ ရှိနေကြသော အရာများဖြစ်၏။ ဖြစ်တည်နေသော အရာများမဟုတ်ပေ။ နတ်မိမယ်ဟူသည် လူ့စိတ်တွင် ရှိနေသည့် သဘောတရပ်သာ ဖြစ်၏။ ဖြစ်တည်မှုမဟုတ်ပေ။ ထိုနည်းတူ ဘုရားသခင်ဆိုသည်မှာလည်း ဖြစ်တည်မှု မဟုတ်ပေ။ လူ့စိတ်တွင် ရှိနေသည့် သဘောသာဖြစ်၏၊ မဖြစ်တည်။

ဤသို့ဖြင့် ဖြစ်တည်မှုဝါဒီတို့သည် ဖြစ်တည်မှုဟုဆိုရာ၌ ပုဂ္ဂလလူသား တဦးချင်းစီကိုသာ ရည်ညွှန်းရူမြင် ကြရပေသည်။ သူတို့အတွက် လူဟူသည် ဝိသေသသဘောဆောင်သော ပုဂ္ဂလိက အတွေ့အကြုံများကို တိုက်ရိုက်ခံစားလျက် အသက်ရှင်သန်နေသော သတ္တဝါဖြစ်သည်။ ယင်းလူပုဂ္ဂိုလ် တဦးချင်းစီတို့၏ ဖြစ်တည်နေမှုသည် ထူးခြားလှပေသည်။ တဦးနှင့်တဦး လုံးဝမတူကြပေ။ တခုတည်းသော အရာကို တွေ့သိခံစားရပုံချင်း၌ပင် မတူကြပေ။ ဉပမာ တမျိုးတည်းသော ငရုပ်သီးကို စားမိကြသူတိုင်း စပ်သည်ဟု ပြောကြပေမည်။ "စပ်ခြင်း" အရသာကို စားမိသူတိုင်း ခံစားကြရမည်သာ ဖြစ်သည်။ သို့သော် တဦး၏စပ်ခြင်းနှင့် တဦး၏စပ်ခြင်း အတူတူပင်ဖြစ်သည်ဟု ဆုံးဖြတ်နိုင်ပါမည်လော။ "ငါစပ်တာနဲ့ မင်းစပ်တာ အတူတူပါပဲကွာ" ဟု မည်သည့်နှုန်းစံဖြင့် တိုင်းတာ၍ ပြောနိုင်မည်နည်း။ မပြောနိုင်ပါ။ မဆုံးဖြတ်နိုင်ပါ။ ထို့ပြင် တကြိမ်တခါ တွေ့ကြုံခံစားလိုက်ရသည့် ပုဂ္ဂိုလ်တဦး၏ ခံစားချက်သည် ထိုပုဂ္ဂိုလ်တဦးတည်းအတွက်သာ ဖြစ်ရုံမျှသာမက ထိုတကြိမ်တည်းအတွက်သာ ဖြစ်ချေသည်။ ထိုခံစားချက်အတိုင်း နောက်တကြိမ်ထပ်မံ၍ ထပ်တူထပ်မျှ ခံစားချင်၍ ရနိုင်မည်မဟုတ်တော့ပေ။ "သင်သည် မြစ်တစင်းအတွင်းသို့ နှစ်ကြိမ်မဆင်းနိုင်" ဟူသော ရှေးဟောင်း ဂရိတွေးခေါ်ရှင်ကြီး ဟေရာကလိုက်တပ် (Heraclitus(ဘီစီ၊ငါးရာစု)) ပြောစကားကဲ့သို့ပင် ဖြစ်သည်။ ဖြစ်တည်မှု ဝါဒီတို့သည် လူသား၏ ပုဂ္ဂလဖြစ်တည်မှုကို ဤမျှလောက် ရှေ့တန်းတင် ဂရုဓမ္မထားကြသူများ ဖြစ်ပါသည်။

သို့ရာတွင် ယနေ့လူ့အဖွဲ့အစည်းကြီး တရပ်လုံး၊ လူ့ယဉ်ကျေးမှုကြီး တရပ်လုံးကိုမူ သိပ္ပံပစ္စည်းများ၊ စက်မှုနည်းပညာများက လွှမ်းမိုးကြီးစိုးထားပေသည်။ ယင်းလွှမ်းမိုးကြီးစိုးမှု

လောင်းရိပ်အောက်တွင် လူသားသည် သိပ္ပံပညာက ထုတ်လုပ်လိုက်သော ရုပ်ဝတ္ထုထုတ်ကုန်ပစ္စည်းများကဲ့သို့ ဖြစ်သွားလေသည်။ လူစစ်စစ်မှနေ၍ စက်မှုသိပ္ပံပညာ၏ အစေအပါးသဖွယ် ဖြစ်လာတော့သည်။ ထို့ပြင် လူသားများ စီရင်ထုတ်ဖော်ထားကြသည့် နိုင်ငံရေးစနစ်များ၊ လူမှုရေးကျင့်ဝတ်များ၊ ဥပဒေကန့်သတ်ချက်များအကြားတွင် လူသား၏ လွတ်လပ်မှု၊ တီထွင်ကြံဆမှုနှင့် ဂုဏ်သိက္ခာတို့သည် မှေးမှိန်သွားတော့သည်။ ဤသို့ဖြင့် စစ်မှန်စွာ ဖြစ်တည်နေရမည့် လူသား၏ ပုဂ္ဂလဘဝသည် မည်သို့မျှ ထွန်းပလာစရာ မရှိတော့ပေ။

ဤအခြေအနေ၊ ဤအဖြစ်အပျက်များကို ဖြစ်တည်မှုဝါဒီတို့က မလိုလားကြ။ ဤလူ့လောကတွင် လူသားအသီးသီး၏ စစ်မှန်သော လူ့ဘဝသည် ဂုဏ်သရေရှိရှိ ထွန်းပရမည်။ လူသားတို့၏ ပုဂ္ဂလိကဘဝ ဖြစ်တည်မှု ဂုဏ်သိက္ခာကို ချိုးဖဲ့ဖျက်ဆီးပစ်နေသော အယူအဆ ဒဿနများ၊ ပညာရပ်များ၊ အခြေအနေများသည် ဤလောကအတွင်း၌ ရှိနေကြသည်။ ယင်းတို့ကို တော်လှန်တိုက်ဖျက် ဇာတ်သိမ်းပစ်ရမည်ဟု ဖြစ်တည်မှု ဝါဒီတို့က ဆော်ဩကြပါသည်။

ကဲကီးဂါးဒ် အလိုအရ လူ့လောကတွင် ပုဂ္ဂလ လူ့ဘဝသည် အရေးအကြီးဆုံး ဖြစ်သည်။ ယခင်က ပေါ်ပေါက်ခဲ့ကြသော အတွေးအခေါ် ဒဿနစနစ်များ (ပလေတိုဝါဒ၊ ဆင်ခြင်ခြင်း အဓိကဝါဒ၊ ဟေဂယ်ဝါဒ) သည် လူသား၏ ပုဂ္ဂလဘဝအပေါ် အလေးမထားခဲ့ကြ၊ ထို့ကြောင့်လည်း လူ့ဘဝပြဿနာများကို ဘယ်ဝါဒ၊ ဘယ်စနစ်ကမျှ ကျေနပ်ဖွယ်ကောင်းအောင် ဖြေရှင်းမပေးနိုင်ခဲ့ကြ၊ သို့ဖြစ်၍ ထိုဝါဒစနစ်များသည် မည်သည့်တန်ဖိုးမျှ မရှိဟူ၍ ဆိုခဲ့ကြသည်။ ထို့ပြင် သူက (သူ့ခေတ်) ခရစ်ယာန်ဘာသာရေးတွင် ကလိမ်ခြုံ အတုအယောင် ခရစ်ယာန်များသည် အများအပြား ဖြစ်သည်။ ထို့ကြောင့် ပိုမိုပြင်းထန်ထိရောက်သော နောက်ထပ်ဘာသာရေး ပြုပြင်ပြောင်းလဲမှုကြီးတရပ်ကို ဆင်နွှဲရမည်။ အဘယ်ကြောင့်ဆိုသော် ယခု လက်ခံထားသည့် အစဉ်အလာ ဘာသာရေး ထုံးဓလေ့များကြောင့် လူသားတို့သည် ဘုရားသခင်အစစ်နှင့်လည်း ဆုံနိုင်မည်မဟုတ်။ တရားဓမ္မအစစ်ကိုလည်း နာကြားနိုင်မည်မဟုတ်ပေ။ ဤသို့ဖြင့် လူသားတို့သည် မည်သည့် ကိုယ်ကျင့်သိက္ခာ သန့်စင်မှုမျှ မရှိကြတော့ဘဲ အကုသိုလ် ဒုစရိုက်ကောင်များ ဖြစ်လာကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် လက်ရှိလူ့လောကီ အခြေအနေများကိုရော၊ ဘာသာရေးအခြေအနေများကိုပါ အမြစ်ကလှန်ပြီး ပြင်းပြင်းထန်ထန် ပြုပြင်ပြောင်းလဲရမည်ဟု ဆိုပါသည်။

## ၃။ နီရှေး (သို့မဟုတ်) အချိန်မကျမီ ရောက်လာသူ။

ဂျာမန်တွေးခေါ်ရှင်ကြီး နီရှေး (Nietzche) ကလည်း ခရစ်ယာန်ဘာသာရေးအပေါ် အခြေပြုထားသည့် အနောက်တိုင်းယဉ်ကျေးမှုကို လုံးဝမကျေနပ်ခဲ့ပေ။ သူ့ခေတ်ရှိ အနောက်တိုင်း လူ့အဖွဲ့အစည်းသည် တဖြည်းဖြည်းကျဆင်း၍ ချွတ်ခြုံကျနေသည်။ အနောက်တိုင်းယဉ်ကျေးမှုသည်လည်း ယိုယွင်းပျက်စီးနေပြီဟု ရှုမြင်ခဲ့ပေသည်။ ထို့ကြောင့် လက်ရှိခံယူထားရှိသော တန်ဖိုးများ၊ နှုန်းစံများကို ဖျက်သိမ်းပစ်ပြီး တန်ဖိုးသစ်များ နှုန်းစံသစ်များ ပြန်လည်ချမှတ်ရန် လိုအပ်နေသည်။ လက်ရှိ ချွတ်ခြုံကျ ပျက်စီးနေသော တန်ဖိုးဟောင်း၊ စံနှုန်းဟောင်းများကို ချေဖျက်ရန်အတွက် မိမိ လူ့လောကကို ရောက်ရှိလာခြင်းဖြစ်သည်ဟု ဆိုခဲ့လေသည်။

ဥရောပတိုက်ကြီး တခုလုံးမှာ လူမှုဘဝ ပြုပြင်ပြောင်းလဲမှုကို မလုပ်မဖြစ် လုပ်ဖို့ လိုအပ်နေသည်။ ဤသို့ မလုပ်လျှင် လူသားများအတွက် ပူဆွေးဝမ်းနည်းစရာအချိန် ဆိုက်ရောက်လာလိမ့်မည်။ ဥရောပ တတိုက်လုံးသည်လည်း ဘေးဆိုးဒုက္ခ အမှောင်တိုက်ကြီးထဲသို့ ကျဆင်း သွားလိမ့်မည်။ ဤသို့သော ဘေးဆိုးအန္တရာယ်ကြီးသည် မဝေးလှသော လက်တကမ်းအလိုမှာ ရောက်နေပြီဖြစ်၏။ ယင်းအန္တရာယ်ကြီးကား နတ္ထိဝါဒ (Nihilism) ကြီးပင် ဖြစ်သည်ဟု နီရှေးက သူ၏ "အာဏာရလိုမှု စိတ်ဇောဆန္ဒ (Will to Power) စာအုပ်" ထဲတွင် ဖော်ပြသတိပေးခဲ့သည်။

အမှန်စင်စစ် ကဲကီးဂါးဒ်နှင့် နီရှေးတို့၏ ၁၉ ရာစုသည် အနောက်တိုင်းတွင် အကောင်းမြင်ဝါဒ (Optimism) ထွန်းကားကြီးစိုးနေသော ခေတ်အချိန်အခါ ဖြစ်သည်။ သို့ရာတွင် နီရှေးတို့သည် သူတို့နေထိုင်ရာ ကမ္ဘာလောကကြီးကို ရှုမြင်ကြရာတွင် အဆိုးမြင်ဝါဒ (Pessimism) ရှုထောင့်မှ ကြည့်ခဲ့ကြသည်။ ခေတ်သစ်လူသား၏ စိတ်ဝိညာဉ်သည် ဖျားနာနေပြီ။ ယိုင်နဲ့နေပြီ။ ချွတ်ခြုံကျပြီး ဘုန်းဘုန်းလဲတော့မတတ် ဖြစ်နေပြီဟုပင် ဆိုခဲ့ပေသည်။ ကမ္ဘာမြေပြင်ကြီး တခုလုံးပင် မကြာခင်မှာ တွန့်လိမ်ကောက်ကွေး ရွဲ့စောင်းသွားပြီး ရှုမြင်လို့ မရဲလောက်အောင် ပုံပျက်ပန်းပျက်ကြီး ဖြစ်သွားလိမ့်မည်ဟူ၍လည်း တင်စား၍ ပြောခဲ့လေသည်။

၁၉ ရာစုကို အနောက်တိုင်း၏ အသိပညာ နိုးထပွင့်လင်းသောခေတ်ဟု သတ်မှတ်ကြပါသည်။ ထိုခေတ်တွင် သဘာဝသိပ္ပံပညာသည် တဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ လူသားများ၏ နေ့စဉ်ဘဝဖြစ်ရပ်အသီးသီးတွင် သိပ္ပံပညာနှင့် စက်မှုပညာတို့က ထုတ်လုပ်ပေးလိုက်သော အရာဝတ္ထု ပစ္စည်းများက နေရာယူ တွင်ကျယ်လာသည်။ သိပ္ပံပညာနှင့်ကင်းသော လူ့ဘဝ၊ လူ့အဖြစ်ဟူသည် မရှိသလောက် ဖြစ်လာခဲ့သည်။ ထို့ကြောင့်လည်း လူသားတို့သည် သိပ္ပံပညာ၏ စွမ်းအားကို အတိုင်းအဆမရှိ ယုံကြည်ကိုးစားခဲ့ကြသည်။ ကိုးကွယ်ခဲ့ကြသည်ဟုပင် ဆိုနိုင်ပေသည်။ ဤသို့ဖြင့် လူသားတို့သည် သိပ္ပံပညာ၏ အကျိုးပြုအားသာချက်၊ ကောင်းကွက်များကိုသာ ရွေး၍ မြင်ခဲ့ကြသည်။ သိပ္ပံပညာ၏ အကျိုးယုတ်စေသည့် အားနည်းချက်၊ ဆိုးကွက်များကိုမူ သတိမထားခဲ့ကြ၊ မှန်းဆ၍ မရဲလောက်အောင် အဖျက်စွမ်းအင်ရှိကြသော သိပ္ပံလက်နက်

ခဲယမ်းမီးကျောက်များ၊ ဤလက်နက်များကို အသုံးပြုသည့် စစ်ပွဲကြီးများ၊ စစ်သုံ့ပန်းနှိပ်စက်ရေး စခန်းကြီးများ၊ လူသားတို့၏ စိတ်ဓာတ်သိမ်ငယ်သွားမှုများကိုမူ မတွေးမိခဲ့ကြပေ။ ထိုအခြေအနေဆိုး၊ အဖြစ်ဆိုးကြီးများကို နိရှေးက ကြိုတင်မြင်ခဲ့ပြီး လူသားတို့အား သတိပေးခဲ့ခြင်း ဖြစ်ပေသည်။

ထို့ပြင် နိရှေးက လူသားတွေ၏ အဆိုးဆုံး အဝိဇ္ဇာအမှောင်တိုက်ကြီးမှာ စက်မှုသိပ္ပံပညာ တိုးတက်လာမှုနှင့် ဆင်ခြင်ခြင်း အဓိကဝါဒ ထွန်းကားလာမှုတို့ကြောင့် လူသားများ ကိုးကွယ်အားထားရာ "ထာဝရဘုရား သေဆုံးသွားပြီ" ဟူသည်ကို သဘောပေါက် နားမလည်နိုင်ကြခြင်းပင် ဖြစ်သည်။ ခေတ်သစ်လူသား၏ အတွင်းအဖွဲ့တွင် စိတ်သဏ္ဍာန်တွင် ထာဝရဘုရား မရှိတော့ခြင်းကို မရိပ်မိ၊ မသိရှိကြခြင်းပင် ဖြစ်သည်။ ဤသဘောကို လူအများနားလည်လာအောင် နိရှေးက အမျိုးမျိုးရှင်းပြခဲ့လေသည်။

ဤလောကတွင် ထာဝရဘုရားဟူသည် မရှိတော့ကြောင်းကို သူ၏ "ပေါ့ပျက်ပျက်သိပ္ပံပညာ" (The Gay Science) တွင် အောက်ပါအတိုင်း ပုံဆောင်ကာ တင်ပြခဲ့သည်။

သာယာသော နံနက်ခင်းတခုတွင် အရူးတယောက်သည် မီးထွန်းထားသည့် မီးအိမ်တလုံးကို ကိုင်မြှောက်ပြီး လူစည်ကားရာ ဈေးထဲသို့ ဝင်လာသည်။ "ထာဝရဘုရား ဘယ်မှာပါလဲ၊ သူ့ကို ကျွန်တော် လိုက်ရှာနေတာပါ" ဟူ၍လည်း သူ့ပါးစပ်က အဆက်မပြတ် ဟစ်အော်လေ၏။ ထိုအချိန်တွင် ဈေးထဲ၌ ထာဝရဘုရားကို မယုံကြည်သူများ အများအပြား ရှိနေကြသည်။ သူတို့က အရူးကို တယောက်တပေါက် ပြောဆိုပြီး လှောင်ပြောင်သရော်ကြသည်။ နောက်ဆုံးတွင် အရူးက "ဩော်… ထာဝရဘုရားကို ကျုပ်တို့တတွေ သတ်ပစ်လိုက် ကြတာကိုး" ဟု မှတ်ချက်ချလိုက်သည်။ ထို့နောက် အရူးက ဆက်လက်၍ ပြောပြန်သည်။ "ပင်လယ်သမုဒ္ဒရာထဲက ရေတွေကို ဘယ်လိုကုန်အောင် သောက်ကြမှာလဲ။ ကောင်းကင်ပြင် မိုးကုပ်စက်ဝိုင်းကြီး ပြောင်လက်သွားအောင် ဘယ်သူ သုတ်ပစ်မှာလဲ။ ကျုပ်တို့ ကမ္ဘာမြေကြီးကရော ဘယ်ကို ဦးတည်သွားနေသလဲ။ မဟူရာ အမှောင်တိုက်ကြီးထဲဆီကိုလား၊ ဘယ်ကိုလဲ၊ ကျုပ်တို့ လူသားဆိုတဲ့ ကောင်တွေကရော ဘယ်ပုံဘယ်နည်း စခန်းသွားနေကြတာလဲ၊ အာကာသ ဟင်းလင်းပြင်ကြီးထဲ ခရီးသွားရတဲ့အဖြစ်မျိုးနဲ့ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် သွားနေကြရတာလား။ လကွယ်ည သန်းခေါင်ချိန်မှာ ရောက်နေရသလို စမ်းတဝါးဝါး ဖြစ်နေကြတာလား။ ဒါမှမဟုတ် မိုးစင်စင်လင်းချိန်ကျမှ မီးခွက်ထထွန်းတဲ့ အဖြစ်မျိုးနဲ့ ရင်ဆိုင်နေရတာလား။ ဘယ်လိုလဲ။ တကယ်တော့ ကျုပ်တို့အားလုံးဟာ ထာဝရဘုရားကို ကိစ္စတုံးလုပ်လိုက်ကြတဲ့ လူသတ်သမားတွေပဲ။ ကဲ … အခုလောကမှာ အစင်ကြယ်ဆုံးဆိုတဲ့၊ မေတ္တာတရား အပြည့်ဆုံးဆိုတဲ့ လူသားတွေကို ကယ်တင်နိုင်တယ်ဆိုတဲ့ ထာဝရဘုရားဆိုတာ မရှိတော့ဘူး။ သူ့နေရာကို ဘယ်သူက ဘယ်ပုံဘယ်နည်းနဲ့ အစားဝင်ကြမှာလဲ။ အင်းလေ … နောက်ဆုံးတော့ ကျုပ်ဟာ အချိန်မတိုင်မီ ရောက်လာတဲ့သူပါပဲ" ဟု အော်ဟစ်မြည်တမ်းကာ သူ့မီးအိမ်ကိုလည်း ပေါက်ခွဲပစ်လိုက်လေသည်။

နိရှေးက သူ၏ဒဿနကို တင်ပြရာ၌ ဤသို့သော ပုံဆောင်တင်စားချက်များ၊ နိမိတ်ပုံများဖြင့် ကဗျာဆန်ဆန် ရေးလေ့ရှိ၏။ အထက်ပါ ပုံဆောင်တင်ပြချက်တွင် နိရှေးက ထာဝရဘုရား သေဆုံးသွားပြီ ဖြစ်သည်။ ဤသို့ဆိုလျှင် ထာဝရဘုရားကို ဗဟိုပြု၍ လက်ခံလိုက်နာခဲ့ကြသော မှန်ခြင်း၊ မှားခြင်း၊ ကောင်းခြင်း၊ ဆိုးခြင်း စသည့် တန်ဖိုးများသည်လည်း မရှိတော့ပြီ။ ဤသို့ဆိုလျှင် မည်သည့်တန်ဖိုး နှုန်းစံများနှင့် မည်ကဲ့သို့ ဆက်ပြီး စခန်းသွားကြမည်နည်း။ မှန်မှား၊ ကောင်းဆိုး တန်ဖိုးနှုန်းစံများကို အသစ်ဖန်တီးရန် ဆိုသည်မှာ လွယ်သည့်အလုပ်မဟုတ်။ အမှန်အမှား မသိဘဲ အကောင်းအဆိုး မဆုံးဖြတ်နိုင်ဘဲနှင့် လူတို့သည် ရောက်တတ်ရာရာသို့ ဦးတည်ရာမဲ့ သွားကြရတော့မှာလား။ ထာဝရဘုရားနေရာသို့ အစားဝင်မည့် လူသားတို့သည် အဓိပ္ပာယ်မဲ့အဖြစ်မျိုး ရောက်သွားလျှင် မည်သို့လုပ်ကြမည်နည်း။ ဤအဖြစ် ဤဘဝသို့ အရောက်မခံကြနှင့်ဟု နိရှေးက တင်ပြခြင်းဖြစ်ပေသည်။

အမှန်စင်စစ် နိရှေး၏ ဘုရားသခင် သေဆုံးသွားပြီဟူသော ကြွေးကြော်သံသည် အနောက်တိုင်း လူ့အဖွဲ့အစည်းကို အလွန်ထိတ် လန့်အားငယ်စေခဲ့ပေသည်။ လူ့ဘဝ ယုံကြည်မှုဆိုင်ရာ ဒုက္ခကိုလည်း ပေးအပ်ခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် အနောက်တိုင်း လူသားများအတွက် ထာဝရဘုရားအပေါ် ယုံကြည်သက်ဝင်မှုသည် သူတို့ဘဝ၏ အနှစ်သာရ ဖြစ်ပေသည်။ ဘဝ၏ အဓိပ္ပာယ်ရှိရာလည်း ဖြစ်ပေသည်။ ယခုကဲ့သို့ ထာဝရဘုရား မရှိတော့ပြီဟု ဆိုပါလျှင် မည်သည်ကို သွားအားကိုးရတော့မည်နည်း။ အတိုင်းအဆမဲ့ ကျယ်ပြောလှသည့် လောက သမုဒ်ပြင်ကျယ်ကြီးထဲတွင် လူသားသည် ရေမျောကမ်းတင် ဖြစ်သွားရလေတော့သည်။ ထာဝရဘုရား မရှိတော့သည့်အတွက် ဤလောကစကြဝဠာကြီးသည် ဘာမျှ ဖြစ်သွားသည်မဟုတ်။ လူသားများအတွက်မူ ဘဝအဓိပ္ပာယ် ပျောက်ကွယ်သွားရတော့သည်။ လူ့ဘဝလုံခြုံမှု ပျက်ပြယ်သွားရတော့သည်။ လူ့ဘဝ၏ အနာဂတ် မျှော်လင့်ချက်များသည်လည်း ကြေပြုန်းသွားရလေတော့သည်။ ထို့ကြောင့်လည်း ဂျာမန်ဒဿနဆရာကြီး ဟိုင်ဒေးဂါးက "လူသားသည် စွန့်ပစ်ခံရသည့် အားကိုးမဲ့ဘဝသို့ ဆိုက်ရောက်သွားရတော့သည်။ လူသားတို့သည် ယုံကြည်ကိုးစားစရာ နတ္ထိ။ ဖြေဆည်စရာ ဘာမျှမရှိတော့ဘဲ ဆင်းရဲဒုက္ခ ပူဆွေးသောကများကို ပြင်းထန်လှစွာဖြင့် မရှုမလှ ခံစားရပေတော့မည်" ဟု ဆိုခဲ့ပေသည်။

ဖြစ်တည်မှုဝါဒ မတိုင်မီအချိန်ကမူ အနောက်တိုင်း လူ့အဖွဲ့အစည်းတွင် ထာဝရဘုရားဟူသည် အနမိဝရ၊ အနန္တသဘောဆောင်သည်ဟု အများက ခံယူခဲ့ကြပေသည်။ မှန်မှား၊ ကောင်းဆိုးတည်းဟူသော ကိုယ်ကျင့်တရား နှုန်းစံများကို အဆုံးအဖြတ်ပေးသည့် အန္တိမ မူလအခြေခံတရားကြီး ဖြစ်သည်ဟူ၍လည်း ယူဆခဲ့ကြပေသည်။ ယခုကဲ့သို့ ထာဝရဘုရား သေဆုံးသွားသောအခါတွင် ထိုစဉ်က လက်ခံခဲ့ကြသည့် သစ္စာတရားများ၊ ကောင်းမြတ်မှုများ၊ ကိုယ်ကျင့်နီတိ နှုန်းစံများသည်လည်း ထာဝရဘုရားနှင့်အတူ မြေမြှုပ်သင်္ဂြိုဟ်ပြီးသား ဖြစ်သွားပေတော့သည်။ ဤသို့သော အခြေအနေ အဆိုးကြီးတွင် လူသားတို့သည် လူပီပီသသ (ဝါ) လူစစ်စစ်ဖြစ်အောင် မည်ကဲ့သို့ ကျင့်ကြံနေထိုင်ရမည်ကို

မိမိတို့ဘာသာမိမိ၊ မိမိတို့ကိုယ်ပိုင်ဘဝထဲမှ သင်ယူကျင့်ကြံကြရမည်ဟု ဖြစ်တည်မှုဝါဒီတို့က တင်ပြကြခြင်း ဖြစ်ပေသည်။

ရုရှားစာရေးဆရာကြီး ဒေါ်စ်တိုယက်စကီး (Dostoevsky) က "ထာဝရဘုရားသာ မရှိတော့ဘူးဆိုရင် ဒီလောကမှာ အရာရာဖြစ်လာနိုင်စရာ ရှိတယ်။ ဖြစ်ချင်တာ ဖြစ်နေမယ့် ကမ္ဘာကြီးလည်း ပေါ်လာလိမ့်မယ်" ဟု ပြောခဲ့သည်။

ထိုသဘောအတိုင်းပင် နီရှေးက "ဒီလောကမှာ အထက်အောက်၊ ဘယ်ညာဆိုတာ ရှိတော့မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ လူသားတွေက အကန့်အသတ် မရှိတော့တဲ့ နတ္ထိအဖြစ်ထဲမှာ နေထိုင်သွားရမည့် အတွက်ကြောင့် ဖြစ်တယ်။ တိတိပပ အားထားစရာ နှုန်းစံမရှိရင်တော့ ဒီလောကမှာ ဘာမှန်တယ်၊ ဘာမှားတယ်၊ ဘယ်ဟာက ကောင်းတယ်၊ ဘယ်ဟာက ဆိုးတယ်လို့ ဘယ်လိုမှ သတ်မှတ်ပြောဆိုလို့ ရမှာမဟုတ်တော့ဘူး။ ဒီလိုနဲ့ လူတွေဟာ ကိုယ်ထင်တာသာ အမှန်၊ ကိုယ်ဆန္ဒရှိတာသာ အကောင်းဆုံးလို့ ခံယူလာကြပြီး ကိုယ်ဖြစ်ချင်တာပြော၊ ကိုယ်လုပ်ချင်တာလုပ်ဆိုတဲ့ အခြေအနေဆိုးကို ဆိုက်ရောက်သွားလိမ့်မယ်။ အဲဒီလိုသာ ဖြစ်သွားရင် လူသားတွေအတွက် တရားမျှတမှုဆိုတာ ရှိတော့မှာမဟုတ်ဘူး။ သစ္စာတရားဆိုတာလည်း ပျောက်သွားလိမ့်မယ်။

အင်အားရှိတာသာ အမှန် (Might is Right) ဆိုတဲ့ ကမ္ဘာလောကကြီး ဖြစ်သွားလိမ့်မယ်။ လူတွေအတွက် မျှော်လင့်ချက် လုံးဝမရှိတော့တဲ့ အခြေအနေဆိုးကြီး ဖြစ်လာလိမ့်မယ်" ဟု သတိပေးခဲ့ပေသည်။ "ဇာရသုစတြ၏ မိန့်ကြားချက်" (Thus Suake Zarathustra) ဟူသော နီရှေး၏ စာအုပ်ထဲတွင်လည်း သူတော်စင် ဇာရသုစတြက "ထာဝရဘုရား ကွယ်လွန်သွားပြီ" ဟု ကြွေးကြော်ခဲ့သည်။ လူသားကို ကယ်တင်နိုင်သူမှာ လူသာဖြစ်သည်။ အခြား ဘာမျှမရှိပြီ။ ယင်းအခြေအနေသည် တကယ့် အစစ်အမှန် ဖြစ်သည်။ ယနေ့ လူသားတို့ မျက်မှောက်ပြု ရင်ဆိုင်နေရသည့် အဖြစ်မှန်လည်း ဖြစ်သည်။ ယင်းအဖြစ်မှန် ပကတိအရှိတရားကို လူသားတို့သည် ရဲရဲကြီး ရင်ဆိုင်ကြရမည်။ ဖုံးကွယ်လိမ်လည်ကြရန် မကြိုးစားကြနှင့်။ တကယ်လုပ်ရမည်မှာ ထာဝရဘုရားရှိစဉ်က လက်ခံခဲ့ကြသည့် တန်ဖိုးဟောင်းများ၊ စံနှုန်းဟောင်းများကို ချွတ်ခွာပြီး တန်ဖိုးသစ်၊ နှုန်းစံသစ်များကို လူသားများကိုယ်တိုင် တည်ဆောက်ယူကြရန် ဖြစ်သည်။

သို့ရာတွင် လူအများစုမှာ ပကတိအခြေအနေကို ရင်ဆိုင်ကြရမှာ ကြောက်ရွံ့နေကြသည်။ အားကိုးရာရှာပြီး ရင်ဆိုင်ချင်ကြသည်။ "လူ" ဟူသော ဂုဏ်သိက္ခာကို မထောက်ချင်ကြ။ ကိုယ့်ကိုယ်ကို အားမကိုးချင်ကြ။ ထာဝရဘုရားကို အားကိုး၍ မရတော့သည့်အဖြစ်၊ ကိုယ့်တန်ဖိုးကို ကိုယ်တည်ဆောက် ယူရတော့မည့် အဖြစ်တို့ကို ရဲရဲဝံ့ဝံ့ ရင်မဆိုင်ချင်ကြ။ သတ္တိရှိရှိ မဖန်တီးချင်ကြ။ ထို့ကြောင့်လည်း နီရှေးက "ဇာရသုစတြ၏ မိန့်ကြားချက်သည် လူအားလုံးအတွက်လည်း ဖြစ်သည်။ မည်သူ့အတွက်မှလည်း မဟုတ်" ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ဇာရသုစတြ၏ မိန့်ကြားချက်ကို လူအားလုံး လိုအပ်သည်မှာ အမှန်ဖြစ်သည်။ သို့သော် ယင်းမိန့်ကြားချက်ကို လက်ခံနိုင်ရန် မည်သူမျှ အဆင်သင့်မဖြစ်ကြသေးဟု နီရှေးက မှတ်ချက်ချခဲ့သည်။

အမှန်စင်စစ် ထာဝရဘုရား မရှိတော့ပြီဟု နီရှေးဆိုခဲ့ခြင်းမှာ လူသားအား မိမိကိုယ်ကိုမိမိ အားကိုးကြရန် တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။ လူပုဂ္ဂိုလ် တဦးချင်းစီတွင် ကိုယ့်ကြမ္မာကိုယ် ဖန်တီးရမည့် လူ့တာဝန်ရှိသည်။ မိမိတန်ဖိုးကို မိမိဖန်တီးနိုင်ရမည်။ ဤလောကရှိ တန်ဖိုးဆုံးဖြတ်ချက် မှန်သမျှသည် လူသားများ ရှိနေကြသောကြောင့်သာ ပေါ်လာရခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့လူသားများတွင် လူ့ဘဝ၊ လူ့လောကအတွက် တန်ဖိုးများ၊ နှုန်းစံများ တည်ဆောက်ကြရန်နှင့် ယင်းတန်ဖိုးနှုန်းစံတို့ကို ပို၍ပို၍ မြင့်မြတ်အောင် ဖန်တီးကြရန် တာဝန်ရှိသည်ဟုဆိုကာ နီရှေးသည် လူ့ဂုဏ်သိက္ခာ မြှင့်တင်ရေးအတွက် ဆော်ဩပေးခဲ့ပေသည်။

## ၄။ လူမျက်နှာပျောက်သွားသော လူသား။

အနောက်တိုင်း လူ့အဖွဲ့အစည်းတွင် သိပ္ပံပညာနှင့် စက်မှုအတတ်ပညာတို့ကို တိုးတက်ထွန်းကားလာသည်နှင့် အမျှ လူသားတို့၏ ရုပ်ပိုင်းဘဝ အခြေအနေတို့မှာလည်း ပို၍ တိုးတက်လာသည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် လူသားတို့၏ စိတ်ပိုင်းဘဝ အခြေအနေမှာမူ ဖွံ့ဖြိုးခြင်းမရှိခဲ့ပေ။ ပို၍ပင် ချွတ်ခြုံကျသွားခဲ့သည်ဟုပင် ဆိုနိုင်ပေသည်။ ရုပ်ပိုင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းအောင်မြင်နိုင်ခဲ့ကြသော်လည်း စိတ်ပိုင်းဘဝ ပြဿနာများမှာမူ တဖြည်းဖြည်း ပို၍ ရှုပ်ထွေးလာခဲ့သည်။ ထို့ပြင် ထာဝရဘုရားကို ဗဟိုပြုထားသည့် ဘာသာရေး ယုံကြည်မှုဆိုင်ရာ အားကိုးအားထားမှာလည်း တစစီ ပြိုလဲခဲ့ပေသည်။ လူ့ဘဝတွင် မည်သည့်အရာကို နှုန်းစံထားပြီး တန်ဖိုးဖြတ်ရမည်ကိုလည်း နားမလည်နိုင်ခဲ့ကြ၊ လူ့ဘဝရည်မှန်းချက် အဓိပ္ပာယ်သည်လည်း ပျောက်ကွယ်ခဲ့ရသည်။ ဤသို့ဖြင့် အနောက်တိုင်း လူ့ယဉ်ကျေးမှုသည် ယိုယွင်းခဲ့ရပေသည်။ လူ့ဘဝဟူသည် စိတ်ပျက်စရာကြီးပါလား။ ဘာမျှ ယုတ္တိမရှိပါလား။ အဓိပ္ပာယ်မဲ့လှပါလားဟု မှတ်ယူလာကြပြီး အားငယ် လာကြသည်။ ကိုယ့်ကိုယ်ကို ပြန်ပြီး သိမ်ငယ်သွားကြပေသည်။

ဖြစ်တည်မှုဝါဒီတို့က ဤသို့ စိတ်ပျက်အားငယ်စရာ မျှော်လင့်ရာမဲ့ဖြစ်နေသော လူ့ဘဝကို ရုပ်ဝတ္ထု ပစ္စည်းတခု ဖြစ်သည့် သစ်တုံးတတုံးလို ဖြစ်ချင်ရာဖြစ်ချေတော့ဟု သဘောထားပြီး ပေယျာလကန် မလုပ်ကြနှင့်။ ဖြစ်တည် လာတဲ့ လူ့လဝမှာ သိက္ခာရှိရှိ၊ တန်ဖိုးမြင့်မြင့်နှင့် နေထိုင်တတ်ရမည်ဟု ခံယူကြပေသည်။ လူသားတို့အတွက် အရံသင့် ပြုလုပ်ဖန်တီးပေးထားသော ပြီးပြည့်စုံလှပါသည်ဟု ဆိုကြသည့် တန်ဖိုးသတ်မှတ်ချက် နှုန်းစံများ ပျောက်ကွယ်သွားသော်လည်း ဘာမှ စိတ်ပျက်အားငယ်စရာ မလိုပေ။ လူဟူသည် မိမိဘဝတန်ဖိုးကို မိမိကိုယ်တိုင် ဖန်တီးရယူနိုင်သူ ဖြစ်သည်။ ပုဂ္ဂလိက လိုအပ်ချက်အရ ကိုယ်ပိုင်တန်ဖိုးများ၊ ကိုယ်ရည် ကိုယ်သွေးများကို မိမိဘဝအတွက် မိမိဘာသာ တည်ဆောက်ယူနိုင်ရမည်။ သို့မှသာ လူ့ဘဝသည် စစ်မှန်ပေမည်။ ဤသို့မဟုတ်ဘဲ အရံသင့် အဆင်သင့် ဖန်တီးပေးထားသော တန်ဖိုးသတ်မှတ်ချက်များအတိုင်း လိုက်လုပ် နေရမည်ဆိုပါက လူ့ဘဝသည် မည်သည့်တန်ဖိုးမျှ ရှိတော့မည်မဟုတ်။ မည်သို့မျှလည်း စစ်မှန်သောလူ့ဘဝကို ရရှိနိုင်မည် မဟုတ်ဟူ၍ ဆိုကြပေသည်။

ထို့ပြင် ဖြစ်တည်မှုဝါဒီတို့အလိုအရ ယနေ့မျက်မှောက်ခေတ် လူသား၏ဘဝသည် သိပ္ပံစက်မှုနည်းပညာ ပစ္စည်းများကြားထဲတွင် နစ်မြုပ်သွားရသော စိတ်ပျက်ငြီးငွေ့စရာဘဝ ဖြစ်ပေသည်။ အကွက်စေ့စေ့ သတ်မှတ်ပြဋ္ဌာန်း ချမှတ်ထားသည့် ကျင့်ဝတ္တရား၊ ဥပဒေများ၊ ထုံတမ်းဓလေ့ အစဉ်အလာများက ညှပ်ပူးညှပ်ပိတ် ဝိုင်းထားခံနေရသော ထွက်ပေါက်မရှိသည့် သနားစရာဘဝ ဖြစ်သည်။ လူဆိုသည်မှာလည်း ယေဘုယျ နိယာမတရားတွေ၊ စနစ်တွေကို ရှေ့တန်းတင် ဦးစားပေးနေသော လူ့အဖွဲ့အစည်းအတွင်း ပုဂ္ဂလိဘဝ ပျောက်သွားသဖြင့် ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်ပျက်နေရှာသည့် သတ္တဝါဖြစ်သည်။ လူတို့တီထွင်ဖန်တီးထားသည့် သိပ္ပံပညာအမျိုးမျိုးကြောင့်

လူပုဂ္ဂိုလ်စင်စစ်မှ စွာန်လွှော်ကျသွားပြီး ရုပ်ဝတ္ထုပစ္စည်းအဖြစ် ရောက်သွားသည်။ အပြုခံ၊ အထုအထောင်းခံသတ္တဝါ ဖြစ်သွားတော့သည်။ တိုးတက်ပါသည်ဟူသော စက်မှုသိပ္ပံကမ္ဘာကြီးထဲမှာ ကိုးကွယ်ရာ ထာဝရဘုရားပျောက်ကွယ်၊ မိခင်သဘာဝတရားကြီးနှင့်လည်း တဖြည်းဖြည်း ကင်းကွာလာသော အထီးကျန် သတ္တဝါဖြစ်သည်။ ဤသို့ လူ့ဂုဏ်သိက္ခာနှင့် လူဖြစ်တည်မှု ပျောက်ကွယ်သွားရသည့်အဖြစ်ကို ဖြစ်တည်မှုဝါဒီတို့က မလိုလားကြ၊ မွန်မြတ်လှသည့် လူ့ဘဝဖြစ်တည်မှုကို ပျက်စီးစေမည့် အခြေအနေ၊ အခြင်းအရာမှန်သမျှကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ခိုက်ရမည်ဟု သူတို့က ခံယူကြပေသည်။

ဖြစ်တည်မှုဝါဒီတို့သည် ပုဂ္ဂလိကလူသားနှင့် လူ့အဖွဲ့အစည်းတို့ နားလည်မှုပျောက်ပြီး ကင်းကွာသွားသည့် ပြဿနာ (ဝါ) လူနှင့် လူ့အဖွဲ့အစည်းတို့ တခုနှင့်တခု သူစိမ်းပြင်ပြင် ဖြစ်နေသည့်ပြဿနာကို အထူးအရေးထား လေ့လာတင်ပြခဲ့ကြသည်။ သူတို့အလိုအရ ယနေ့လူ့အဖွဲ့အစည်းတွင် လူသားတို့၏ ရှိရှိသမျှသော ကာယစွမ်းအား၊ ဉာဏစွမ်းအားတို့သည် ရိုင်းစိုင်းရက်စက်လှသည့် အင်အားစုကြီးအဖြစ်သို့ ရောက်သွားပြီ ဖြစ်သည်။ လူသား၏ ကောင်းမြတ်လှသည့် ဂုဏ်သိက္ခာ လက္ခဏာများကို ချေမှုန်းဖျက်ဆီးပစ်မည့် စက်မှုနည်းပညာ စွမ်းအားစုကြီးတွေ၊ စီးပွားရေးအင်အားစုကြီးတွေ၊ နိုင်ငံရေးနှင့် စစ်ရေးအင်အားစုကြီးတွေ ဖြစ်သွားကြပြီ။ သိပ္ပံပညာ အမျိုးမျိုးကြောင့် လူ့နှလုံးနှင့် အသိတရားတွင် ထာဝရဘုရား ကွယ်ပသွားပြီ ဖြစ်၏။ ထို့ပြင် လူ့အဖွဲ့အစည်းတွင် ဘယ်တုန်းကမှ မကြားခဲ့ဘူးသည့် ရုပ်ဝတ္ထုကုန်ပစ္စည်းထုတ်လုပ်မှုမှာ အစုလိုက် အပြုံလိုက် ထွက်လာသည်။ ဤသို့သော ထုတ်လုပ်မှုကို လူသားများက တန်ဖိုးထားကြသည်။ ပုဂ္ဂလလူသားထက် ကုန်ပစ္စည်းထုတ်လုပ်နိုင်မှု လုပ်အားကို တန်ဖိုးထားကြသည်။ လူကို သူ့လုပ်အားနှင့် တန်ဖိုးဖြတ်ကြသည်။ ကုန်ပစ္စည်း ထုတ်လုပ်မှုစွမ်းအားဖြင့် ဆုံးဖြတ်ကြ၊ နေရာပေးကြသည်။ ဤသို့ ပုဂ္ဂလိကလူသားကို ရုပ်ဝတ္ထု ပစ္စည်းတရုပ်သဖွယ် တန်ဖိုးဖြတ်ကြလေတော့သည်။ လူကို လူလိုမမြင်နိုင်ကြတော့ဘဲ ဝတ္ထုပစ္စည်း တခုအဖြစ် သဘောထား လာကြတော့သည်။ သိပ္ပံပညာသည် လူသားကို လူစင်စစ်မှ ထုတ်ကုန်ပစ္စည်းတခုအဖြစ် ရောက်စေ ခဲ့သည်။ လူ့ဂုဏ်သိက္ခာ လက္ခဏာပျောက်စေပြီး ရုပ်ဝတ္ထုပစ္စည်းတရုပ် ဖြစ်စေခဲ့သည်။ ထို့ကြောင့်လည်း လူသားတို့သည် ပုဂ္ဂလိကလူ့ဘဝတွင် စစ်စစ်မှန်မှန် မရှင်သန်နိုင်ကြတော့ဘဲ လူမျက်နှာမရှိတော့သည့် လူသား (ဝါ) လူမျက်နှာပျောက်သွားသည့် လူသား (Faceless man) ဖြစ်သွားကြတော့သည်။ ဤအဖြစ် ဤအခြေအနေတို့ကို ဖြစ်တည်မှုဝါဒီတို့က လုံးဝမလိုလားကြ၊ ရုပ်ဝတ္ထုပစ္စည်းအဖြစ် စွာန်လွှော်ကျနေသည့် အခြေအနေဆိုးမှ ရုန်းထွက်ပြီး စစ်မှန်မြင့်မြတ်သော၊ လူ့ဂုဏ်သိက္ခာ အပြည့်ရှိသော၊ လူပီသသောဘဝသို့ လှမ်းတက်နိုင်ကြရန် သူတို့က အားထုတ်တင်ပြကြခြင်း ဖြစ်ပေသည်။

## ၅။ ကဲကီးဂါးဒ်(သို့မဟုတ်) ဖြစ်တည်မှု လမ်းထွင်သူ။

၁၈၄၃ ခုနှစ်၊ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တော်၏ လမ်းမများပေါ်တွင် "တခုခု" (Either/Or) ဟူ၍ လူငယ်များ ဟစ်အော်လေ့ရှိသည်။ လှောင်ပြောင်သရော်ခြင်း သဘောဖြင့် အော်ကြခြင်း ဖြစ်ပေသည်။ "တစ်ခုခု" ဟူသည် ဒိန်းမတ်ဒဿန စာရေးဆရာကြီး ဆိုရန်ကဲကီးဂါးဒ် ၁၈၄၃ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော စာအုပ်အမည် ဖြစ်ပေသည်။

ထိုအချိန်က ကိုပင်ဟေဂင် သတင်းစာကြီး တစောင်ဖြစ်သော "တိုက်သင်္ဘော" (The Corsair) တွင်လည်း ကဲကီးဂါးဒ်ကို အပြင်းအထန် ရှုတ်ချသရော်ထားသော ဆောင်းပါးများ၊ စာတမ်းများ အဆက်မပြတ် ပါဝင်ခဲ့သည်။ ထို့ပြင် သူ့ကို ရည်ညွှန်း၍ လှောင်ပြောင်ထားသည့် ကာတွန်းများကိုလည်း ဆက်တိုက်ထည့်သွင်း ဖော်ပြခဲ့သည်။ "ခါးကုန်းလွန်းလှ၍ ဦးခေါင်းမြေစိုက် ဖြစ်နေသည့် တရားသူကြီး ဆိုသူ၏ပုံ၊ ခြေထောက်နှစ်ချောင်းစလုံး ခွင်ပြီး သိမ်နေသော်လည်း ကြယ်တာရာတို့ကို တမော့တမော့ ကြည့်နေသူ၏ပုံ၊ အဿထိုရ် သိန္ဓောမြင်းကောင်းကြီး စီးထားသည့် ပုံပန်းအချိုးမကျလှသည့် ဂျော်ကီ၏ပုံ၊ ပရမ်းပတာ ဖြစ်နေသည့် စကြဝဠာကြီး အလယ်တွင် ယိုင်တိယိုင်တိုင် လူပ်လီလူပ်လဲ့ ဖြစ်နေသည့် မှုန်ဝါးဝါး လူရိပ်ပုံ" စသည်ဖြင့် ကာတွန်းပုံများ ဆွဲ၍ ကဲကီးဂါးဒ်ကို ခွတီးခွကျလှသူ၊ အောက်ခြေ လွတ်သွားသည့်သူ၊ အမှန်တရားကို ရှာရင်း အမှန်တရား ပျောက်သွားသည့် လူအဖြစ် သရော်ခဲ့ကြသည်။ ကဲကီးဂါးဒ်အကြောင်း ရယ်စရာ ဟာသဝတ္ထုများကိုလည်း လှိုင်လှိုင်ကြီး ဖော်ပြခဲ့ပေသည်။ ကဲကီးဂါးဒ်ဘက်မှ မည်သူမျှ မရပ်ခဲ့ပေ။ "ယုတ်မာရက်စက်၊ အညာတာ ကင်းမဲ့လှသည့် စာပေလုပ်ကြံမှုကြီး ဖြစ်ပါပေတယ်" ဟူ၍သာ ကဲကီးဂါးဒ်က တကိုယ်တော် တုံ့ပြန် ပြောဆိုခဲ့ပေသည်။

သို့ရာတွင် ၁၈၅၅ ခုနှစ်၊ ကဲကီးဂါးဒ် ကွယ်လွန်ပြီး ခြောက်ရက်အကြာတွင်မှ ယင်း တိုက်သင်္ဘောသတင်းစာ၏ အယ်ဒီတာဖြစ်သူ ဂိုးရှမစ်ဒ် (Goldschmidt) က ကဲကီးဂါးဒ်သည် ဒိန်းမတ်နိုင်ငံတော်၏ အထက်မြက် အကြီးကျယ်ဆုံးသော စာရေးဆရာကြီး ဖြစ်ပေသည်ဟု ရေးသား ဂုဏ်ပြုခဲ့ပေသည်။

လူ့သမိုင်းတလျှောက်တွင် လူသား၏ ပုဂ္ဂလဘဝကို မြှင့်တင်ခဲ့ကြသည့် စာရေးဆရာကြီးများ၊ တွေးခေါ်ပညာရှင်ကြီးများ အစဉ်အဆက် ရှိခဲ့ကြပါသည်။ သို့ရာတွင် အစဉ်အလာ အရိုးစွဲလာခဲ့ကြသည့် ဘာသာရေး အစွဲများ၊ ထုံးဓလေ့ အယူများ၊ အတွေးအမြင် ခံယူချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပြီး ရဲရဲတင်းတင်း ဆန့်ကျင်ကာ လူသား၏ ပုဂ္ဂလိကဘဝ ဖြစ်တည်မှုကို သတ္တိရှိရှိ ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပေးခဲ့သူ ကဲကီးဂါးဒ်ကဲ့သို့သော စာရေးဆရာမျိုး၊ တွေးခေါ်ရှင်မျိုးကမူ အတော်ပင် ရှားပါးလှပါသည်။

ဒဿနပညာအရ ကဲကီးဂါးဒ်သည် ဂျာမန်နာမ်ဝါဒီ တွေးခေါ်ရှင်ကြီး ဟေဂယ် (Hegel 1770-1831) ၏ ကြီးကျယ်ခမ်းနား ထည်ဝါလှသည့် ရုပ်လွန်တက္ကက ဒဿနစနစ်ကြီးကို အပြင်းအထန် ဆန့်ကျင်ခဲ့သူ ဖြစ်သည်။ ဟေဂယ် အလိုအရ

အစစ်အမှန် တရားဟူသည် ရုပ်သဘောနှင့် ဘာမျှမဆိုင်။ နာမ်သဘော သက်သက်သာ ဖြစ်သည်။ ဤကမ္ဘာလောကကြီး ဟူသည်မှာလည်း ယင်းအစစ်အမှန် နာမ်တရားကြီးဖြစ်သော အနန္တဝိညာဉ်တော်ကြီး (Absolute Idea) ဝင်စားကိန်းဝပ်ပြီး တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာရာ ဖြစ်စဉ်ကြီး ဖြစ်သည်။ ယင်းဖြစ်စဉ်သည် လူသားတို့၏ ထိန်းချုပ်မှုနှင့် လုံးဝမသက်ဆိုင်ပေ။ လူသားတို့နှင့် လုံးဝ ကင်းလွတ်နေသည့် နိယာမတရားအတိုင်း ဖြစ်ပေါ် တိုးတက်လျက်ရှိသည်ဟု ဟေဂယ်က ယုံကြည်ပေသည်။

ဟေဂယ် ဆိုလိုသည်မှာ လူသားတို့၏ အနန္တ ဝိညာဉ်တော်တည်းဟူသော အစစ်အမှန် တရားကြီး၏ လက်အောက်ခံများ၊ ပြဒါန်းခံများသာ ဖြစ်ကြသည်။ ထို့ကြောင့် ယင်းအစစ်အမှန် တရားတို့၏ တိုးတက်မှုဖြစ်စဉ်တွင် လူသား၏ အခန်းကဏ္ဍသည် မည်သည့်နေရာကမျှ ပါဝင်ခြင်း မရှိပေ။ ကမ္ဘာလောကကြီး၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုများအတွက်လည်း လူသားသည် ဘာမျှ ဆောင်ကြဉ်းမပေးနိုင်၊ ပြုလုပ်မပေးနိုင်ဟု ဟေဂယ်က ပြောခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဤလောက၏ အမွန်မြတ်ဆုံး တန်ဖိုးမှာ ယင်းအနန္တ ဝိညာဉ်တော်ကြီး၏ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်အတွင်း၌သာ တည်ရှိသည်။ လူသားဟူသည်မှာ ဤဖြစ်စဉ်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖြည့်ခံ သက်သက်မျှသာ ဖြစ်သည်။ ဤလောကကြီးအတွင်း ဒြပ်မဲ့နာမ် အင်အားစုကြီး (ဝါ) အနန္တ ဝိညာဉ်တော်ကြီးက ပြဋ္ဌာန်း သတ်မှတ်ထားပြီး ဖြစ်သော ရည်မှန်းချက် ပန်းတိုင်ကို ရောက်ရှိရေးအတွက် နည်းလမ်းများ၊ အသုံးချခံများသာ ဖြစ်ပေသည်။ လူသားတို့ ခံစားနေကြရသော ဒုက္ခဆင်းရဲခြင်းများ၊ သုခဆင်းရဲခြင်းများ တို့သည် ယင်းအနန္တ ဝိညာဉ်တော်ကြီး၏ ဆုံးဖြတ်ချက် အလိုတော်အတိုင်းသာ ဖြစ်သည်။ အနန္တ ဝိညာဉ်တော် အစစ်အမှန် တရားကြီးသည် နောက်ဆုံး အန္တိမပန်းတိုင်သို့ အောင်အောင်မြင်မြင် ရောက်ရှိသွားသောအခါတွင် ဤကမ္ဘာလောကထဲရှိ ဆင်းရဲဒုက္ခဝေဒနာများ၊ အနိဋ္ဌာရုံများသည် အားလုံးကင်းစင် ပပျောက်သွားပေလိမ့်မည်ဟု ဟေဂယ်က မိန့်ဆိုခဲ့လေသည်။

ဟေဂယ်၏ ရုပ်လွန်တက္ကိက ဒဿနစနစ်ကြီးကို ကဲကီးဂါးဒ်သည် မည်သို့မျှ သဘောမတွေ့နိုင်ခဲ့ပေ။ ဟေဂယ်၏ အနန္တ ဝိညာဉ်တော်ဟူသည် ပုဂ္ဂလိကသဘော လုံးဝမပါသည့် ယေဘုယျ သဘောကြီးသာ ဖြစ်သည်။ ထို့ကြောင့် ယင်းအနန္တ ဝိညာဉ်တော်ကြီး မဏ္ဍိုင်တည်ရာ ဤလောကကြီးတွင် ပုဂ္ဂလ လူသား တဦးချင်းစီအတွက် ဖြေသိမ့် ကျေနပ်စရာ ဘာတကွက်မျှ မရှိဟု ကဲကီးဂါးဒ်က ဆိုခဲ့ပေသည်။

လူပုဂ္ဂိုလ် တဦးတယောက်သည် မည်မျှပင်ငယ်ငယ်၊ မည်သို့ပင်သေးသေး၊ သူ၏ ပုဂ္ဂလ ခံစားမှုသည် သူ့ဘဝအတွက်မူ စကြဝဠာကြီးတမျှ ကြီးကျယ် နိုင်ပေသည်။ ထို့ပြင် မိမိ ခံစားချက်သည် အခြားသူများ၏ ခံစားချက်လောက် အရေးမကြီး၊ အရေးမပါ ဟူ၍လည်း မည်သူမျှ ထင်မြင်ယူဆကြမည် မဟုတ်၊ လူပုဂ္ဂိုလ် တဦးတယောက်၏ ခံစားချက်ဝေဒနာကို မည်သည့် စံနှုန်းနှင့်မျှ တိုင်းတာဆုံးဖြတ်၍ ရနိုင်မည်မဟုတ်၊ ထို့ကြောင့် ဤလောကတွင် အရေးအကြီးဆုံးမှာ လူသားတို့၏ ပုဂ္ဂလ လူ့ဘဝ ဖြစ်သည်ဟု ကဲကီးဂါးဒ်က ခံယူခဲ့သည်။

လူသားတဦးစီ၏ ဘဝတာ ပြဿနာများ၊ ကိစ္စများကို အမှန်အတိုင်း ရှုမြင်ခံယူနိုင်စေရန် လမ်းညွှန် ဖြေရှင်းပေးရန်မှာ ဒဿနပညာ၏ အဓိက တာဝန်ဖြစ်သည်။ ဆင်ခြင်မှု သက်သက်အပေါ်တွင် အခြေပြုထားသည့် ဒဿန စနစ်ကြီးများကို တည်ဆောက်ရန် မဟုတ်။ ဟေဂယ်သည် အနန္တ ဝိညာဉ်တော်ကြီးကို ဗဟိုပြု၍ စကြဝဠာကြီး တခုလုံးနှင့် ပတ်သတ်သော ဒဿနစနစ်ကို တည်ဆောက်ခဲ့သော်လည်း လူပုဂ္ဂိုလ် တဦးချင်းစီ၏ ဘဝအကြောင်းကိုမူကား လုံးဝ မဖော်ပြ မရှင်းလင်းခဲ့ပေ။ ထို့ကြောင့် ဟေဂယ်၏ ဒဿနစနစ်ကြီးသည် ဘာမျှ တန်ဖိုးမရှိဟု ကဲကီးဂါးဒ်က ဝေဖန်သည်။

"ဆင်ခြင်ခြင်း သက်သက်၏ လမ်းညွှန်မှုအောက်တွင် နေထိုင်ရခြင်းမှာ ကလောင်ထိပ်ဖျား သာသာရှိသည့် လမ်းညွှန် မြေပုံကလေးကို အားကိုးအားထားပြု၍ ဒိန်းမတ်နိုင်ငံအတွင်း ခရီးထွက်ရခြင်းနှင့် တူလှပါသည်" ဟု ကဲကီးဂါးဒ်က ဟေဂယ်တို့ အားကိုးခဲ့သည့် ဆင်ခြင်ခြင်းသဘောကို ရှုတ်ချခဲ့ပေသည်။

ကဲကီးဂါးဒ်အနေဖြင့် ရှေးဂရိ ဒဿနဆရာကြီး ဆိုကရေးတီးကိုမူ အထူးလေးစားခဲ့သည်။ "ဆိုကရေးတီး၏ မိမိကိုယ်ကို မိမိသိမြင်နားလည်ပါ" (know thyself) ဟူသော ဆောင်ပုဒ်ကို အလွန်ပင် နှစ်ခြိုက် သဘောကျခဲ့သည်။ ထိုဆောင်ပုဒ်အတိုင်း ဒဿနတွေးခေါ် မြော်မြင်ခြင်း၏ အဓိက ရည်မှန်းချက်မှာ မိမိဘဝကိုမိမိ မှန်မှန်ကန်ကန် သိမြင်နားလည်ရန် ဖြစ်သည်။ ကိုယ်နှင့် အနီးကပ်ဆုံးဖြစ်သော ကိုယ့်ဘဝကို ကိုယ်နားမလည်သေးဘဲ ကိုယ်နှင့်အလွန် အလှမ်းဝေးလှသည့် စကြဝဠာကြီးကို အမိဖမ်းပြီး ဆင်ခြင်နေခြင်းသည် ဘာမျှ အဓိပ္ပာယ်မရှိဟု ကဲကီးဂါးဒ်က ယူဆပေသည်။

လူ့ဘဝဟူသည် အလွန်ပင်နက်ရှိုင်း ကျယ်ပြောလှပေသည်။ ကြီးကျယ် လေးနက်လှပေသည်။ ထို့ကြောင့် လူ့ဘဝအကြောင်းကို ချဉ်းကပ်ရာတွင် အတွေးအခေါ် စနစ်ကြီးများ တကျကြိက ပုံစံကြီးနှင့် မရနိုင်။ လူသား တဦးချင်းစီ၏ ဖြစ်တည်မှုဘဝ (ဝါ) လူ့ဘဝကို ဒဿန စနစ်တခုအတွင်း ဘောင်ခတ် လှောင်၍ မရနိုင်ဟူ၍လည်း ခံယူခဲ့ပေသည်။

ထို့ပြင် ကဲကီးဂါးဒ်သည် ယေဘုယျသဘောကို ရှေ့တန်းတင်ပြီး ပုဂ္ဂလသဘောကို သေးသိမ်စေခဲ့သည့် ဟေဂယ်၏ အယူအဆ တရပ်ကိုလည်း အကြီးအကျယ် ဆန့်ကျင်ခဲ့သည်။

ဟေဂယ်အလိုအရ အနန္တ ဝိညာဉ်တော်ကြီး ဝင်စားနေသော စကြဝဠာကြီးတွင် ကြီးကျယ်ခမ်းနားလှသည့် မဟာအစီအမံ ရည်မှန်းချက်ကြီးတရပ် ရှိပေသည်။ ယင်းသည် လူသား တဦးချင်းစီ၏ ရည်မှန်းချက်ကို မဆိုထားနှင့် လူသားတရပ်လုံး၏ ရည်မှန်းချက် အားလုံးထက်ပင် ပို၍ အရေးကြီး၏။ ပို၍လည်း အခြေခံကျလှ၏။ ထို့ကြောင့် လူသားတို့သည် မိမိကိစ္စ၊ မိမိရည်မှန်းချက်ကို ဘေးချိတ်ပြီး စကြဝဠာကြီး (ဝါ) အနန္တ

ဝိညာဉ်တော်ကြီး၏ အန္တိမ အစီအမံ ရည်မှန်းချက်ကြီးအတွက် ကြိုးပမ်းအားထုတ် ထမ်းဆောင်ပေးကြရမည်ဟု ဆိုပေသည်။

ကဲကီးဂါးဒ်ကမူ "ဟေဂယ်၏ အယူအဆ အဆိုပြုချက်ကို လက်ခံလိုက်ပါက လူသားတို့အတွက် မည်သည့် အလားအလာမျှ ရှိတော့မည် မဟုတ်ပေ။ ဟေဂယ်၏ အနန္တ ဝိညာဉ်တော်ကြီးမှသာ အလားအလာများဖြင့် ပြည့်လျှံ သွားပေတော့မည်။ ဤသို့ ဖြစ်သွားပါက လူသားတို့အတွက် မည်သည့် အကျိုးကျေးဇူးမျှ ရှိလာမည် မဟုတ်ပေ။ အကျိုးယုတ်ရန်သာ ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့သည် အနန္တ ဝိညာဉ်တော်၏ လက်အောက်ခံ၊ ပြဌာန်းခံ အစေအပါး ဖြစ်သွားပြီး လူသားဂုဏ်သိက္ခာ ပျောက်ကွယ် သွားတော့မည့်အတွက် ဖြစ်သည်။ "လူသားတို့၏ ထူးခြား ထင်ရှားလှသည့် ဖြစ်တည်မှုဘဝ" သည် ဘယ်တော့မျှ ခေါင်းထောင် ပေါ်ထွန်းနိုင်တော့မည် မဟုတ်သည့်အတွက်ကြောင့် ဖြစ်သည်" ဟု မြင်သိ ခဲ့ပေသည်။

ကဲကီးဂါးဒ် အလိုအရမူ လူသားတွင် မွန်မြတ်လှသည့် ဖြစ်နိုင်စရာ အလားအလာ များစွာရှိသည်။ ယင်း အလားအလာများထဲမှ မိမိစိတ်ကြိုက် ရွေးချယ် လုပ်ဆောင်ရမည့် လူ့တာဝန် ရှိပေသည်။ ဤနေရာတွင် ကဲကီးဂါးဒ်သည် ဒဿနပညာရပ်ဆိုင်ရာ ဝေါဟာရနှစ်လုံးကို သုံးစွဲခဲ့သည်။ ယင်းတို့မှာ နှစ်ခုစလုံး **(Both/And)** နှင့် တခုခု **(Either/Or)** တို့ ဖြစ်ပါသည်။

နှစ်ခုစလုံးဟူသည် ဆိုးရွားလှသည့် ဘဝ (ဝါ) ရေဲဘုံကို ဦးတည်သောလမ်း ဖြစ်သည်။ တခုခုကမူ မွန်မြတ်သန့်စင်လှသည့် နိဗ္ဗာန်ဘုံအတွက် လမ်းပြဖြစ်သည်ဟု ကဲကီးဂါးဒ်က ဖွင့်ဆိုပါသည်။

ကဲကီးဂါးဒ် ပြောချင်သည်မှာ ဤသို့ဖြစ်သည်။

လူပီသသော ဘဝ (ဝါ) စစ်မှန်စွာ ဖြစ်တည်နေသည့် ဘဝသို့ ဦးတည် လျှောက်လှမ်းသူ တဦးသည် သူ့ဘဝတလျှောက်တွင် ရွေးချယ်စရာများကို ပြတ်ပြတ်သားသား ဆက်တိုက် ရွေးချယ်ပြီး ပြုမူ ဆောင်ရွက်ရပေမည်။ "ဒါမှမဟုတ်ရင်ဒါ" ဆိုပြီး တခုခုကို အခိုင်အမာ ဆုံးဖြတ်ချက်ချကာ ဆောင်ရွက်ရမည် ဖြစ်သည်။ ဤသို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ် ဆောင်ရွက်လိုက်ခြင်းသည် တစုံတဦး၏ ထိန်းချုပ်ပြဌာန်းချက်ကို မခံယူဘဲ မိမိဘဝကို မိမိဘာသာ တည်ဆောက်လိုက်ခြင်း ဖြစ်ပေသည်။ ဤသို့ တခုမဟုတ် တခုဟူသော လမ်းကို ရွေးချယ်လိုက်သူသည် လူ့ဘဝ၏ လွတ်လပ်မှု အရသာကို ခံစားနိုင်သူ ဖြစ်သည်။ သို့ရာတွင် ကိုယ့်လမ်းကို ကိုယ်ကိုယ်တိုင် ရွေးချယ် လိုက်ရသည့်အတွက် ဖြစ်ပေါ်လာသမျှ အပေါ်တွင် ကိုယ့်မှာ တာဝန် ရှိလာပေတော့သည်။ ဤသို့ တာဝန်ရှိလာသည့် အတွက်လည်း စိုးရိမ်ပူပန် သောကများ ရှိလာရစမြဲ ဖြစ်သည်။ လူပီသသောလူ (ဝါ) စစ်မှန်စွာ ဖြစ်တည်နေသည့် လူသည် ရင်ဆိုင်ရမည့် စိုးရိမ်ပူပန် သောကများကို မကြောက်မရွံ့ မတုန်လှုပ်ဘဲ ကိုယ့်တာဝန်ကိုယ် ယူနိုင်သူ ဖြစ်သည်။ မည်သူ အဆုံးအဖြတ်ကိုမျှ မခံဘဲ ကိုယ့်လမ်းကိုယ် ရွေးပြီး လွတ်လပ်စွာ ပြုမူဆောင်ရွက် နိုင်စွမ်းရှိသူ ဖြစ်ပေသည်။

ဤသို့ မိမိလျှောက်မည့် လမ်းကို ပြတ်ပြတ်သားသား မရွေးချယ်နိုင်ဘဲ ဟိုဟာပဲ လုပ်ရတော့မလို ဖြစ်နေသည့် နှစ်ခုစလုံးသမားသည် လူမမည်ကာမတ္တ လူသာ ဖြစ်ပေတော့သည်။ လူကျင့်လူကြံ မကျင့်ကြံနိုင်ဘဲ လူအဖြစ်မှ စျာန်လျှောကျသွားကာ လူဖြစ်ရှုံးသည့် ဘဝသို့ ဆိုက်ရောက်သွားမည်သာ ဖြစ်သည်ဟု ကဲကီးဂါးဒ်က ဆိုခဲ့ပေသည်။

ကဲကီးဂါးဒ်အတွက် 'နှစ်ခုစလုံး' အယူဝါဒသည် ကလိမ်ခြုံဝါဒ၊ အတုအယောင် ဝါဒဖြစ်သည်။ ကဲကီးဂါးဒ်က "လူသားတဦးဟာ တချိန်တည်းမှာ ခရစ်ယာန်တဦး အဖြစ်နဲ့လည်း နေမယ်။ သာမန်လောကီ လူသားတဦးလိုလည်း နေမယ်ဆိုတာ မဖြစ်နိုင်ဘူး။ အဖြစ်တခုခု၊ ဘဝတရပ်ရပ်ကိုတော့ ပြတ်ပြတ်သားသား ရွေးချယ်ရမယ်။ ထာဝရဘုရားရဲ့ လမ်းစဉ်ကိုလည်း လိုက်နာမယ်၊ လောကီ လူ့ဘဝမှာလည်း ကာမဂုဏ် အာရုံတွေနဲ့ ပျော်မွေ့မယ်ဆိုပြီး 'နှစ်ခုစလုံး' လမ်းကို လျှောက်လို့ မရဘူး။ ခရစ်ယာန် စစ်စစ်လည်း ဖြစ်ချင်တယ်။ ငွေကြေးချမ်းသာ ကြွယ်ဝအောင်လည်း ရှာဖွေချင်တယ် ဆိုပြီး 'နှစ်ခုစလုံး' တပြိုင်တည်း လုပ်လို့မရနိုင်ဘူး။ ယေရှုခရစ်တော်ကိုလည်း ကြည်ညိုတယ်၊ အာဏာပါဝါတွေကိုလည်း မက်မောတယ် ဆိုတာ 'နှစ်ခုစလုံး' တချိန်တည်း မဖြစ်နိုင်ဘူး။ 'နှစ်ခုစလုံး' ကို တစ်ပြိုင်တည်း ရွေးလို့မရဘူး။ တခုမဟုတ် တခု (ဝါ) တခုခုကိုသာ ပြတ်ပြတ်သားသား ရွေးချယ်လုပ်ဆောင်ရမယ်။ နှစ်ခုစလုံးကို ရွေးပြီး နှစ်ခုစလုံး အယူဝါဒကို လက်ကိုင်ထားနေကြတဲ့ ခရစ်ယာန်တွေဟာ အတုအယောင် ဘာသာရေးသမားတွေသာ ဖြစ်တယ်။ စစ်မှန်တဲ့ ခရစ်ယာန်ဘဝမှ သွေဖည်နေတဲ့ အယူမှား နေကြသူတွေသာ ဖြစ်တယ်။ စစ်မှန်တဲ့ ခရစ်ယာန်တဦး ဖြစ်ဖို့ဆိုရင် 'တခုခု' လမ်းကို ရွေးရမယ်။ ထာဝရဘုရားရဲ့ လမ်းစဉ်အတိုင်း လိုက်နာ ဆောင်ရွက်ရမယ်။ ဒါမှ အမှန်တရား သစ္စာတရားကို မျက်မှောက်ပြုနိုင်မယ်" ဟု ကဲကီးဂါးဒ်က ပြောကြားလေသည်။

ကဲကီးဂါးဒ်က သစ္စာတရားဟူသည် စာပေ အယူဝါဒများကို ဖတ်ရှု လေ့လာပြီးနောက် ရရှိလာသည့် အရာမဟုတ်။ အဟုတ်တကယ် ရှိနေသည့် အဖြစ်တခု (ဝါ) ဘဝတခုသာ ဖြစ်သည်။ အသိဉာဏ်ပိုင်းဆိုင်ရာ အယူဝါဒ ကျမ်းဂန်များကို ဒိုးလိုမွှေပြီး သင်ကြား တတ်မြောက်သော်လည်း ခရစ်ယာန် ဘာသာတရား၏ သစ္စာတရားကို မျက်မှောက်ပြုနိုင်မည် မဟုတ်ပေ။ ယေရှုသခင် နေထိုင်ကျင့်ကြံ သွားသကဲ့သို့ စစ်စစ်မှန်မှန် စိုက်လိုက်မတ်တတ် ယုံယုံကြည်ကြည် လိုက်နာ ကျင့်ကြံမှုဖြင့်သာ သစ္စာတရားကို ချဉ်းကပ်နိုင်မည်။ မိမိသာ သစ္စာတရားနှင့် ထပ်တူဖြစ်လာမည်ဟု ဆိုခဲ့ပေသည်။ တနည်းအားဖြင့်ဆိုသော် သစ္စာတရား၏ ဒြပ်မဲ့သီအိုရီ သဘောတရားများ မှတဆင့် မချဉ်းကပ်နိုင်။ တကယ့် လက်တွေ့ဘဝနှင့် ထပ်တူ ကျင့်ကြံနိုင်မှသာ ရရှိနိုင်မည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် ကဲကီးဂါးဒ်သည် အစဉ်အလာ အနောက်တိုင်း ဒဿန အယူဝါဒများကို ဆန့်ကျင်ကာ လမ်းခွဲထွက်ခဲ့သည်။ သစ္စာတရားနှင့် အစစ်အမှန် တရားဟူသည် ယေဘုယျသဘော (Universal)၊ ဓမ္မဓိဋ္ဌာန် (Objective) မဟုတ်။ သီးခြားသဘော ပုဂ္ဂလ

မိဌာန်သဘော (Subjective) သာ ဖြစ်သည်။ ထို့ပြင် သစ္စာတရားသည် ယုတ္တိဗေဒနှင့် သင်္ချာဆင်ခြင်ခြင်းတို့၏ ကိစ္စမဟုတ်။ လူသား၏ ပုဂ္ဂလ လူ့ဘဝကိစ္စသာ ဖြစ်သည်။ သို့ဖြစ်၍ ယုတ္တိဗေဒနှင့် သင်္ချာ ဆင်ခြင်ခြင်းတို့ကို အခြေပြု၍ ယေဘုယျ ဓမ္မမိဌာန် သဘောတို့ကို ရှာဖွေနေသည့် သိပ္ပံပညာသည် ပုဂ္ဂလ လူ့ဘဝ၏ သစ္စာတရားကို မည်သို့မျှ မဖော်ထုတ်နိုင်ဟု ကဲကီးဂါးဒ်က မိန့်ဆိုခဲ့ပေသည်။

ကဲကီးဂါးဒ်၏ ဒဿန အယူအဆများသည် သူ့ခေတ်အခါက အလွန်ပင် ဩဇာကြီးခဲ့သော ဟေဂယ်၏ ဒဿနနှင့် ထိပ်တိုက် ဆန့်ကျင်နေသည်ကို တွေ့ရပေသည်။ ဟေဂယ်အနေဖြင့် သစ္စာတရားဟူသည် သူ၏ ဒဿန စနစ်ကြီးအတွင်း တခုနှင့်တခု စနစ်တကျ ဆီလျော်ကိုက်ညီမှု ရှိနေခြင်းကို ဆိုလိုပေသည်။ သူ၏ အနန္တ ဝိညာဉ်တော်ဟူသော အစစ်အမှန် အရှိတရားနှင့် ဆီလျော် ကိုက်ညီမှုရှိမှသာ အမှန်တရား ဖြစ်နိုင်သည်။ သစ္စာတရား ဖြစ်နိုင်သည်။ ဆီလျော် ကိုက်ညီမှု မရှိသည့် အရာမှန်သမျှသည် သစ္စာတရား မဖြစ်နိုင်ဟု ဆိုပေသည်။ တနည်းအားဖြင့် သူ၏ ယေဘုယျသဘောကြီး တခုလုံးအတွင်း အံဝင်ခွင်ကျ ဖြစ်နေမှသာ သစ္စာတရား ဖြစ်နိုင်မည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ကဲကီးဂါးဒ်ကမူ ဟေဂယ်၏ အယူအဆကို ပြောင်းပြန်လှန် ပစ်လိုက်လေသည်။ သူက လူဟူသည် ယေဘုယျ သဘောကြီးတရပ်၏ ပြဌာန်းခံ အစိတ်အပိုင်း တခုမဟုတ်။ မိမိဘာသာမိမိ စစ်မှန်စွာ တည်ရှိနေသော ဝိသေသ သဘောသာ ဖြစ်သည်။ ပုဂ္ဂလ မိဌာန်သဘောသာ ဖြစ်သည်။ လူပုဂ္ဂိုလ် တဦးချင်းစီသည် ယေဘုယျသဘော အားလုံးထက် မြင့်မြတ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် လူပုဂ္ဂိုလ် တဦးချင်းစီ အမှန်တကယ် စစ်မှန်စွာ ဖြစ်တည်နေသကဲ့သို့ ယင်း ယေဘုယျ သဘောတရားတို့သည် စစ်မှန်စွာ ဖြစ်တည်မှု မရှိသောကြောင့် ဖြစ်ပေသည်။ အမှန်စင်စစ် လူသားတဦးစီ ကိုယ်တိုင်သည် အမှန်တရား (ဝါ) သစ္စာတရား တခုလုံးပင် ဖြစ်သည်။ လူပုဂ္ဂိုလ် တဦးချင်းစီသည် သစ္စာတရားနှင့် ထပ်တူထပ်မျှ ဖြစ်လာနိုင်သည်ဟု ကဲကီးဂါးဒ်က ဆိုခဲ့ပေသည်။

အနောက်တိုင်း ဒဿနသမိုင်း တလျှောက်လုံးတွင် အစဉ်အလာအားဖြင့် ဒဿန တွေးခေါ်ပညာရှင်ကြီးများသည် ဝိသေသ ဖြစ်ရပ်များနှင့် ပုဂ္ဂလိက လူသားတို့ထက် ယေဘုယျ သဘောတရားများ၊ အနှစ်သာရ (Essenes) များကိုသာ အလေးပေး ခဲ့ကြပေသည်။ ဆင်ခြင်ခြင်း၊ စိတ်ကူးယဉ် (Idea) စသည့် ဒြပ်မဲ့သဘော (Concrete) များကို ဒြပ်ရှိသဘော ဆောင်နေသည့် အသွေးအသားနှင့် ဖြစ်တည်နေသော လူ (ဝါ) လက်တွေ့ မျက်တွေ့ လူသားဘဝ (Flesh-and-blood human being) ထက် ပိုပြီး အရေးထား ခဲ့ကြပေသည်။

ပြင်သစ် တွေးခေါ်ရှင်ကြီး ဒေကား (Descartes 1596-1650) က "ကျွန်ုပ် စဉ်းစားသည်၊ ထို့ကြောင့် ကျွန်ုပ်ရှိသည်" (I Think, therefore I am) ဟူ၍ ပြောခဲ့ပါသည်။ ကျွန်ုပ်တည်းဟူသော လူသား ဖြစ်တည် ရှိနေရခြင်းမှာ ကျွန်ုပ် စဉ်းစားနိုင်ခြင်းကြောင့် ဖြစ်သည်ဟုဆိုကာ လူသား၏ တည်ရှိမှုသည် လူသား၏ စဉ်းစားမှုအပေါ် မှီနေကြောင်း ပြောခဲ့ပါသည်။ တနည်းအားဖြင့် စဉ်းစားခြင်းကို ရှေ့တန်း ပို့ခဲ့ပါသည်။ ထိုနည်းတူ

ဟေဂယ်ကလည်း "အစစ်အမှန် တရားဟူသည် ဆင်ခြင်နည်းကျခြင်း" (What is real is rational) ဟု ဆိုခဲ့ပါသည်။ ဆင်ခြင်ခြင်းနှင့် အစစ်အမှန်တရားကို ထပ်တူပြုခဲ့ခြင်း ဖြစ်သည်။ လူ၏ ဖြစ်တည်မှုကို မေးမှန်စေခဲ့သော အယူအဆ ဖြစ်ပေသည်။ ဤသို့ ဒြပ်ရှိသဘောတို့ကို ဘေးချိတ်ပြီး ဒြပ်မဲ့သဘောတို့ကို ကိုးကွယ်ခဲ့ကြသည့် တွေးခေါ်ရှင်ကြီးများကို ကဲကီးဂါးဒ်က ဤသို့ သရော်ခဲ့ပါသည်။

"ဒြပ်မဲ့သဘောများကို ဦးစားပေးလွန်းသူ တဦးသည် လက်တွေ့ဘဝ အရှိတရားများနှင့် အလွန်ကင်းကွာ သွားပေသည်။ သူသည် လူ့ဘဝ၏ ဒြပ်ရှိ အရှိတရားတို့အပေါ် အမေ့မေ့ အလျော့လျော့ ဖြစ်လာပြီး မိမိ၏ လူ့ဘဝ ဖြစ်တည်မှုကိုပင် သတိမမူနိုင်၊ မသိရှိနိုင် ဖြစ်ခဲ့သည်။ နောက်ဆုံး သာယာလှသော တနံနက်ခင်း အိပ်ရာမှ နိုးအထတွင် မိမိဘဝသည် သေဆုံးသွားပြီ ဖြစ်ကြောင်း၊ မိမိဘဝ ဖြစ်တည်မှုသည် အချည်းနှီး အဓိပ္ပာယ်မဲ့ ဖြစ်နေပြီ ဖြစ်ကြောင်းကို အထိတ်အလန့် တွေ့လိုက်ရလေတော့သည်။" ယေဘုယျ ဒြပ်မဲ့သဘောကို ဦးစားပေးခဲ့ကြသည့် တွေးခေါ်ရှင်များသည် ကိုယ့်ဘဝကိုယ် မေ့နေကျသူများသာ ဖြစ်သည်ဟု ကဲကီးဂါးဒ်က ဆိုခဲ့ခြင်း ဖြစ်ပေသည်။

မည်သို့ဆိုစေ အနောက်တိုင်း ဒဿန သမိုင်းတလျှောက်တွင် တွေးခေါ်ရှင် အများစုသည် လူ့ဘဝ ဖြစ်တည်မှုထက် "အနှစ်သာရ ဒြပ်မဲ့တရားများကို ရှေ့တန်းတင် ဦးစားပေးကြကာ အနှစ်သာရသည် ဖြစ်တည်မှုထက် ရှေးကျ၏ (ဝါ) ပဓာနကျ၏" (Essence Precedes Existence) ဟု ဆိုခဲ့ကြပါသည်။ သို့ရာတွင် လူ့ဘဝ ဖြစ်တည်မှုကို ဦးစားပေးခဲ့ကြသော ကဲကီးဂါးဒ်နှင့် ဖြစ်တည်မှု ဝါဒီတို့ကမူ အထက်ပါ အဆိုအမိန့်ကို ပြောင်းပြန် လှန်ပစ်ခဲ့ကြပေသည်။ သူတို့က "ဖြစ်တည်မှုသည် အနှစ်သာရထက် ရှေ့ကျ၏ (ဝါ) ပဓာနကျ၏" (Existence precedes Essence) ဟု ကြွေးကြော် ကြပါသည်။

ဤအဆိုနှစ်ရပ်သည် ဖြစ်တည်မှုဝါဒနှင့် အခြားဒဿန ဝါဒများအကြား ခြားနားချက်ကို မီးမောင်းထိုး ပြထားပေသည်။ ထို့ကြောင့် ယင်းတို့၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ကွဲကွဲပြားပြား နားလည်ရန် အရေးကြီးလှပေသည်။ ရုတ်တရက်ဆိုပါလျှင် "ဖြစ်တည်မှုကို ရှေ့က ဦးဆောင်ထားသည့် အနှစ်သာရ" နှင့် "အနှစ်သာရကို ရှေ့က ဦးဆောင်ထားသော ဖြစ်တည်မှု" ဟူသည် နားရှုပ်ထွေးစရာလို ဖြစ်နေပါသည်။ သို့ရာတွင် အသေအချာ စဉ်းစားကြည့်ပါက အတန်ပင် ကွဲပြား ခြားနားလှသည်ကို တွေ့ရပေမည်။ ထို့ပြင် ယင်းစကားရပ်တို့၏ နောက်ကွယ်မှ အတွေးအခေါ် အယူအဆသည် အလွန်ပင် အရေးပါလှပေသည်။ နှစ်ဆယ်ရာစု ဒဿန အတွေးအခေါ်ကို အလှည့်အပြောင်း ဖြစ်စေခဲ့သော အယူအဆဟုလည်း ဆိုနိုင်ပေသည်။ ဤသို့ အရေးကြီးလှသည့် အယူအဆအတွက် ပြည့်စုံ ရှင်းလင်းလှသည့် အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ပြင်သစ် ဖြစ်တည်မှုဝါဒီ ယန်းပေါ်ဆာ့တ်က ထွန်းညှိ ပြခဲ့ပေသည်။

## ၆။ ယန်းပေါ်ဆာ့တ် (သို့မဟုတ်) ငြင်းပယ်ခြင်း၏ အလှ။

"ငါသည်ပင် ငါ၏လွတ်လပ်မှု ဖြစ်၏"
(ဆာ့တ်)

နှစ်ဆယ်ရာစုသည် စက်မှုသိပ္ပံ ယဉ်ကျေးမှုက လွှမ်းမိုးအုပ်စည်းထားသော ခေတ်ဖြစ်သည်။ သိပ္ပံပညာသည် သဘာဝလောကရှိ အရာဝတ္ထုများကို ဓမ္မဓိဋ္ဌာန်ကျကျ စူးစမ်းလေ့လာခြင်း ပြုရ၏။ ထို့နောက် ယင်းတို့နှင့်ပတ်သတ်သည့် ယေဘုယျနိယာမတရားများကို ထုတ်ဖော်၏။ ထိုသိပ္ပံနိယာများမှတဆင့် သိပ္ပံနည်းပညာ စက်မှုအတတ်ပညာများကို အသုံးပြု၍ လူ့အဖွဲ့အစည်းအတွက် ကုန်ပစ္စည်းအမျိုးမျိုးတို့ကို စဉ်ဆက်မပြတ် တီထွင်ထုတ်လုပ်ပေး၏။ ဤသို့ဖြင့် သိပ္ပံပညာသည် ဓမ္မဓိဋ္ဌာန်သဘော (Objectivity) ဆောင်သည့် ရုပ်ဝတ္ထုပစ္စည်းများကို လေ့လာရာတွင် အသုံးဝင်လှ၏။ အောင်လည်းအောင်မြင်လှပါ၏။

ဤသို့သော သိပ္ပံပညာ၏ အောင်မြင်မှု၊ တိုးတက်မှုတို့ကို စံနမူနာပြု၍ လူနှင့် လူ့အကြောင်းကို လေ့လာရာ၌လည်း သိပ္ပံပညာကို အားကိုးလာကြ၏။ သိပ္ပံနည်းအတိုင်း လိုက်လာကြ၏။ ထို့ကြောင့်လည်း နိုင်ငံရေးပညာ၊ စီးပွားရေးပညာ၊ သမိုင်းပညာ စသည့် လူနှင့် လူ့အကြောင်းကို စနစ်တကျ စူးစမ်းလေ့လာသည့် လူမှုရေးသိပ္ပံ (Social Science) ပညာများတို့သည် သဘာဝသိပ္ပံပညာ(Subjectivity)က ရုပ်ဝတ္ထုပစ္စည်းများကို လေ့လာသကဲ့သို့ပင် ဓမ္မဓိဋ္ဌာန်ကျမှုအပေါ် အခြေတည်ခဲ့ကြ၏။ သီးခြားပုဂ္ဂိုလ် လူသားတဦးချင်းစီထက် "လူ" ဟူသော ယေဘုယျသဘော၊ ဓမ္မဓိဋ္ဌာန်သဘောတို့ကို အလေးအနက် ထားခဲ့ကြသည်။ လူဟူသည် ရုပ်ဝတ္ထု ပစ္စည်းများကဲ့သို့ပင် သဘောထားကာ ဓမ္မဓိဋ္ဌာန်သဘောဖြင့် မှတ်ရှုခဲ့ကြသည်။ ဤသို့ဖြင့် နှစ်ဆယ်ရာစု လူ့အသိပညာအားလုံးသည် ဓမ္မဓိဋ္ဌာန်သဘောအပေါ် အခြေစိုက်ထားပေသည်။

ယန်းပေါ်ဆာ့တ်သည် ယင်းသို့ သူ့ခေတ်ကို လွှမ်းမိုးသြဇာပြုထားသော ဓမ္မဓိဋ္ဌာန်သဘောကို လုံးဝ ဆန့်ကျင်ငြင်းပယ်ခဲ့ပြီး ပုဂ္ဂလဓိဋ္ဌာန်သဘောကို ရှေ့တန်းတင် တွေးခေါ်ခဲ့ပေသည်။ လူပုဂ္ဂိုလ်တဦးချင်းစီ၏ ဘဝကို ဗဟိုပြု၍ သူ့ဒဿနကျမ်းများ၊ ဝတ္ထုများ၊ ပြဇာတ်များကို ရေးဖွဲ့ခဲ့၏။ ဆာ့တ်၏ ဒဿနတရပ်လုံးတွင် အဓိကပစ်မှတ်မှာ ပုဂ္ဂလဓိဋ္ဌာန်သဘော၏ အရေးပါမှု ဖြစ်ပေသည်။

"အမှန်တရားဆိုတာ ပုဂ္ဂလသဘောဖြစ်တယ်"

ဟူသော ဖြစ်တည်မှုဝါဒဖခင် ကဲကီးဂါးဒ်၏ အဆိုအမိန့်ကို ဆက်လက်ခံယူခဲ့သည်။ "လူဆိုတာ ရေညှိတပင်မဟုတ်ဘူး။ မှိုတပွင့် ဒါမှမဟုတ် ပန်းဂေါ်ဖီတပွင့်လည်း မဟုတ်ဘူး။ ပုဂ္ဂလဘဝတခုကို ပိုင်ဆိုင်ထားတဲ့ ပရိဂျက်တရပ် ဖြစ်တယ်။ လူဆိုတာ မိမိကိုယ်မိမိ တည်ဆောက်ဖော်ဆောင်ချက်ဖြစ်တယ်။ ဒါဟာ ဖြစ်တည်မှုဝါဒရဲ့ အခြေခံအကျဆုံး

ခံယူချက်ဖြစ်တယ်” ဟု ဆာ့တ်က ဖွင့်ဆိုပေသည်။ ဖြစ်တည်မှုဝါဒီ၏ အခြေခံမှာ ပုဂ္ဂလလူသား တဦးချင်းစီ၏ ဘဝဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

## ကောင်းကင်ဘုံမှ ဓမ္မဓိဌာန် စိတ်ကူးထည်

ယေဘုယျသဘော (The General)၊ ဓမ္မဓိဌာန် သဘောတို့ကို ဦးစားပေး စဉ်းစားခြင်းမှာ အနောက်တိုင်း ဒဿနသမိုင်းတွင် ရှေးဟောင်း ဂရိဒဿန ခေတ်ကတည်းကပင် ရှိခဲ့ပေသည်။ အထူးသဖြင့် အနောက်တိုင်း ဒဿနကို ပညာရပ် တခုအဖြစ် ပီပီပြင်ပြင်ဖြစ်အောင် ဖော်ဆောင်ပေးခဲ့သည့် ဂရိဒဿန ဆရာကြီး ပလေတို (Plato 428-348 B.C)သည် ဓမ္မဓိဌာန် သဘောကို ဦးထိပ် ပန်ဆင်ခဲ့သူ ဖြစ်ပေသည်။

ယန်းပေါဆာ့တ်က ဆရာကြီး ပလေတိုသည် ကောင်းကင်ဘုံ၏ ပြီးပြည့်စုံမှုကို ခံ့မင်မက်မော ဂရုစိုက်လွန်းသည့် အတွက်ကြောင့် အောက်ခြေ လွတ်သွားပြီး တကယ့် လက်တွေ့လောက ကမ္ဘာ မြေပြင်ပေါ်ရှိ မပြီးမပြည့်စုံမှုများကို မေ့သွားသူ ဖြစ်သည်ဟု မှတ်ချက်ချခဲ့၏။

ပလေတိုအတွက် အာရုံခံစားမှုဖြင့် တွေ့သိနေရသော သီးခြား အရာများက တည်ရှိရာ၊ ဤကမ္ဘာလောကသည် အစစ်အမှန် လောက မဟုတ်ပေ။ အစစ်အမှန်၏ ဖော်ဆောင်ချက်များသာ ဖြစ်သည်။ အသွင်သဏ္ဌာန် လောကသာ ဖြစ်သည်။ တကယ့် အစစ်အမှန် လောကမှာ ဆင်ခြင်ခြင်း သက်သက် (Pure Reason) ဖြင့် သိရှိရသော စိတ်ကူးထည် ( Idea) များ ရှိရာ လောက ဖြစ်ပေသည်။ ယင်း စိတ်ကူးထည်တို့သည် မည်သည့်အခါမျှ ပြောင်းလဲ ပျက်စီးခြင်း မရှိပေ။ ထာဝရ တည်မြဲနေသည့် ပုံစံတရားများ (Form) အသိပညာများ ( Concept) ဖြစ်ကြပေသည်။ ယင်းစိတ်ကူးထည် သဘောတို့သည် သီးခြား အရာများထက် ပို၍ အဓိကကျ၏။ သီးခြားအရာတို့၏ ဖြစ်တည်မှုသည် ယင်း စိတ်ကူးထည်တို့အပေါ် မှီတည် နေရ၏။ တစ်နည်းအားဖြင့် ဆိုသော် ယင်းစိတ်ကူးထည်များသည် ဖြစ်တည်မှုထက် အရင်ရှေးကျသော တရားများ ဖြစ်၏။ ပို၍ အခြေခံကျသော သဘောများလည်း ဖြစ်၏ဟု ပလေတိုက ခံယူပေသည်။

ပလေတို အယူအရမူ ကျွန်ုပ်တို့ လက်တွေ့ မြင်နေရသော အဆင်းများ၊ ကြားနေရသော အသံများ၊ ခံစားရသော အရသာများသည် တခဏ သဘောများသာ ဖြစ်၏။ ပြောင်းလဲ ပျက်စီးကြ၏။ ထို့ကြောင့် ယင်းတို့သည် အစစ်အမှန် တရားများ မဟုတ်ကြ။ ဤ အရောင်အဆင်း၊ အနံ့အရသာတို့ နောက်ကွယ်တွင် ရှိနေသည့် ထာဝရ တည်တံ့နေသော ပုံစံတရားများ (ဝါ) အနှစ်သာရ သဘောတို့သာလျှင် တကယ့်အစစ်အမှန် တရားများ ဖြစ်ကြ၏။

မိန်းမပျို တဦးသည် မည်မျှပင် လှပပါသည်ဟု ဆိုဆို၊ 'လှပခြင်း' တည်းဟူသော အနှစ်သာရ စိတ်ကူးထည်နှင့် နှိုင်းယှဉ်လိုက်ပါက စာဖွဲ့စရာ မရှိလောက်အောင် အသေးအဖွဲ ဖြစ်သွားမည်သာ ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ဤလက်တွေ့ လောကရှိ သီးခြား မိန်းမပျို တဦးချင်းစီ၏ အလှအပဟူသည် "လှပခြင်း" တည်းဟူသော စိတ်ကူးထည်တရားမှ ဆင်းသက် လာသောကြောင့် ဖြစ်၏။ ဤစိတ်ကူးထည် အနှစ်သာရ တရား၏ လက်ဝေခံများ သာလျှင် ဖြစ်သောကြောင့် ဖြစ်၏။ "လှပခြင်း" ဟူသော

စိတ်ကူးထည် ယေဘုယျ အနှစ်သာရ တရားရှိပြီးမှ ဤစိတ်ကူးထည်နှင့် အဆင့်အဆင့် လိုက်လျောညီထွေ ရှိနေကြသည်။ သီးခြား မိန်းမပျို တဦးစီတို့ကို လှသည်။ ပိုလှသည်။ အလှဆုံးဟူ၍ လူသားတို့က သတ်မှတ်နိုင်ကြ၏။ ထို့ကြောင့် လှပခြင်းတည်းဟူသော စိတ်ကူးယဉ် "အနှစ်သာရ"သည် အရင်ဦးစွာ တည်ရှိပြီးမှ လှပသော မိန်းမပျိုဟူသော သီးခြားဖြစ်တည်မှုသည် ရပ်တည်နိုင်ပေ၏။ တနည်းအားဖြင့် ဆိုရသော် ပလေတို၏ ဒဿနအရ "အနှစ်သာရသည် ဖြစ်တည်မှုထက် ပို၍ အဓိက ကျ၏။ ပို၍ အရင်ရှေးကျ၏" ဟု ဆိုနိုင်ပေသည်။ ဤအယူအဆကို ရှုထောင့် သုံးခုမှ အောက်ပါအတိုင်း ရှုမြင်နိုင်၏။ အချိန်ကာလ အစီအစဉ်အတိုင်း ဆိုပါလျှင် "လှပခြင်း" ဟူသော ယေဘုယျ စိတ်ကူးထည် အနှစ်သာရ သဘောသည် လှပပါသည်ဟု ဆိုသော မိန်းမပျို မမွေးဖွားခင် ကတည်းကပင် ရှိနေပြီ ဖြစ်၏။ ယုတ္တိဗေဒ သဘောအရ ဆိုလျှင် "လှပခြင်း" စိတ်ကူးထည် အနှစ်သာရ သဘောသည် ကျွန်ုပ်တို့ လူသားများ၏ စိတ်ထဲတွင် အရင်ဦးစွာ ရှိမနေခဲ့ပါက ဤမိန်းမပျို လှပါသည်ဟု မည်သို့မျှ ပြောဆို သတ်မှတ်နိုင်မည် မဟုတ်ပေ။

တန်ဖိုး သဘောအရ ဆိုပါလျှင် "လှပခြင်း" စိတ်ကူးထည် အနှစ်သာရ တရားသည် လှပပါသည်ဟု ဆိုသော သီးခြားအရာတိုင်းထက် ပို၍ အရေးကြီး ပေ၏။ ပလေတို၏ ဒဿနအရ လှပသော မိန်းမပျို "ဖြစ်တည်မှု" သည် တခဏ သဘောသာ ဖြစ်သည်။ ဖောက်ပြန် ပြောင်းလဲ ပျက်စီးနေ၏။ သမုတိ သဘောကို ဆောင်နေခြင်းသာ ဖြစ်၏။ ထို့ကြောင့် ဤသို့သော သီးခြား မိန်းမလှကလေးများသည် ထာဝရသဘော ဆောင်ယူလျက်ရှိသည့် လှပခြင်း တရား (အနှစ်သာရ) လောက် အရေးမကြီးပေ။ တန်ဖိုး မထားအပ်ပေ။ လှပပါသည် ဆိုသော မိန်းမပျို တဦးသည် မွေးဖွားလာ၏။ အရွယ်ရောက် ကြီးပြင်းလာ၏။ ထို့နောက် အိုမင်း ရင့်ရော်သွား၏။ နောက်ဆုံး သေဆုံး ပျောက်ကွယ် သွားမည်သာ ဖြစ်၏။ သူမ၏ အလှအပသည် အချိန်ကာလ ခဏတခု အတွင်းမှာသာ ရှိနိုင်၏။ နောက်ဆုံး မည်သည့် အလှအပမျှ မရှိတော့ဘဲ ပျက်ပျယ် သွားမည်သာ ဖြစ်၏။ သို့ရာတွင် "လှပခြင်း" စိတ်ကူးထည် အနှစ်သာရကမူ အချိန်ကာလ၏ ဘောင်ခတ် ကန့်သတ်မှုကို ကျော်လွန်နေ၏။ ဘယ်တော့မှ ပျက်ပြယ်သွားလိမ့်မည် မဟုတ်ပေ။ အစဉ်အမြဲ ထာဝရ တည်တံ့နေမည်သာ ဖြစ်၏။

ပလေတို၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။ ကျွန်ုပ်တို့ လူသားတို့သည် တစုံတခုသော အရာ၏ အနှစ်သာရသဘော (ဝါ) ယေဘုယျ သဘောကို သိရှိ နားလည်မှသာ ထိုအရာ၏ အစစ်အမှန် သ ဘောကို သိရှိနိုင်မှာ ဖြစ်၏။ တနည်းအားဖြင့် တစုံတခုသော အရာ၏ အစစ်အမှန် သဘောမှာ ယင်းအရာဝတ္ထုနှင့် ပတ်သတ်သည့် အဓိပ္ပာယ် ဖွင့်ဆိုချက် ဖြစ်သည်။ ထို့ကြောင့် တစုံတခုသော အရာ၏ အနှစ်သာရ သဘော (ဝါ) အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ကို နားလည် သိရှိထားပြီ ဆိုပါလျှင် သီးခြားအရာများကို လုံးဝမမြင်ဘူး မတွေ့ဘူးသော်လည်း ဘာမျှ အခက်အခဲ မရှိဘဲ နားလည် လာမည်သာ ဖြစ်၏။ ဤသို့ မဟုတ်ဘဲ သီးခြား အရာများကို တွေ့မြင် နေရုံမျှနှင့်တော့ ယင်းတို့အကြောင်း စစ်စစ်မှန်မှန် သိရှိမည် မဟုတ်ပေ။ ထို့ကြောင့် သီးခြား ပုဂ္ဂလသဘောတို့ကို မှန်မှန်ကန်ကန် သိရှိ နားလည်လိုပါက ထိုအရာတို့၏ ယေဘုယျ စိတ်ကူးထည် အနှစ်သာရ သဘောတို့ကို အလျင် သိရှိ နားလည်ထားရမည်သာ ဖြစ်၏ဟု ပလေတိုက ယူဆလေသည်။

လှပသော မိန်းမပျို လှပသော ပန်းချီကား၊ လှပသော ရှုခင်း တို့အကြောင်း အမှန်အကန် နားလည်ရန်အတွက် "လှပခြင်း" ဟူသော မောင်မောင်၊ ဂျော့၊ ဖရန်စစ် စသည့် သီးခြားပုဂ္ဂလ လူသား တဦးချင်းစီ အကြောင်း မှန်မှန်ကန်ကန် နားလည်လိုပါက "လူ" ဟူသော ယေဘုယျ စိတ်ကူးထည် အနှစ်သာရကို အလျင်ဦးစွာ သိရှိထားရပေမည်။ ထိုနည်းမူ တင်ကြိုပြီး သိရှိ ထားရပေမည်။ ထို့ကြောင့် ပလေတိုအတွက် "လူ" ဟူသော အနှစ်သာရ တရားသည် သီးခြားပုဂ္ဂလ လူတဦးချင်းစီထက် ပို၍ ပဓာနကျ၏။ ပို၍လည်း အလျင်ဦးစွာ ရှေးကျ၏။

ပလေတို၏ ဤသို့သော အနှစ်သာရ သဘော (ဝါ) ယေဘုယျ စိတ်ကူးထည်ကို ဦးစားပေး တွေးခေါ်မှုကို အနောက်တိုင်း တွေးခေါ်ရှင် အများစုတို့သည် လက်ခံ နားလည်လိုက်ကြသည်။ သို့ရာတွင် ယန်းပေါ်ဆာ့တ် အမှူးပြုသော ဖြစ်တည်မှု ဝါဒီတို့ကမူ ပလေတို၏ အနှစ်သာရဝါဒ **(Abstract)** ကို လုံးဝ ဆန့်ကျင် ခဲ့ကြလေသည်။ အမှန်စင်စစ် ပလေတိုသည် ယေဘုယျ အနှစ်သာရ ဒြပ်မဲ့သဘောတို့ကို ဦးစား ပေးလွန်းသည်ကြောင့် အတွေး ငေ ခါင်သွားပြီး မိမိ အနီးအနားမှ ရင်းနှီး ကျွမ်းဝင်နေသော ဒြပ်ရှိ သီးခြားအရာတို့ကို မျက်ခြေပြတ် သွားခြင်းသာ ဖြစ်သည်ဟု ဆာ့တ်က မှတ်ချက် ချခဲ့ပေသည်။

ထို့ကြောင့်လည်း နှစ်ဆယ်ရာစု ဒဿန သမိုင်းဆရာကြီး တဆူဖြစ်သော ဂျွန်ပတ်စ်မိုး **(John Passmore)** က အောက်ပါအတိုင်း ဖွင့်ဆိုခဲ့ပေသည်။

"တကယ်တော့ ပလေတို၏ "သမ္မတနိုင်ငံ" ဒဿနကျမ်းတွင် ထင်ထင်ရှားရှား ဖွင့်ဆိုထားသည့် လူသားနှင့် လူ့လောက အကြောင်း အယူအဆကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သော တုံ့ပြန်ချက် တရပ်အဖြစ် ဖြစ်တည်မှုဝါဒကို ရှင်းရှင်းလင်းလင်း ဝိဂြိုဟ် ပြုနိုင်ပေသည်။ ပလေတိုသည် "ဖြစ်တည်မှု" ကို အစစ်အမှန် တရား၏ လက်ဝေခံ အစိတ်အပိုင်း အဖြစ်သာ မြင်ခဲ့သည်။ ဖြစ်တည်လျက် ရှိသော သီးခြားအရာတို့သည် အနှစ်သာရ သဘော (ဝါ) ပုံစံ သဘောတို့ကို အကြောင်းပြု၍သာလျှင် ရပ်တည် နိုင်ကြခြင်း ဖြစ်သည်ဟု ပလေတိုက ခံယူခဲ့သည်။"

## ပုဂ္ဂလဖြစ်တည်မှုသာလျှင်။

ယန်းပေါ်ဆာ့သည် ပလေတို၏ အနှစ်သာရ ဝါဒကို လုံးဝ မြေလှန် ပစ်ခဲ့သည်။ ဤလောကတွင် ဆင်ခြင်ခြင်းနှင့် ချဉ်းကပ်၍ မရနိုင်သော အရာရှိ၏။ ဘာသာ စကားဖြင့် အဓိပ္ပာယ် ဖွင့်ဆို၍ မစွမ်းသာသော အရာ ရှိ၏။ ယင်းမှာ လူသား၏ ပုဂ္ဂလ ဘဝ ဖြစ်တည်မှု ဖြစ်၏။ လူသား တဦးချင်း စီ၏ ပုဂ္ဂလ ဖြစ်တည်မှုကို ယင်း ပုဂ္ဂိုလ်၏ အတွင်း အဇ္ဈတ္တစိတ် ခံစားမှု အတွေ့အကြုံ အားဖြင့်သာ မှန်မှန်ကန်ကန် ရှုမြင် နားလည် နိုင်မည်ဟု ဆာ့တ်က ခံယူပေသည်။

ယန်းပေါ်ဆာ့တ်က လူသားဟု ဆိုရာ၌ ကဲကီးဂါးဒ်နှင့် ဟိုင်ဒေဂါ တို့၏ ပုဂ္ဂလ လူသား၏ ဖြစ်တည်မှု ဘဝကို ဆိုလိုခြင်း ဖြစ်ပေသည်။ ဆာ့တ်သည် ကဲကီးဂါးဒ် လက်ခံ ယုံကြည်ခဲ့သော ထာဝရ ဘုရား တည်ရှိမှုကို လုံးဝ ငြင်းပယ်ခဲ့သူ ဘုရားမဲ့ ဝါဒီ တဦး ဖြစ်၏။ သို့သော် သူသည် ကဲကီးဂါးဒ်၏ လူ့ဘဝ ဖြစ်တည်မှုသည် ပုဂ္ဂလ မိဌာန် ကျသည် ဟူသော အယူအဆ ကိုမူ ဆက်လက် ခံယူ ပေသည်။

ထို့ပြင် ဆာ့တ်သည် ဟိုင်ဒေဂါ တင်ပြခဲ့သော Dasein ခေါ် လူသား၏ ပုဂ္ဂလ ဖြစ်တည်မှုကို ဆက်လက် ခံယူခဲ့၏။ Desein ဟူသည် အရာဝတ္ထု တို့၏ ဖြစ်တည်မှုကို ဆိုလိုခြင်း မဟုတ်ပေ။ အရာဝတ္ထု တို့သည် မိမိ တို့၏ အရှိ တရားကို သိရှိ ခံစားနိုင်ခြင်း မရှိကြပေ။ ဤလောက၌ လူသား တမျိုးတည်း သာလျှင် မိမိ၏ ဖြစ်တည်မှု ဘဝကို မိမိ ကိုယ်တိုင် ပြန်လည် သိရှိ ခံစားနိုင်စွမ်း ရှိပေသည်။ ထို့ပြင် ဟိုင်ဒေဂါက လူသည် အခြား အရာများနှင့် လုံးဝ အဆက် ပြတ်ကာ သီးခြား ဖြစ်တည် နေသည် မဟုတ်ပေ။ "ကျွန်ုပ်" ဟူသည်မှာ ယခင် တွေးခေါ် ရှင်ကြီးများ ယူဆခဲ့သော အတ္တ အခြေခံ (Mental Substance) မဟုတ်ပေ။ ပုဂ္ဂလ လူသား တဦး လူ့လောက အတွင်း ဖြစ်တည် နေခြင်းသည် မိမိ၏ ခန္ဓာကိုယ် အတွင်း၌သာ ဖြစ်တည် နေခြင်း မဟုတ်ပေ။ မိမိ၏ ပြင်ပတွင် ရှိကြသော အခြားသော လူပုဂ္ဂိုလ်များ၊ အရာဝတ္ထုများနှင့် ကူးလူး ဆက်နွယ်လျက် ဖြစ်တည် နေခြင်း ဖြစ်၏။ ခေတ်သစ် ရူပဗေဒတွင် အိုင်စတိုင်း (Einstein) က ရုပ်ကို အဝန်း (Field) အဖြစ် ရှုမြင် လိုက်သကဲ့သို့ ဟိုင်ဒေဂါကလည်း လူကို အဝန်း ရပ်အဖြစ် ရှုမြင်လိုက်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဟိုင်ဒေဂါ အလိုအရ "ကျွန်ုပ်" ဆိုသည်မှာ ခန္ဓာကိုယ် တခုနှင့် သိစိတ် တရပ်ကိုသာ ဆိုလိုသည် မဟုတ်ပေ။ ကျွန်ုပ်နှင့် ဆက်နွယ် ပေါင်းသင်း နေကြသော အဝန်း (ဝါ) ဆက်နွယ်မှု ဝန်းကျင် (Region of Concern) တရပ်လုံးကိုပါ အကျုံးဝင်ပေသည်။

ထို့ပြင် ဟိုင်ဒေဂါက ပုဂ္ဂလ ဖြစ်တည် နေသော လူသားသည် ဤလောက ကမ္ဘာ အတွင်း မည်သို့ မည်ပုံ ရောက်ရှိ လာသည်။ သေလွန် ပြီးနောက် မည်သည့် အရပ်သို့ ရောက်ရှိ သွားမည်ကို မည်သို့မျှ မသိရှိ နိုင်ပေ။ လူသားသည် ဤလောကကြီး အတွင်းသို့ မိမိ အလိုဆန္ဒ စိုးစဉ်းမျှ မပါဘဲ စွန့်ပစ် ခံလိုက်ရသော သတ္တဝါ ဖြစ်၏။ သူရောက်ရှိ ဖြစ်တည် လာရသော လောကကြီး မှာလည်း သူ့အတွက် သူစိမ်းပြင်ပြင် ဆန်လှသော လောကကြီး ဖြစ်၏။ သို့ဖြစ်၍ လူဟူသည် စိမ်းကား လှသော လောကကြီး ထဲ၌

အထိးကျန်စွာ ဖြစ်တည် နေရသော သတ္တဝါ ဖြစ်၏။ ယင်း လောကကြီးထဲတွင် ပုဂ္ဂလ လူသား အတွက် အဆင်သင့် ဖြည့်ဆည်း ပေးထားသော အနှစ်သာရ ဂုဏ်ရည် ဟူ၍ ဘာမျှ မရှိပေ။ လူ့ဘဝ လူ့အဖြစ်သို့ အစွန့်ပစ်ခံ ရောက်ရှိ ဖြစ်တည် ပြီးမှသာလျှင် လူသားသည် မိမိ၏ အနှစ်သာရကို မိမိကိုယ်တိုင် ဖော်ဆောင် ဖန်တီးကာ တည်ဆောက် ယူကြရ သည်ဟု ဟိုင်ဒေဂါက ယူဆ ပေသည်။ ဤ အယူအဆကို ဆာ့တ်က ဆက်လက် ခံယူ ပွားများ ခဲ့ပေသည်။

ဆာ့တ် အလိုအရ လူသည် ဦးစွာ ဖြစ်တည်ရသော သတ္တဝါ ဖြစ်၏။ ရေကန် ထဲသို့ ခဲတလုံး ကျလာသလို လူ့လောက ထဲသို့ စွန့်ပစ်ခံ ရောက်ရှိ လာရသူ ဖြစ်၏။ ဤသို့ လူ့ဘဝသို့ ရောက်ရှိ ဖြစ်တည် လာပြီးမှသာ မိမိဘဝကို အဓိပ္ပာယ် ဖော်ဆောင် တည်ဆောက် ယူကြရသည်။ လူ၏ ဂုဏ်ရည် လက္ခဏာများ ဦးစွာ ရှိပြီးမှသာ လူဟူသော သတ္တဝါ ဖြစ်တည်လာခြင်း မဟုတ်ပေ။ လူ့ဘဝ ဖြစ်တည်မှု ရှိပြီးမှ မိမိ အရည်အချင်း၊ ဂုဏ်ရည် လက္ခဏာ များကို မိမိ အပြု အမူဖြင့် ပွားများ တည်ဆောက် ယူရပေသည်။ ယန်းပေါ်ဆာ့တ် ဟူသော စာရေးဆရာ၊ ဒီဂေါ ဟူသော သမ္မတ၊ နပိုလီယန် ဟူသော စစ်သူကြီး ဘုရင် တို့သည် မွေးကတည်းက စာရေးဆရာ၊ သမ္မတ၊ စစ်သူကြီး၊ ဘုရင် ကေရာဇ် ဖြစ်လာကြသည် မဟုတ်။ သူတို့၏ ဘဝ ဖြစ်တည်မှုကို ရရှိပြီးမှ ပြုမူ ဆောင်ရွက်ခဲ့သော အပြုအမူ များအားဖြင့် သူတို့၏ ဂုဏ်ရည် လက္ခဏာ အရည်အချင်း များကို ဖော်ဆောင် လာကြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် လူသား အတွက် ဖြစ်တည်မှုသည် အနှစ်သာရထက် ပို၍ အဓိက ကျ၏။ ပို၍ ရှေးကျ၏။

ပလေတို၏ အနှစ်သာရ ဝါဒကို လက်ခံလိုက်ပါက လူသားသည် လူစင်စစ် အဖြစ်မှ ရုပ်ဝတ္ထု ပစ္စည်း အဖြစ်သို့ အဆင့် လျော့ကျ သွားလိမ့်မည်ဟု ဆာ့တ်က ဆိုပေသည်။ သူ့အလို အားဖြင့် ဆိုလျှင် ပုဂ္ဂလ လူသား တဦးချင်း စီကို ယေဘုယျ အနှစ်သာရက အဆုံးအဖြတ် မပေး နိုင်ပေ။ ပုဂ္ဂလ လူသား၏ စွမ်းဆောင် ပြုမူချက် များကသာ သူ၏ အရည်အချင်း အနှစ်သာရကို အဆုံးအဖြတ် ပေးပေသည်။

ဥပမာ အားဖြင့် ဗိုလ်ချုပ် အောင်ဆန်း၌ ရှိသော "အမျိုးသား ခေါင်းဆောင်" ဟူသည့် အနှစ်သာရ ဂုဏ်ရည်သည် ဗိုလ်ချုပ်၏ ပြုမူ ဆောင်ရွက်ချက် များမှ ပေါ်ထွက် လာခြင်း ဖြစ်သည်။ အမျိုးသား ခေါင်းဆောင် ဟူသော ဘွဲ့ထူး ဂုဏ်ထူး အနှစ်သာရကို ဗိုလ်ချုပ် တည်းဟူသော ပုဂ္ဂလ လူသား တဦးသည် မွေးဗီဇပါ ပစ္စည်း အဖြစ် မွေးကတည်းက ပိုင်ဆိုင်ခဲ့သည် မဟုတ်ပေ။ လူသား တဦး အဖြစ် မွေးဖွား ဖြစ်တည် လာပြီး နောက်မှ ဖြစ်ပေါ် လာသော အပြုအမူ စွမ်းဆောင်ချက် အားလုံးကို ပေါင်းရုံး စုစည်း၍ "အမျိုးသား ခေါင်းဆောင်" ဟူသော အရည်အချင်း အနှစ်သာရ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ဤနေရာတွင် ဗိုလ်ချုပ် အောင်ဆန်း၏ အမျိုးသား ခေါင်းဆောင် ပီသသည့် အပြုအမူ များကသာလျှင် ဗိုလ်ချုပ်အား အမျိုးသား ခေါင်းဆောင် အဖြစ် မှတ်ကျောက် တင်ပေး လိုက်ခြင်း ဖြစ်၏။ ထိုနည်းတူ မြန်မာ့ သမိုင်းမှ ဘုရင့်နောင် မင်းကြီး၏ တိုင်းပြည် စည်းရုံး တည်ထောင်မှု စွမ်းဆောင် ပြုမူချက် များသည် မင်းကြီး၏ ဂုဏ်ရည် ဖြစ်၏။ မြန်မာ စာရေးဆရာကြီး ဦးပုည၏ ထက်မြက်သော စာပေ အရေးအသားသည် သူ့ဘဝ၏

အနှစ်သာရ ဂုဏ်ရည် ဖြစ်၏။ ထို့ကြောင့် လူဟူသည် မိမိ အပြုအမူ စွမ်းဆောင် ချက်များ၏ စုစည်းရာသာ ဖြစ်သည်ဟု ဆာ့တ်က ဆိုခဲ့ခြင်း ဖြစ်ပေသည်။

ဤသဘောကို ယန်းပေါ်ဆာ့တ်သည် လူသားနှင့် သက်မဲ့ ရုပ်ဝတ္ထု ပစ္စည်း တခု (မောင်းချခါး) နှင့် နှိုင်းယှဉ် ရှင်းလင်း ခဲ့သည်။

မောင်းချခါး တချောင်း ဖြစ်လာပုံကို တွေးကြည့်ပါ။ မောင်းချခါး ဟူသည် ရုပ်ဝတ္ထု ပစ္စည်း တခုဖြစ်၏။ ထိုပစ္စည်းကို ပန်းပဲဖို အလုပ်ရုံတွင် ပုံသွင်း ပြုလုပ်ရ၏။ ဤသို့ မပြုလုပ်မီ မောင်းချခါး၏ ပုံသဏ္ဍာန် အရည်အသွေး စသည့် စိတ်ကူး တို့သည် ပန်းပဲသမား၏ ခေါင်းထဲတွင် ရှိနေပြီး ဖြစ်သည်။ ထို့နောက် ပန်းပဲ သမားသည် သူ့ပုံစံ၊ သူ့အရည်အသွေး အတိုင်း ဖြစ်လာအောင် သံထည် ကုန်ကြမ်း ပစ္စည်းကို မီးအပူ ပေးခြင်း၊ ထုထောင်းခြင်း ပြုကာ ပုံသွင်း ဖော်ဆောင် ယူရ၏။ ဤနည်းဖြင့် မောင်းချ ခါးသည် ဖြစ်တည် လာရပေသည်။ ဤနေရာတွင် ပန်းပဲ သမား၏ ခေါင်းထဲရှိ ပုံစံများ၊ အရည်အသွေးများ စသည့် စိတ်ကူးထည် အနှစ်သာရသည် မောင်းချခါး တလက် ဖြစ်တည် လာမှုထက် အရင် ရှေးကျပြီး ပို၍လည်း အဓိက ကျနေသည်ကို တွေ့ရပေမည်။

လူသားတွင်လည်း မောင်းချခါးလို ရုပ်ဝတ္ထု ပစ္စည်းမှာ ကဲ့သို့ အနှစ်သာရသည် ဖြစ်တည်မှုထက် အရင်ကျသည်ဟု ဆိုနိုင်မည်လော။ ပို၍ အဓိက ကျသည်ဟု ပြောနိုင်မည်လော။ အကယ်၍သာ ဤသို့ ခံယူ လိုက်ပါက လူသားသည် ရုပ်ဝတ္ထု ပစ္စည်းနှင့် ဘာမျှ ထူးခြား တော့မည် မဟုတ်ပေ၊ ရှင်သန်မှု အလားအလာ ဆိတ်သုဉ်း သွားပေတော့မည်။ တီထွင် ဖန်တီးမှုလည်း ရှိတော့မည် မဟုတ်။ လူဖြစ်ရခြင်း ဂုဏ်သိက္ခာ ကိုလည်း ရှာ၍ ရတော့မည် မဟုတ်။

ထာဝရ ဘုရားကို ယုံကြည်သူများ အတွက်မူ လူသား၏ ဂုဏ်သိက္ခာ ကိစ္စကို ရှင်းလင်းရန် လွယ်ကူကောင်း လွယ်ကူ ပေလိမ့်မည်။ ပန်းပဲ သမားသည် သူ့ခေါင်း ထဲရှိ စိတ်ကူးပုံစံ အနှစ်သာရ အတိုင်း မောင်းချခါးကို ထုတ်လုပ် လိုက်သကဲ့သို့ ထာဝရ ဘုရားသည်လည်း သူ၏ မဟာ ဝိညာဉ်တော် ထဲတွင် ရှိနေသော "လူ" ဟူသည့် စိတ်ကူးထည် အတိုင်း လူသား တဦးစီကို ဖန်ဆင်း ထုတ်လုပ် လိုက်ခြင်း ဖြစ်သည်။ ဤတွင် လူသားကို ထာဝရ ဘုရားက ဖန်တီး ထုတ်လုပ်လိုက် ရုံမျှမက လူတဦးချင်း စီအတွက် သုခ၊ ဒုက္ခ၊ အကောင်းအဆိုး များကိုလည်း တပါတည်း သတ်မှတ် ပေးခဲ့ပေသည်။ ထို့ကြောင့် လူသားသည် ထာဝရ ဘုရား၏ ပြဋ္ဌာန်းခံများ ဖြစ်သွားပြီး ပုဂ္ဂလ လွတ်လပ်မှု ပျောက်သွား ပေတော့သည်ဟု ဆာ့တ်က မှတ်ချက် ချလေ၏။

အမှန်စင်စစ် "အနှစ်သာရ" နှင့် "ဖြစ်တည်မှု" တို့၏ ရှေ့ဖြစ်၊ နောက်ဖြစ် ကိစ္စ၊ ပိုပြီး အဓိက ကျ မကျ ကိစ္စသည် အနောက်တိုင်း ဒဿန သမိုင်းတွင် အတန်ပင် အရေးပါပြီး နက်နဲသည့် ပြဿနာ တရပ် ဖြစ်ပေသည်။ ထာဝရ ဘုရားကို ယုံကြည် သက်ဝင်ကြသူများ ကိုပင် မဆိုထားဘိ၊ ထာဝရ ဘုရားကို ငြင်းပယ် ခဲ့ကြသည့် ဘုရားမဲ့ ဝါဒီ တချို့ပင် ပုဂ္ဂလ လူသား၏ ဖြစ်တည်မှု အရေးကြီးပုံကို မျက်စိလည် သွားတတ် ကြပေသည်။ သူတို့ကလည်း

လူသားတွင် အနှစ်သာရက ဖြစ်တည်မှုထက် အရင်ကျသည်။ ပို၍ ပဓာန ကျသည်ဟု ယူဆ ခဲ့ကြသည်ကို တွေ့ရပေသည်။

"ထာဝရ ဘုရားကို မယုံကြသော ဒီဒါရိုး (Diderot 1713-1784)၊ ဗော်လ်တိုင်းယား (Voltaire 1694-1778)၊ ကန့် (Kant 1724-1804) တို့ ကဲ့သို့သော တွေးခေါ်ရှင်များမှာတောင် အနှစ်သာရက ဖြစ်တည်မှုထက် ရှေးကျတယ် ဆိုတဲ့ အယူအဆမျိုး ရှိနေတယ်။ သူတို့က လူသား တဦးချင်းစီမှာ လူ့သဘာဝ (Human Nature) ဆိုတာ ရှိတယ်လို့ ခံယူကြတယ်။ ဒါဟာ လူဖြစ်ရခြင်း ဆိုတဲ့ ယေဘုယျ အနှစ်သာရ သဘောကို ရှေ့တန်းတင် စဉ်းစား လိုက်တာ ဖြစ်တယ်။ ပုဂ္ဂလ လူသား ဆိုတာ ဒီယေဘူယျ တရားရဲ့ သီးခြား ဖော်ဆောင် ထားတဲ့ ကိုယ်ပွားတွေသာ ဖြစ်တယ် ဆိုတဲ့ အယူအဆကို ဆိုက်ရောက် သွားပြီး ပုဂ္ဂလ လူသားရဲ့ ဖြစ်တည်မှု ဘဝကို မေ့မှိန် သွားစေတယ်" ဟု ဆာ့တ်က ရှုမြင် ခဲ့သည်။

လူ့သဘာဝ ဟူသော ယေဘုယျ အနှစ်သာရ သဘောနှင့် ဘောင်ခတ်ပြီး လူကို အနက် အဓိပ္ပာယ် ဖွင့်ဆိုရန် ကြိုးပမ်း နေသော လုပ်ရပ် မှန်သမျှသည် အချည်းနှီးသာ ဖြစ်၏။ ဤနည်းအားဖြင့် လူသား၏ ပုဂ္ဂလ ဘဝ ဖြစ်တည်မှုကို မည်သို့မျှ နားလည် သဘောပေါက်နိုင်မည် မဟုတ်ဟု ဆာ့တ်က ဆိုလိုခြင်း ဖြစ်ပေသည်။

ဤသို့ ဆိုလျှင် ပုဂ္ဂလ လူသား တဦး၏ အမှန်တကယ် စစ်မှန်သော ဘဝ ဖြစ်တည်မှု ဟူသည် အဘယ်နည်း။

ဤမေးခွန်း အတွက် အဖြေကို "အရှိ တရားနှင့် သုည ဘဝ" ဟူသော သူ၏ ဂန္ထဝင် ဒဿန ကျမ်းတွင် အခြေခံကျကျ တင်ပြ ရှင်းလင်း ပေးခဲ့သည်။

## ဒဏ်ခတ်ခံ လွတ်လပ်ခြင်း

၁၉၄၃ ခုနှစ်တွင် ယန်းပေါ်ဆာ့တ်သည် "အရှိ တရားနှင့် သုည ဘဝ" ကို ရေးသား ထုတ်ဝေခဲ့သည်။ သူ့ဒဿန ဖြစ်တည်မှု အတွက် အခြေခံ လက်စွဲကျမ်း ဖြစ်ပေသည်။ စာမျက်နှာ ၇၀၀၀ ကျော်မျှ ထူထဲ လှသော စာအုပ် ဖြစ်သည်။ စာအုပ် အရေအတွက် အနည်းငယ်မျှသာ ရောင်းခဲ့ရသည်။ ထိုစဉ်က ယင်း စာအုပ်၏ ဂယက် မှာလည်း ဘာမျှ ကြီးကြီးကျယ်ကျယ် မရှိခဲ့။ စာအုပ်ပါ အယူအဆ တို့ကိုလည်း ဆွေးနွေးချက် မရှိ သလောက် ဖြစ်ခဲ့၏။ စီးပွားရေး အရသော် လည်းကောင်း၊ အသိပညာ အရသော် လည်းကောင်း အောင်မြင်သော စာအုပ် မဟုတ်ခဲ့ပေ။ သို့သော် ယခု အခါတွင်မူ ကမ္ဘာပေါ်တွင် အကျော်ကြားဆုံး ဒဿန ကျမ်းတဆူ ဖြစ်လာပေသည်။ အင်္ဂလိပ်၊ ဂျာမန်၊ ရုရှ၊ စပိန် စသည့် ကမ္ဘာ့ ဘာသာ စကား များစွာသို့ ဘာသာ ပြန်ဆို ရသော ကျမ်း ဖြစ်လာ၏။ ယင်း အတွက် အဖွင့်ကျမ်းများ၊ ဝေဖန်ရေး စာအုပ်များ မှာလည်း ဘာသာ စကား မျိုးစုံနှင့် ထွက်ပေါ်လျက် ရှိပေသည်။

ဒဿန တရပ်ကို ဖန်တီးခြင်းသည် လက်ရာမြောက် ဂန္ထဝင် အနုပညာ တရပ်ကို ဖန်တီး သကဲ့သို့ပင် ဖြစ်၏။ နက်ရှိုင်း လှသည်နှင့် အမျှ သိမ်မွေ့ လှသော ကိစ္စများ ဖြစ်၏။ သာမန် အားဖြင့် ချက်ချင်း သိရှိ နားလည် ချည်းကပ် ခံစား နိုင်သော အရာများ မဟုတ်ပေ။ ဆာ့တ်၏ "အရှိ တရားနှင့် သုည ဘဝ" မှာလည်း ထို သဘော အတိုင်း ဖြစ်ခဲ့ ပေသည်။

"အရှိ တရားနှင့် သုည ဘဝ" ၏ အဓိက ရည်ရွယ်ချက်မှာ ပုဂ္ဂလ လူသား ဟူသည် မည်သို့သော အရှိ တရား ဖြစ်သနည်း ဟူသော ပြဿနာကို ဖြေရှင်းရန် ဖြစ်သည်။ ယင်းကျမ်း၏ ခေါင်းစဉ် ကပင် ဖြေရှင်းချက် အနှစ်ချုပ် ဖြစ်ပေသည်။ ဆာ့တ် အလိုအရ လူသားတွင် အရှိ တရားရော သုည ဘဝကပါ ပါဝင် နေသည်။ ရှိခြင်း သဘော (Being) ရော၊ မရှိခြင်း သဘော (Not- being) ပါ ပါဝင် နေပေသည်။ တနည်းအားဖြင့် ဆိုသော် လူသားသည် သူ့ ပကတိ အတိုင်း ရှိခြင်း (Being-in-itself) အနေဖြင့် လည်းကောင်း၊ ကိုယ့်အတွက် ကိုယ်ရှိခြင်း (Being-for-itself) အနေဖြင့် လည်းကောင်း ဖြစ်တည်နေသည်ဟု ဆာ့တ်က ယူဆ ပေသည်။

သူ့ ပကတိ အတိုင်း ရှိခြင်း ဟူသည် မိမိတို့ မူရင်း သဘော သဘာဝ အတိုင်း ရှိနေ ဖြစ်နေ ကြသော သက်မဲ့ အရာဝတ္ထု ပစ္စည်းများကို ဆိုလိုခြင်း ဖြစ်ပေသည်။ ယင်း တို့သည် အသိခံ တရားများ ဖြစ်ကြသည်။ ပြင်ပ လောကတွင် ဓမ္မ ဓိဌာန် ကျကျ တည်ရှိ နေကြ၏။ ယင်းတို့သည် မိမိ ဘာသာ မိမိ ရပ်တည် နိုင်ကြ၏။ သိပ်သည်း ပြည့်ဝ ခိုင်မာမှု သဘော ရှိကြ၏။ ထုထည် ပုံသဏ္ဌာန် ရှိကြ၏။ သို့သော် ယင်းတို့တွင် သိစိတ် မရှိကြကုန်။ ထို့ကြောင့် ယင်း တို့တွင် စိတ် လှုပ်ရှားမှု မရှိ၊ ခံစားမှု မရှိ၊ လိုအင် ဆန္ဒ မရှိကြပေ။ သို့ဖြစ်၍ ယင်းတို့တွင် ပူပန် သောက ရောက်နေ စရာလည်း မရှိကြ။ မိမိ ရပ်တည်မှု အတွက် စိုးရိမ်ကြောင့်ကြရန်လည်း မလိုပေ။ ဤ ရုပ်ဝတ္ထု ပစ္စည်း တို့သည် အသိခံ အရာများ ဖြစ်ကြ၏။ အပြုခံ၊ ပြဌာန်းခံ အရာများ ဖြစ်ကြ၏။ ယင်းတို့၏ အရွယ်အစား၊ အတိုင်း အတာ၊ ပုံသဏ္ဌာန် အနေအထား၊ မည်သည့် ပစ္စည်းဖြင့် ပြုလုပ် ထားသည်၊ မည်ကဲ့သို့

အသုံးဝင်သည် တို့ကို သိရှိ ထားပါက ယင်းတို့ အကြောင်းကို လူတို့သည် အကဲဖြတ် နိုင်ပေသည်။

သို့ရာတွင် လူသား တဦး တယောက်နှင့် ပတ်သက် လာသော အခါတွင်မူ ဤသို့ မဟုတ်တော့ပေ။ လူတဦး တယောက်၏ ကိုယ်ခန္ဓာ ရုပ်ပိုင်း အနေအထား၊ ပုံသဏ္ဌာန် သဘော လက္ခဏာ ရုပ်များနှင့် လူ့ အဖွဲ့အစည်း အတွင်း သူ၏ အသုံးကျမှု တန်ဖိုးကို သိနားလည် ရုံမျှဖြင့် ဤလူ၊ ဤပုဂ္ဂိုလ် အကြောင်းကို ရေရေ ရာရာ ဇစ်ဇစ် မြစ်မြစ် သိရှိ နားလည် နိုင်ပြီဟု မပြောနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် လူသားတွင် ဤသို့သော ရုပ်ပိုင်း ဆိုင်ရာ လက္ခဏာ ရုပ်များ အပြင် အထူး အရေးပါ လှပြီး လူသားတို့ ပြည့်ပြည့်စုံစုံ မသိရှိ ရသေးသည့် ကြန်အင် လက္ခဏာရုပ် တမျိုးသည် ထပ်ဆင့် တည်ရှိ နေသောကြောင့် ဖြစ်သည်။ ယင်းကား လူသား၏ သိစိတ် (Consciousness) ဖြစ်ပေသည်။ သိစိတ်ကို ပေတံဖြင့် တိုင်းတာ၍ မရ။ ယင်း သိစိတ်ကြောင့် လူသားသည် ကမ္ဘ သဘော ဆောင်သည့် အပြုံ အရာဝတ္ထု (ပကတိ အတိုင်း ရှိခြင်း) တို့၏ အဆင့် အတန်းကို ကျော်လွန်၍ သွား၏။ မြင့်မြတ် သွား၏။ မိမိ နှစ်သက်ရာ ဘဝကို ရွေးချယ် နိုင်သည့် ပုဂ္ဂလ ဓိဌာန် သဘော ဆောင်သည့် အရှိတရား (Subjective Being) အဆင့်သို့ တက်လှမ်း ရောက်ရှိ လာနိုင်ပေ၏။ ယင်းသို့သော အရှိ တရားကို ဆာ့တ်က ကိုယ့်အတွက် ကိုယ် ရှိခြင်းဟု ခေါ်ဆို ခဲ့ပေသည်။

"ကိုယ့် အတွက် ကိုယ်ရှိခြင်း ဟူသည် ရုပ်ဝတ္ထုများ ရှိနေ သကဲ့သို့ ရှိနေခြင်း မဟုတ်ပေ။ ယင်း အရှိ တရားသည် တစုံ တခုသော အရာကို သိလိုက်ခြင်း သဘော ဖြစ်ပေသည်။" "ယင်းသည် ဒြပ် အကောင် အထည် ကင်းမဲ့သော သိစိတ် ဖြစ်ပေသည်။ သိမှု ကတ္တား (Knowing Subject) အဖြစ် တည်ရှိ နေပေသည်" ဟူ၍ ဆာ့တ်က ဖွင့်ဆို ပေသည်။

ဤ သိစိတ်သည် လူသား၏ ထူးမြတ်သော သီးခြား ဂုဏ်ရည် မဟုတ်ပေ။ လူဟူ၍ ဤလောက အတွင်း မွေးဖွား ဖြစ်တည် သည်နှင့် တပြိုင်နက် သိစိတ်သည် တပါတည်း ရှိနေပြီး ဖြစ်သည်။ ယင်းသိစိတ် (ဝါ) ကိုယ့်အတွက် ကိုယ်ရှိ နေခြင်းသည် ပကတိ အတိုင်း ရှိခြင်း တည်းဟူသော ပြင်ပ ဗဟိဒ္ဓ ရုပ်လောက ရုပ်ဝတ္ထု ပစ္စည်းများ ကဲ့သို့ ပြည့်ဝ သိပ်သည်းသော ဒြပ်ရှိ ပစ္စည်း မဟုတ်ပေ။ ထို့ကြောင့် အာရုံ ခံစားမှု အားဖြင့် ထင်သာ မြင်သာသော တည်ရှိခြင်းမျိုး မဟုတ်ကြပေ။

ဤလောက တခွင် တပြင်လုံးတွင် နေရာယူ လွှမ်းမိုး ကြီးစိုး ထားသည်မှာ အရာဝတ္ထု ပစ္စည်းများ ဖြစ်ကြသည်။ ဤအဖြစ်မှာ လိုလား အပ်သည် မဟုတ်၊ စက်ဆုပ် ရွံ့ရှာဖွယ်ရာ မသတီ စရာ ကိစ္စ ဖြစ်သည်။ ဤသဘောကို ကောင်းစွာ သတိပြုမိ ကြစေရန် အတွက် ဆာ့တ်သည် သူ၏ "အော်ဂလီ (Nausea)" ဝတ္ထုတွင် ထည့်သွင်း ဖွဲ့ဆို၍ ထားပေသည်။

ထို ဝတ္ထုတွင် ဇာတ်ဆောင် ရိုကွင်တင် (Roquentin) သည် ရုပ်ဝတ္ထု ပစ္စည်းများနှင့် ပတ်သတ်ပြီး ထူးထွေ ဆန်းပြားသည့် အတွေ့ အကြုံကို ခံစား လာရသည်။ အရာ

ဝတ္ထုများ၏ ဖိစီး လွှမ်းမိုးမှုကြောင့် ယင်း တို့ကို ပုံမှန် အတိုင်း မမြင် မတွေ့ နိုင်တော့ဘဲ ကြောက်လန့် စရာ၊ အော့အန် ချင်စရာ၊ ကောင်းအောင် စက်ဆုပ် ရွံ့ရှာ စရာကြီး များသဖွယ် ထင်မြင် လာတော့သည်။ နောက်ဆုံးတွင် ပင်လယ် ကမ်းခြေမှ ကျောက်စရစ် ခဲကလေးများ ကိုပင် ကောက်မယူ နိုင်လောက်အောင် စက်ဆုပ် တုန်လှုပ် လာခဲ့သည်။ သာယာသော ပင်လယ် ကမ်းစပ်ရှိ လှပသော ကျောက်စရစ် ခဲကလေး၏ ဖြစ်တည်မှုကို သူ ကြည်ကြည်နူးနူး ခံစား၍ မရနိုင်ဘဲ ဖြစ်လာသည်။ ယင်းကျောက် စရစ်ခဲ၏ လွှမ်းမိုး ကြီးစိုးမှုကို အော်ဂလီ ဆန်လာ အောင်ပင် စက်ဆုပ် ရွံ့ရှာ လာခဲ့သည်။ သူ့ ခံစားမှုကို ရိုကွင်တင်က ဤသို့ ပြောပြသည်။

"အရာဝတ္ထု ပစ္စည်းများကို အလေးထားပြီး ဆက်ဆံ သင့်သည် မဟုတ်ပါ။ ယင်းတို့သည် သက်ရှိများ မဟုတ်ကြ။ ယင်းတို့ကို အသုံးချ၍ ရသည်။ ယင်းတို့သည် အသုံးဝင်သည်။ ဒါပါပဲ။ ဒါ့အပြင် ဘာမှ မဟုတ်။ သို့သော် ယင်းတို့က သူတို့ကို ဂရု ဓမ္မထား ဆက်ဆံဖို့ မိမိကို တောင်းဆိုသည်။ ဒါကတော့ ဆိုးဝါး လှသည်။ သည်းခံ၍ မရနိုင်အောင် ဖြစ်ရသည်။ ယင်းတို့သည် သက်ရှိ သားရဲ တိရစ္ဆာန်များ သဖွယ် ဖြစ်လာကြပြီး၊ ယင်းတို့နှင့် ဆက်စပ် ရမှာကိုပင် ကျွန်တော် လန့်လာသည်။ အခုတော့ ကျွန်တော် သိပြီ။ ကျောက်စရစ် ခဲကလေးကို ပင်လယ် ကမ်းခြေမှ ကောက်ယူ လိုက်တဲ့ အချိန်မှာ ဘယ်လို ခံစား ခဲ့ရတယ် ဆိုတာကို ကျွန်တော် ပြန်ပြီး မှတ်မိပြီ။ ချိုရဲရဲ စက်ဆုပ် ရွံ့ရှာစရာ မသတီ စရာကြီးပါ။ ဘယ်လောက်များ အော့နှလုံး နာစရာ ကောင်းလိုက် ပါသလဲ။ ကျောက်စရစ် ခဲဆီကပါ။ သေချာ ပါသည်။ ကျောက်စရစ် ဆီကနေ ကျွန်တော့် လက်ထဲ ရောက်လာ တာပါ။ ဟုတ်ပါသည်။ ဒါဟာ သိပ်ကို သေချာ လှပါသည်။ လက်ထဲ ရောက်လာသော အော်ဂလီ ဆန်ခြင်းပါ။"

ရုပ်ဝတ္ထု ပစ္စည်းများက ပေးသော အော်ဂလီ ဆန်ခြင်း။ ယင်း အတွေ့ အကြုံများကို ရိုကွင်တင်သည် အကြိမ်ကြိမ်ပင် မချိတင်ကဲ ခံစား ခဲ့ရသည်။ ယင်းတို့ကို တင်ပြရင်း ဆာ့တ်သည် ဖြစ်တည်မှု၏ အစိုး မရခြင်း သဘော (Contingency of Existence) ကို ခံစား စေခဲ့သည်။

ရိုကွင်တင်သည် အရာဝတ္ထု တို့၏ ဖြစ်တည်မှုကို ရှင်းလင်း ပြသ နိုင်သော အကြောင်းပြချက် ဘာမျှ မရှိကြောင်း တဖြည်းဖြည်း သဘော ပေါက်လာသည်။ ဖြစ်တည်မှုကို အကြောင်းပြ ပေးနိုင်တဲ့ အရာ ဖြစ်တည်မှု ရှေ့မှာ ဘာမှ မရှိဘူး ဆိုသည် ကိုလည်း နားလည် လာသည်။ အရာဝတ္ထုတွေ ရှိနေ ဖြစ်နေ ကြသည်။ ဒီလိုပဲ ရှိနေ ဖြစ်နေ ကြခြင်း ဖြစ်သည်။ ဤသို့ ရှိနေ ဖြစ်နေ ကြခြင်း အတွက် ဘာမျှ ရှင်းလင်း ပြချက် မရှိပေ။ မလိုအပ်ပေ။ မသေချာ မရေရာခြင်း သဘော၊ အစိုးမရခြင်း သဘောသည် ယင်းတို့၏ အခြေခံ ဇာစ်မြစ် ဖြစ်သည်။ ဤသည်ကို ရိုကွင်တင် တွေ့သိ ပြီးနောက် ဤသို့ ပြောပြသည်။

"ယုတ္တိ မတန်ခြင်း (ဝါ) အဓိပ္ပာယ် ကင်းမဲ့ခြင်း (The Absurd) ဟူသော စကားလုံး သည် ကျွန်တော့် ကလောင်ဖျားမှ ပေါ်ထွက် လာပါသည်။ ဒီ အဓိပ္ပာယ် မဲ့ခြင်း ဆိုတာ ကျွန်တော့် ဦးခေါင်း ထဲမှာ ရှိနေသော အယူအဆ မဟုတ်ပါ။ လွင့်ပျံ့ လာသော အသံ

တသံလည်း မဟုတ်ပါ။ ကျွန်တော် ကိုယ်တိုင် ပြည့်ပြည့် ဝဝကြီးကို တွေ့ကြုံ ခံစား လိုက်ရတဲ့ အတွေ့အကြုံပါ”

ရိုကွင်တင် ကြုံတွေ့ သိရှိ လိုက်ရသော အဓိပ္ပာယ် မဲ့ခြင်း ဟူသည် အစိုးမရခြင်း သဘော၏ အဓိပ္ပာယ် မရှိမှု၊ ယုတ္တိ မတန်မှု ဖြစ်ပေသည်။ စကားလုံး များဖြင့် ဖော်ပြ ရှင်းလင်း၍ မရနိုင်သည့် အရာဝတ္ထု တခုစီ တခုစီ၏ ဖြစ်တည်မှု ဖြစ်၏။ ကမ္ဘာ လောကကြီး တခုလုံးကို လွှမ်းမိုး ထားသည့် မည်သည့် အနက် အဓိပ္ပာယ်မျှ မပါရှိသည့် အရှိတရား ဖြစ်၏။

လူသား တဦး၏ ဖြစ်တည်မှု ဘဝ သည်လည်း ယုတ္တိ မတန်သော ဘဝ၊ အဓိပ္ပာယ် ကင်းမဲ့သည့် ဘဝ ဖြစ်သည်။ အဘယ်ကြောင့်နည်း။

လူ၏ ဖြစ်တည်မှုတွင် သူ့ ပကတိ အတိုင်း ရှိနေသော အရှိတရား **(Being-in-itself)** ရော၊ ကိုယ့်အတွက် ကိုယ်ရှိ နေသော အရှိ တရား **(Being-for-itself)** ပါ ပါဝင် နေသည်။ လူတွင် သူ့ ပကတိ အတိုင်း ရှိခြင်း သဘောအားဖြင့် ရုပ် ခန္ဓာကိုယ် ရှိသည်။ ကိုယ့် အတွက် ကိုယ်ရှိခြင်း သဘော အားဖြင့် သိစိတ် ပါရှိသည်။ ထို့ကြောင့် လူသားတွင် ဘယ်လိုမှ ကန့်သတ် ဆုံးဖြတ်၍ မရသည့် အစိုးမရခြင်း သဘော၊ မရေရာ မသေချာခြင်း သဘော ရှိနေ ပေသည်။ ထိုအတွက်ကြောင့် လူသား၏ ဖြစ်တည်မှု သည်လည်း အဓိပ္ပာယ် မရှိခြင်း၊ ယုတ္တိ မတန်ခြင်း ဖြစ်ရ ပေသည်။

ဆာ့တ်၏ အမြင်၌ အရှိ တရားများ ဖြစ်ကြသော သူ့ ပကတိ အတိုင်း ရှိခြင်းနှင့် ကိုယ့် အတွက် ကိုယ်ရှိခြင်း တို့သည် တခုနှင့် တခု လုံးဝ မတူဘဲ ခြားနား ကြ၏။ သို့သော် ကိုယ့်အတွက် ကိုယ်ရှိခြင်း (သိစိတ်) သည် သူ့ ပကတိ အတိုင်းရှိခြင်း (ရုပ်) ခန္ဓာ အပေါ် တည်ရှိသည်။ သူ့ ပကတိ အတိုင်း ရှိခြင်းက ကိုယ့် အတွက်ကိုယ် ရှိခြင်း အပေါ် မှီခိုရန် မလိုပေ။ သူ့ ဘာသာသူ ဓမ္မဓိဌာန် ကျကျ ပကတိ အတိုင်း ရှိနေ နိုင်ပေသည်။ သိစိတ်တည်း ဟူသော ကိုယ်စားပြု အရှိတရားသည် ဆက်နွယ်မှု တခု ဖြစ်သည်။ ဆက်နွယ်မှု တခု ဖြစ်ရန် အတွက် ဆက်နွယ်ခံ အရာ လိုအပ် ပေသည်။ ဆက်နွယ်ခံ အရာတည်း ဟူသော ပြင်ပ လောက (ဝါ) ဓမ္မဓိဌာန် ကျကျ တည်ရှိ နေသော အရာများ ရှိမှ သာလျှင် ဆက်နွယ်မှု သဘောသည် ဖြစ်လာ နိုင်ပေသည်။ ထို့ကြောင့် ကိုယ့်အတွက် ကိုယ်ရှိခြင်း **Pour Soi** ဖြစ်ပေါ်ရန် အတွက် သူ့ ပကတိ အတိုင်း ရှိနေသည့် အရှိတရား **En Soi** တည်း ဟူသော ပြင်ပ လောက လိုအပ်၏ဟု ဆာ့တ်က ယူဆ ခဲ့ပေသည်။

ပုဂ္ဂလ လူသား တဦးသည် လူအဖြစ် မွေးဖွား ဖြစ်တည် လာသည်နှင့် တစ်ပြိုင်နက် ကိုယ့်အတွက် ကိုယ်ရှိခြင်း (သိစိတ်) ကို သူ့ ပကတိ အတိုင်း အရှိတရား (ရုပ်ခန္ဓာ) မှ ခွဲထွက် လိုက်သော သတ္တဝါ ဖြစ်ပေသည်။ သို့ရာတွင် လူ့ဘဝ ဟူသည်မှာ ဤသို့ လုံးဝ ခြားနား နေသည့် ကိုယ့်အတွက် ကိုယ်ရှိခြင်းနှင့် သူ့ ပကတိ အတိုင်း ရှိခြင်း တို့ကို ပေါင်းစည်း ညီညွတ်မှု ရရှိ လာစေရန် အမြဲ ထာဝစဉ် လှုပ်ရှား ကြိုးပမ်းမှု ပြုနေရသော ဘဝ ဖြစ်သည်။ သို့ရာတွင် ပုထုဇဉ် လူသားများ အနေဖြင့် ယင်းတို့ လိုလားသော **Pour Soi** နှင့် **En Soi** ပေါင်းစည်း ညီညွတ်မှုကို ဘယ်သောခါမှ မရ ရှိနိုင်ပါ။ ဤ သို့သော ပေါင်းစည်း

ညီညွတ်မှုသည် စိတ်ကူး ထဲမှာသာ ဖြစ်နိုင်သည်။ ဘယ်တော့မှ လက်တွေ့ မရှိနိုင်ဟု ဆာ့တ်က ဆိုခဲ့ပေသည်။

"ဤသို့သော စိတ်ကူး ထဲတွင် ပေါင်းစည်းမှုသည် ဘုရား သခင်ဟု ခေါ်တွင်ကြသော အရာ၌သာ ရှိနိုင် ပေမည်။ လူသားများ မျှော်မှန်း တောင့်တ ကြသည့် လူ့ အရှိတရား၏ အခြေခံ အစီအမံ ပရိုက်ဂျက် (Project) မှာ ဘုရားသခင် ဖြစ်ရေးဟု ဆိုရပေမည်။ လူတို့သည် အခြေခံ အားဖြင့် ဘုရားသခင် တပါးလို ဖြစ်ချင် ကြသော ဆန္ဒ ရှိကြ ပေသည်။"

သို့ရာတွင် ယင်း ဆန္ဒ၊ ယင်း ရည်မှန်းချက်ကို ဘယ်သော အခါမျှ အောင်မြင် ရရှိ နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လူသားများ ထားရှိ ကြသည့် အစီအမံ ပရိုဂျက် ဆိုသည် မှာလည်း မည်သည့် အဓိပ္ပာယ်မျှ မရှိပေ။ လုံးဝ ယုတ္တိ မတန်ဟု ဆာ့တ်က ခံယူပေသည်။

အဓိပ္ပာယ် ကင်းမဲ့မှု၊ ယုတ္တိ မတန်မှု ဟူသည် လူက ထွင်လိုက်၍ ဖြစ်လာသော အရာ မဟုတ်ပေ။ တကယ် ကြုံတွေ့ ခံစားရသော အစစ်အမှန် တရား ဖြစ်သည်။ ဆာ့တ် အလိုအရ ပြင်ပ လောက သည်လည်း အဓိပ္ပာယ် ကင်းမဲ့၏။ လူ့ဘဝ သည်လည်း အဓိပ္ပာယ် မရှိ၊ ယုတ္တိ မတန်ဟု ဆိုသည်။ သို့ဆိုလျှင် ပြင်ပ လောက အရာဝတ္ထုများနှင့် လူသား ဘာများ ခြားနား ကြသနည်း။

လုံးဝ ခြားနား လေသည်။

ပြင်ပ အရာဝတ္ထုများတွင် သူ့ ပကတိ အတိုင်း ရှိခြင်း သဘောသာ ပါရှိ၏။ လူတွင်မူ သူ့ ပကတိ အတိုင်း ရှိခြင်းရော၊ ကိုယ့်အတွက် ကိုယ် ရှိခြင်းပါ ပါရှိ ပေသည်။ လူသားတွင် ပြင်ပ ရုပ်ဝတ္ထုများ၌ လုံးဝ မရှိသည့် သိစိတ်ရှိ၏။ လွတ်လပ်မှု ရှိ၏။

"သိစိတ်သည် ဖြစ်တည်မှု၏ ကိုယ်စားပြု ဖော်ဆောင်ချက် ဖြစ်သည်။ နတ္ထိ ဘဝ (ဝါ) သုည ဘဝ (Nothingness) သည် သိစိတ်၏ အကြောင်းတရား ဖြစ်သည်။ သို့ဖြစ်၍ သိစိတ်၏ ကိုယ်ပိုင် တည်ရှိမှု အတွက် အကြောင်း တရားမှာ သိစိတ်ပင် ဖြစ်ပေသည်" ဟု ဆာ့တ်က ဖွင့်ဆိုသည်။

ဆာ့တ်၏ အမြင်အရ လူ၏ သိစိတ်တွင် မည်သည့် အကြောင်းရင်း ခံမျှ မရှိပေ။ မည်သည့် အနှစ်သာ ဂုဏ်ရည် လက္ခဏာ မျှလည်း မရှိပေ။ ထို့ကြောင့် သိစိတ်သည် သုည ဘဝ သုည သဘော ဖြစ်သည်။ သိစိတ် ပါဝင် နေသော လူသား၏ ဘဝ မှာလည်း သုည ဘဝ၊ သုည အဖြစ်ပင် ဖြစ်ချေ တော့သည်။

လူသည် မည်သည့် ပြဌာန်းချက်၊ မည်သည့် ဂုဏ်ရည် အနှစ်သာရမျှ မရှိဘဲ ဖြစ်တည် လာရသော သတ္တဝါ ဖြစ်၏။ မိမိ ဘဝ အတွက် မိမိ ဘာသာ မိမိ ဖြစ်တည် နေရသော သတ္တဝါ ဖြစ်၏။ မိမိ ဘဝ ဖြစ်တည်မှုကို ရရှိ ပြီးမှ သာလျှင် ကိုယ် နှစ်သက်ရာ ဘဝကို ကိုယ်ကိုယ်တိုင် ရွေးချယ်၍ တည်ဆောက် ယူရသော သတ္တဝါ ဖြစ်ပေသည်။

တနည်းအားဖြင့် ဆိုသော် လူ့ သိစိတ်၏ သုည ဘဝ၊ နတ္ထိ သဘော ရှိနေမှုသည် ကျွန်ုပ်တို့ လူသားများ၏ လွတ်လပ်မှု အတွက် ရေခံ မြေခံ အခြေအနေ ပေးချက် ဖြစ်၏။

လူသား၏ လွတ်လပ်မှုသည် သူ၏ ဖြစ်တည်မှု၏ အစိတ်အပိုင်း တရပ် မဟုတ်၊ ဂုဏ်ရည် မဟုတ်ပေ။ လူသား၏ ဖြစ်တည်မှု ကိုယ်နှိုက် ကပင် လွတ်လပ်မှု ဖြစ်သည်။ လူဟူသည် လွတ်လပ်မှုပင် ဖြစ်ပေသည်။ ပြုမှု ဆောင်ရွက်ခြင်း ဟူသည် လူ့ လောကကြီး တခုလုံး၏ ပုံသဏ္ဍာန် အနေအထားကို ပြုပြင် ဖန်တီး လိုက်ခြင်း ဖြစ်ပေသည်။

လွတ်လပ်မှုနှင့် လူသည် ထပ်တူ ထပ်မျှ ဖြစ်ကြောင်းကို စစ် အတွင်းက ရေးသားခဲ့သော ယင်ကောင်များ (The Flies) ပြဇာတ်တွင် ဆာ့တ်က တင်ပြခဲ့သည်။ ယင်း ပြဇာတ်တွင် မိမိကို အာခံသော အောရက်စ်တေး (Crestes) ကို ဇီးယု (Zeus) နတ် မင်းကြီးက "မင်းကို ဘယ်သူ ဖန်ဆင်း ခဲ့သလဲ ဆိုတာ သိတယ် မဟုတ်လား" ဟု ခြိမ်းခြောက်သည်။ ထိုအခါ အောရက်စ်တေးက "မှန်ပါတယ်။ ခင်ဗျား ကျုပ်ကို ဖန်ဆင်း ခဲ့တာပါ။ ဒါပေမယ့် ခင်ဗျား အမှား တခု ကျူးလွန် ခဲ့တယ်လေ။ ဒါကတော့ ခင်ဗျားက ကျုပ်ကို လွတ်လပ်သူ အဖြစ် ဖန်ဆင်း ခဲ့တာပဲ" ဟု ဆိုကာ ဇီးယု၏ ပြဌာန်းမှုကို ငြင်းဆိုပြီး သူ၏ လွတ်လပ်မှုကို ကြွေးကြော် ခဲ့သည်။

သို့ရာတွင် ဤ လွတ်လပ်မှုသည် ပျော်ရွှင် ချမ်းမြေ့ ဖွယ်ရာ မင်္ဂလာ တပါးတော့ မဟုတ်ပေ။ အဘယ့်ကြောင့် ဆိုသော် ရှင်သန်သော အသိစိတ် ရှိနေသည့် လူသားသည် မိမိ မဖြစ်သေးသော အလားအလာ ဖြစ်ခြေများ ဆီသို့ မည်သည့် အထိန်း အချုပ်မျှ မရှိဘဲ လွတ်လပ်စွာ ရှေ့ရှု ဦးတည် ပြောင်းလဲ နေကြသည့် အတွက်ကြောင့် ဖြစ်၏။ ထို့ကြောင့် လူ၏ ဘဝ ဖြစ်တည်မှုသည် တည်မြဲမှု မရှိပေ။ လုံခြုံမှုလည်း မရှိပေ။ လူသားသည် လွတ်လပ်မှုကို ရရှိ လိုက်သည်နှင့် အတူ မိမိ ဘဝ လုံခြုံမှု ကိုလည်း စွန့်လွှတ် လိုက်ရပေသည်။ "လွတ်လပ်မှု အတွက် တန်ရာ တန်ကြေးကို ပေးဆပ် ရသည်" ဟု ဆာ့တ်က ဆိုပေသည်။ လူသားတွင် လွတ်လပ်မှုနှင့် အတူ တာဝန်ယူ ရခြင်း ဟူသော ဝန်ထုပ် ဝန်ပိုးသည် ထက်ကြပ် မကွာ လိုက်ပါ လာသည်သာ ဖြစ်၏။

ရုပ်ဝတ္ထု ပစ္စည်း တခု ဖြစ်သော ကျောက်တုံး ကမူ လူကဲ့သို့ မဟုတ်၊ ကျောက်တုံးတွင် သိစိတ် မရှိ၊ ပြဌာန်း သတ်မှတ် ခံထား ရသည် ဖြစ်၍လည်း လွတ်လပ်မှု မရှိပေ။ ထို့ကြောင့် ကျောက်တုံး တတုံးတွင် မည်သည့် တာဝန်မျှ မရှိ၊ မည်သည့် စိုးရိမ် သောကမျှ မရှိ၊ ၎င်းတွင် ကျောက်တုံး ဘဝမှ အခြားအရာ တခုသို့ မိမိ ဘာသာ ကူးပြောင်း ရောက်ရှိ မသွားနိုင်၊ တနည်းအားဖြင့် ကျောက်တုံးတွင် မည်သည့် ဖြစ်စရာ အလားအလာ မရှိပေ။ ထို့ကြောင့် ကျောက်တုံး ဘဝသည် တည်မြဲ၏။ လူကဲ့သို့ သေဆုံးခြင်းလည်း မရှိပေ။ သို့ဖြစ်၍ "ကျောက်တုံး ဘဝသည် လုံခြုံမှု အပြည့် ရှိသည်"ဟု ဆာ့တ်က ဆိုခဲ့ခြင်း ဖြစ်သည်။ ထိုနည်းတူ စားပွဲ တလုံးတွင်လည်း မည်သည့် စိုးရိမ်စရာ ရှိမည် မဟုတ်ပေ။ စားပွဲ ဟူသည် ပြဌာန်းခံ အရာဝတ္ထု ဖြစ်သည်။ လက်သမားက ပြုလုပ် ဖန်တီး၍ ဖြစ်ပေါ် တည်ရှိ လာရခြင်း ဖြစ်၏။ ထို့ကြောင့် ၎င်းတွင် ဘာ တာဝန်မျှ မရှိ။ မိမိ ရပ်တည်မှု အတွက်လည်း ဘာမျှ စိုးရိမ်စရာ မလိုပေ။ မလုံခြုံ စရာလည်း မရှိပေ။

သို့သော် လူသား ကမူ မိမိ ဘဝကို မိမိ ဘာသာ မိမိ ဖန်တီး တည်ဆောက် ယူရပေသည်။ ဤကမ္ဘာ လောကကြီး အတွင်း "လူ" ဟူ၍ ဖြစ်တည် လာကတည်းက သူ ပြုမူ ဆောင်ရွက် သမျှ အားလုံး အတွက် သူ့တွင် တာဝန် ရှိလာ၏။ ကိုယ့်ဘဝ အတွက် ကိုယ့်မှာသာ တာဝန် အပြည့်အဝ ရှိ၏။ လူသားသည် ကိုယ့်ဘဝ လမ်းကြောင်းကို ကိုယ့်ဘာသာကိုယ် ရွေးချယ်ပြီး လျှောက်လှမ်း ချီတက် ရပေသည်။ ထို့ကြောင့် လူသားတွင် သိစိတ် ရှိရုံ မျှမက လွတ်လပ်မှုလည်း ရှိ၏။ ဤ လွတ်လပ်မှု အတွက် ပေးဆပ်ရမည့် တန်ဖိုး မှာလည်း တပါတည်း ကပ်၍ ပါလာ၏။ ယင်းကား ကိုယ့် တာဝန်ကိုယ် ခံယူလိုက်ခြင်း (ဝါ) မိမိ ဘဝ လုံခြုံမှု ကင်းမဲ့ခြင်း ဖြစ်၏ဟု ဆာ့တ်က ဖွင့်ဆို ပေသည်။

ထို့ကြောင့် ယန်းပေါ့ ဆာ့တ်က "လူ၏ လွတ်လပ်မှုသည် ဒဏ်ခတ်ခံ လွတ်လပ်ခြင်း ဖြစ်သည်" ဟု ဆိုခဲ့ခြင်း ဖြစ်၏။ "ထိတ်လန့် ကြောက်ရွံ့ စရာ ကောင်းလှသော လွတ်လပ်မှု" ဟု လည်း သတိ ပေးခဲ့၏။

ဤသို့ ဒဏ်ခတ် ခံရခြင်းမှာ တစုံ တဦးက ပြဋ္ဌာန်း ချမှတ် ပေး၍ မဟုတ်ပေ။ ဤကမ္ဘာ လောကကြီး အတွင်း လူသား အဖြစ် ဖြစ်တည် လာရခြင်း ကသာ လူကို ဒဏ်ခတ် လိုက်ခြင်း ဖြစ်၏။ ဤသို့သော ဒဏ်ခတ် ခံရခြင်းမှာ လူသားတွင် ပကတိ ရှိနေသော အဖြစ် တရပ်၊ အခြေအနေ တခုသာ ဖြစ်၏ဟု ဆာ့တ်က ဖွင့်ဆို ခဲ့၏။

## လွတ်လပ်မှုမှ ထွက်ပြေးခြင်း။

လူ တဦး တယောက်သည် စားပွဲထိုး ဖြစ်သည် (သို့မဟုတ်) မန်နေဂျာ ဖြစ်သည် (သို့မဟုတ်) ဆီးမိုက် လူမျိုး ဆန့်ကျင်ရေး သမား (Anti-Semite) ဖြစ်သည်ဟု ပြောဆို လိုက်ခြင်းနှင့် ဤ လူသည် မျက်လုံး ပြာ၏။ အသား ဖြူ၏ (သို့မဟုတ်) ဤ လူသည် ဆီးမိုက် လူမျိုး ဖြစ်၏ဟု ပြောဆိုခြင်း တို့မှာ ခြားနား ကြပေသည်။ မျက်လုံး ပြာခြင်း၊ အသား ဖြူခြင်း၊ ဆီးမိုက် လူမျိုး ဖြစ်ခြင်း တို့သည် လူ တဦးကို နဂိုမူလ လူ့ဘဝ ဖြစ်တည် လာကတည်းက သတ်မှတ် ပြီးသား ဖြစ်၏။ ပကတိ အတိုင်း ရှိနေ ကြခြင်းသာ ဖြစ်၏။ သို့သော် စားပွဲထိုး ဖြစ်ခြင်း၊ မန်နေဂျာ ဖြစ်ခြင်း၊ ဆီးမိုက် ဆန့်ကျင်ရေး သမား ဖြစ်ခြင်း တို့ကမူ နဂို မူလ ကတည်းက သတ်မှတ် ထားသည် မဟုတ်ပေ။ လူ တဦး တယောက် အနေဖြင့် မိမိ ဘာသာ မိမိ ရွေးချယ် ဆောင်ရွက်၍ ဖြစ်ပေါ် လာသော ဂုဏ် အရည်အချင်း သဘော လက္ခဏာ များသာ ဖြစ်ပေသည်။

လူ တဦး တယောက်သည် သူ့ မျက်လုံး အရောင်ကို မနှစ်သက် သော်လည်း ရှိနေသည့် အတိုင်းသာ လက်ခံ ထားရသည်။ အခြား အရောင်သို့ ပြောင်းပစ်၍ မရနိုင်ပေ။ သို့သော် သူ၏ အကျင့် စရိုက်၊ လက္ခဏာ၊ ဂုဏ် အရည်အသွေး၊ အရောင်အဆင်း ကိုမူ ပြုပြင် ပြောင်းလဲ ယူနိုင်သည်။ မျက်စိ အရောင်၊ အသား အရောင် တို့သည် မျိုးရိုး ဗီဇ သဘော အရ ပုံသေ သတ်မှတ် ထားပြီးသား ဖြစ်၏။ မိမိ ဘာသာ မိမိ ပကတိ တည်ရှိ နေသော အရာများ ဖြစ်၏။ စရိုက်၊ လက္ခဏာ၊ ဂုဏ် အရည်အသွေး ကမူ ပုံသေ သတ်မှတ် ထားသော အရာများ မဟုတ်ကြပေ။ အမြဲတမ်း ရှင်သန် ပြောင်းလဲ နေ၏။ လူပုဂ္ဂိုလ်၏ အပြုအမူ ဆောင်ရွက်ချက် အလုပ်အကိုင်ကို လိုက်၍ ပြောင်းနေ မည်သာ ဖြစ်၏။ မိမိ ဘာဖြစ်သည် ဆိုသည်မှာ မိမိ၏ လုပ်ဆောင်မှုသာ ဖြစ်၏။ ဘယ်သူ မပြု မိမိမှုသာ ဖြစ်ပေ၏။ လူသည် မိမိကိုယ် မိမိ တန်ဖိုးဖြတ် သတ်မှတ် နေကြသည်သာ ဖြစ်၏။ ထို့ကြောင့်လည်း ဖြစ်တည်မှု ဝါဒီ တို့က ဤ လောကတွင် လူ့သဘော လူ့သဘာဝ ကဲ့သို့သော အရာ ဟူသည် လုံးဝ မရှိဟု ဆိုကြခြင်း ဖြစ်၏။ မျက်မှောက်ခေတ် စပိန် ဒဿန ဆရာ အော်တေဂါ အီဂါဆေ (Ortegay Gasset) က "လူသားတွင် သဘော သဘာဝ လက္ခဏာ ဟူသည် မရှိ၊ ဖြစ်စဉ် သမိုင်းသာ ရှိ၏" ဟု မိန့်ဆို လေသည်။

လူသားသည် ကိုယ့်ဘဝ ကိုယ် တည်ဆောက် ရ၏။ ကိုယ့်လမ်း ကိုယ် ရွေးပြီး ကိုယ့်သမိုင်း ကိုယ် ရေးကြ ရ၏။ ကိုယ် ရွေးသော လမ်း၊ ကိုယ် ရေးသော သမိုင်း တွင်လည်း တာဝန် ယူရ၏။ ကိုယ့် သမိုင်းကိုယ် ရေး၍ ကိုယ့်ဘဝ ကိုယ် တည်ဆောက် ကြရာတွင် ရလာ ရောက်လာသော ဘဝနှင့် ပိုင်ဆိုင် လာသော ဂုဏ်ရည် တို့သည် တည်မြဲ ကြသည် မဟုတ်ပေ။ လုပ်ဆောင်ချက် အပြုအမူကို လိုက်၍ အစဉ် ပြောင်းနေ မည်သာ ဖြစ်၏။ ထို့ကြောင့်လည်း လူ့ဘဝသည် တည်ငြိမ်မှု ရှိသည် မဟုတ်ပေ။ လုံခြုံမှု ရှိသည် မဟုတ်ပေ။ မတည်ငြိမ် မလုံခြုံသော ဘဝ၊ ကိုယ့် တာဝန်ကိုယ် ယူနေ ရသော ဘဝ ဟူသည် လူတို့ မုချ ရင်ဆိုင် ရမည့် အခြေအနေသာ ဖြစ်သည်။ မည်သူမျှ ရှောင်လွှဲ၍ ရမည် မဟုတ်ပေ။ အရေးကြီး သည်မှာ မိမိ ဘဝ အတွက် မိမိ ဘာသာ တာဝန်ယူ ဆောင်ရွက်စိတ် မွေးကြရန် ဖြစ်သည်။ ကိုယ့်လမ်း ကိုယ် ရွေးပြီး ကိုယ့်သမိုင်း ကိုယ်

ရေးမည် ဟူသော အယူရှိကြရန် ဖြစ်သည်။ သို့မှသာ လူသားသည် မိမိ၏ လွတ်လပ်မှုကို ဖော်ဆောင်နိုင်ပေမည်။ မိမိဘဝ ဖြစ်တည် မှုကို စစ်စစ် မှန်မှန် တည်ဆောက် နိုင်မည် ဖြစ်၏။ ယန်းပေါ ဆာ့တ်က လူသည် ထာဝရ ဘုရား၏ ဖန်ဆင်းမှုကြောင့် လူ့ဘဝသို့ ရောက်ရှိ လာသည် မဟုတ်။ မိမိ ဘာသာ မိမိ လွတ်လွတ် လပ်လပ် ရောက်ရှိ လာခြင်း ဖြစ်၏။ မည်သို့သော အရာ၏ အကြောင်းပြု ပြဋ္ဌာန်းမှု ကြောင့်မှ မဟုတ်ပေ။ ထို့ကြောင့် လူသည် လွတ်လပ်သူ ဖြစ်၏။ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီး ရသူ ဖြစ်၏။ ထို့ပြင် လူ၏ လွတ်လပ်ခြင်းသည် လူ ဖြစ်လာပြီး နောက်မှ ပေါ်လာသည့် အရာ မဟုတ်ပေ။ လူဖြစ်ခြင်း ၌ပင် လွတ်လပ်ခြင်းသည် ထက်ကြပ် မကွာ ရှိနေ၏။ လူဖြစ်ခြင်း သည်ပင် လွတ်လပ်ခြင်း ဖြစ်၏။ လူဖြစ် ခြင်းနှင့် လွတ်လပ်ခြင်းသည် ထပ်တူ ထပ်မျှ သဘော ဖြစ်၏ဟု ဆိုခဲ့ပေသည်။

သို့သော် လူ အတော် များများသည် မိမိ၏ လွတ်လပ်မှုကို မျက်ကွယ် ပြုကြ၏။ ငြင်းပယ် ကြ၏။ အဘယ်ကြောင့်နည်း။

ဖြစ်တည်မှု ဝါဒီတို့ အလိုအရ လူ့ဘဝ ဟူသည် ကိုယ့်စိတ်ကြိုက် ရွေးချယ်ပြီး ကိုယ်ကိုယ်တိုင် တည်ဆောက် ထားသည့် အရာ ဖြစ်၏။ ထို့ကြောင့်လည်း မိမိ ဘဝ အတွက် မိမိသာ တာဝန် ယူရ၏။ လွတ်လပ်မှုနှင့် အတူ တာဝန်သည် ကပ်ပါ လာ၏။ မိမိဘဝ မလုံခြုံမှု အတွက် စိုးရိမ်ပူပန် သောက ရောက်ကြရ၏။ ဘဝ မတည်ငြိမ်မှု အတွက် ဝမ်းနည်း ကြေကွဲ ရ၏။ စိုးရိမ် အားငယ် ရ၏။ ယင်း တို့သည် လွတ်လပ်မှု၏ ဖွားဖက်တော်များ ဖြစ်ကြ၏။ ဤသို့သော လွတ်လပ်မှု၏ ရက်စက် ဖိစီးမှု ဒဏ်ကို လူသားများသည် ကြံ့ကြံ့ခံ ရင်မဆိုင် ဝံ့ကြပေ။ ထို့ကြောင့် လူတို့သည် စစ်မှန်သည့် လူ့ဘဝကို မရရှိကြ။ လူသား၏ လွတ်လပ်မှု အရသာကို မခံစားကြရဟု ဆာ့တ်က ဆိုပေသည်။

ပြီးခဲ့သည့် ဒုတိယ ကမ္ဘာစစ်ကြီး အတွင်း လူသား တို့သည် အလွန်အမင်း ထိတ်လန့် ကြောက်ရွံ့ ဖွယ်ရာများနှင့် နဖူးတွေ့ ဒူးတွေ့ ကြုံခဲ့ရ၏။ ဒုက္ခ ဆင်းရဲခြင်း အမျိုးမျိုး ကိုလည်း မချိမဆန့် ခံစား ကြရ၏။ ထို အခြေအနေတွင် မိမိ တို့သည် လွတ်လပ်မှု အတွက် တိုက်ပွဲ ဝင်ရင်း အသက် စွန့်ကြသည်။ လွတ်လပ်ရေး အတွက် တိုက်ခိုက်ရင်း သေဆုံး ခဲ့ကြသည်ဟု ပြောဆို ခဲ့ကြ၏။ အသံကောင်း ဟစ်ခဲ့ကြ၏။

ထိုအချိန်မှာပင် အမှန်စင်စစ် လူတို့သည် လွတ်လပ်မှုမှ ရှောင်ပြေးသည့်အတွက် (ဝါ) လွတ်လပ်မှုကို ငြင်းပယ်ခဲ့ကြသည့်အတွက်ကြောင့်သာ သေဆုံးခဲ့ကြခြင်း ဖြစ်သည်ဟု အဆို ပြုထားသော စာအုပ်တစ်အုပ် ထွက်လာခဲ့သည်။ ထိုစာအုပ်၏ အမည်မှာ "လွတ်လပ်မှုမှ ထွက်ပြေးခြင်း (**Escape From Freedom**)" ဖြစ်၏။ စာရေးသူမှာ စိတ်ပညာရှင် အားရစ်ဖရွမ်း (**Erich Fromm**) ဖြစ်၏။

ယန်းပေါ ဆာ့တ်သည် ဖရွမ်းနှင့် သဘောထား တူမျှ ခဲ့၏။ လူတို့သည် မိမိ တို့၏ လွတ်လပ်မှုကို အလဲအလှယ် လုပ်ရန် အမြဲတမ်း ကြိုးပမ်း ကြ၏။ မိမိ၏ ပုဂ္ဂလ ဘဝ စစ်မှန်စွာ ဖြစ်တည်မှု လွတ်လပ်မှုကြောင့် ရင်ဆိုင် လာရမည့် တာဝန် ယူရခြင်း၊ စိုးရိမ်

ပူပန် သောက ရောက်ရခြင်း တို့ကို ရှောင်ချင် ကြ၏။ ဘာမျှ ပူပန် သောက မရောက်ရသော၊ ဘာမျှ တာဝန်လည်း မရှိသော ရုပ်ဝတ္ထု ပစ္စည်း တခု သဖွယ် နေထိုင်လိုကြ၏။ ရုပ်ဝတ္ထု ပစ္စည်း ကဲ့သို့ မပြောင်း မလဲ၊ ပုံသေ အဖြစ်မျိုးသို့ ရောက်ချင် ကြ၏။ ဘဝတခု၊ အဖြစ် တခုတွင် သတ်သတ် မှတ်မှတ် ပြဌာန်း ခံပြီး အပူအပန် မရှိ သက်တောင့်သက်သာ ကလေး နေထိုင် ချင်ကြ၏။ စိုးရိမ် ပူပန် သောကများနှင့် ပြည့်နေသည့် လွတ်လပ်သော ဘဝကို မလိုချင် ကြပေ။ ထို့ကြောင့် လူသား ဗီဇသသ စစ်မှန်စွာ ဖြစ်တည်နေသော ဘဝနှင့် ပုံသေ ပြဌာန်း သတ်မှတ် ထားသော ရုပ်ဝတ္ထု ပစ္စည်းကို အလဲအလှယ် လုပ်ချင် ကြ၏။ အခွင့် ရသမျှ လုပ်လည်း လုပ်ကြ၏။ ဤသို့ဖြင့် လူသား တို့သည် လူစင်စစ် ဘဝမှ ရုပ်ဝတ္ထု ပစ္စည်း ဘဝသို့ ကူးပြောင်း သွားကြရင်း လူ့ဘဝ ဆုံးပါး သွားလေတော့သည်။ ရှင်လျက်နှင့် သေဆုံး သွားကြသည်ဟု ဆာ့တ်နှင့် ဖရွမ်း တို့က ဆိုခဲ့ကြပေသည်။

လူ့သမိုင်း တလျှောက်လုံးတွင် လူသား တို့သည် လွတ်လပ်မှုကို ရှာဖွေ ခဲ့ကြ၏။ သို့ရာတွင် လွတ်လပ်မှုကို ရှာတွေ့ ကြသော အခါ နောက်တွန့် သွားကြ၏။ လွတ်လပ်မှုဒဏ်ကို ကြောက်ရွံ့ ထိတ်လန့် သွားကြကာ စွန့်ခွာ ထွက်ပြေး သွားကြ၏။ ဤသဘောကို ရုရှ စာရေး ဆရာကြီး ဒေါ့စ်တို ယက်စကီးက သူ၏ "ကရာမာဇော့ညီနောင်များ (Brothers Karamazov)" ဝတ္ထုတွင် သရုပ် ဖော်ပြ ခဲ့၏။

ထို ဝတ္ထု ထဲတွင် ဇာတ်ဆောင် တဦး ဖြစ်သော သက်ဦး ဆံပိုင် တဦးက သူ့တိုင်းသူ ပြည်သား တို့သည် လွတ်လပ်မှု လမ်းကြောင်းထက် မိမိ ဘဝ လုံခြုံမှုလမ်းကြောင်းကို အမြဲတမ်း ဦးစားပေး ရွေးချယ်လေ့ ရှိကြကြောင်းဟု မှတ်ချက် ချ၏။

"နောက်ဆုံး မှာတော့ကွာ ဒီ လူတွေက သူတို့ရဲ့ လွတ်လပ်မှုကို ငါတို့ခြေဖဝါးအောက် ထိုးသွင်း လာကြရ မှာပါ။ ပြီးတော့ "ကျွန်တော်မျိုး တို့ကို အစားအသောက် ပေးသနားပြီး ကျွန်ပြုတော် မူပါ" လို့လည်း တောင်းပန် တိုးလျှိုး ကြရဦး မှာပါ" ဟု ဒေါ့စ်တိုယက် စကီး၏ ဇာတ်ဆောင်က ကြွေးကြော် ခဲ့၏။

ဤသို့လျှင် မိမိ လွတ်လပ်မှုကို အလဲ အလှယ် လုပ်သူများ၊ လွတ်လပ်မှုကို ရင်မဆိုင် ဝံ့သူများ (ဝါ) လွတ်လပ်မှု ထွက်ပြေး သွားသူ များသည် လူ မပီသသူများ ဖြစ်ကြ၏။ စစ်မှန်သော ဘဝ ဖြစ်တည်မှု မရှိကြ သူများ ဖြစ်၏ဟု ဆိုပေသည်။ ထိုနည်းတူ ဂျာမန် ဖြစ်တည်မှု ဝါဒီ ဟိုင်ဒေဂါ ကလည်း ဤသို့ စစ်မှန်သော ဘဝ ဖြစ်တည်မှု မရှိသူများသည် လူ့ လောကတွင် ရေလိုက် ငါးလိုက် အသက်ရှင် နေကြ သူများသာ ဖြစ်၏။ အများ မိုးခါးရေ သောက်၍ လိုက်သောက် ကြသူများ ဖြစ်၏။ လူပုံ ပျက်နေသော (ဝါ) လူမျက်နှာ ပျောက်နေသော လူ (Faceless man) ဖြစ်၏ဟု သတ်မှတ် ခဲ့လေသည်။

## လွတ်လပ်မှု၏ ဖွားဖက်တော်များ။

ယန်းပေါ်ဆာ့တ်က စစ်မှန်စွာ ဖြစ်တည် နေသော လူသား ဟူသည် မည်သည့် အရာ၊ မည်သည့် ပုဂ္ဂိုလ်၊ မည်သည့် သဘောတရား၊ မည်သည့် သြဝါဒ တို့၏ လမ်းညွှန် ပြဋ္ဌာန်းမှုကို ခံယူသူ မဟုတ်။ မိမိ ဘဝကို မိမိ ဘာသာ ရဲရဲဝံ့ဝံ့ ရွေးချယ် ဆုံးဖြတ်ပြီး တည်ဆောက် ယူသူ ဖြစ်သည်။ မိမိ ဘဝတွင် ရွေးစရာ ရှိသည်များကို မိမိ ဘာသာ မိမိ လွတ်လွတ် လပ်လပ် ရွေးချယ် နိုင်သူ ဖြစ်သည်။ အမှန်စင်စစ် လွတ်လပ်မှုသည် လူသား၏ ပြုမူ ဆောင်ရွက်ချက် အားလုံး အတွက် မရှိ မဖြစ် လိုအပ်သည့် အခြေခံ အုတ်မြစ် ဖြစ်ပေသည်။ လူ့ဘဝ ဟူသည် မှာလည်း အပြုအမူ ဆောင်ရွက်ချက် တို့၏ အစုအဝေး မျှသာ ဖြစ်သည်။ ထို့ကြောင့် လူ့ဘဝကို လူသား၏ လွတ်လပ်မှုဖြင့် တည်ဆောက် ထားသည်ဟုပင် ဆိုနိုင် ပေသည်။

ဆာ့တ် အလိုအရ ပုဂ္ဂလ လူသားသည် လွတ်လပ်သော သတ္တဝါ ဖြစ်သည်။ ထို့ကြောင့် သူသည် မိမိ ဘဝ အတွက် ရွေးချယ်စရာ များကို လွတ်လပ်စွာ ကောက်နုတ် ရွေးချယ် ဆုံးဖြတ်ကာ ပြုမူ ဆောင်ရွက်ခြင်း တို့ကို ကိုယ်တိုင် ဆောင်ရွက် သဖြင့် ကိုယ့်ဘဝ အတွက် ကိုယ်ကိုယ်တိုင် တာဝန် ယူရမည်သာ ဖြစ်၏။ တနည်း အားဖြင့် လူသားသည် မိမိ ဘဝ၏ အနှစ်သာရ ဂုဏ်ရည် တို့ကို မိမိ ကိုယ်တိုင် လွတ်လပ်စွာ ပြုမူ တည်ဆောက် ဖန်တီးရ၏။ ထို့ကြောင့် မိမိ ဘဝ အတွက် မိမိတွင် လုံးဝ တာဝန် ရှိပေသည်။ တစ်ဖန် လူသည် မိမိ အတွက်သာ တာဝန် ရှိသည် မဟုတ်ဘဲ အခြားသော လူများ အတွက်ပါ တာဝန်ယူ နေရပေသည်။ အဘယ့်ကြောင့် ဆိုသော် မိမိ၏ လွတ်လပ်စွာ ရွေးချယ် ပြုမူချက်သည် မိမိ တဦးတည်း နှင့်သာ သက်ဆိုင်သည် မဟုတ်ဘဲ အခြား လူသား နှင့်ပါ တနွယ်ငင် တစင်ပါ ဆိုသလို သက်ဆိုင် နေသောကြောင့် ဖြစ်ပေသည်။

ဤသို့ လွတ်လပ်မှုဖြင့် ဘဝ ဖြစ်တည် လာသော လူသားသည် ကိုယ့်တာဝန် ကိုယ် ယူနေ ရသည့် အပြင် အခြားသူများ အတွက်ပါ တာဝန် ရှိသောကြောင့် ပြင်းထန် လှသော စိတ် ဝေဒနာ များကို ခံစား လာရ၏။ ၎င်းတို့မှာ (က) ပူပန် သောက ရောက်ရခြင်း **(Anguish)**၊ (ခ) စွန့်ပစ် ခံလိုက် ရခြင်း **(Abandonment)**၊ (ဂ) မျှော်လင့်ချက်ကင်း စိတ်ပျက် ရခြင်း**(Despair)** တို့ ဖြစ်ကြ၏။

**(က) ပူပန် သောက -** ဆာ့တ်သည် လူကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လူမှုရေး သတ္တဝါ ဖြစ်သည်ဟု မဆိုခဲ့ပေ။ အကြောင်းမှာ လူဟူသည် လူမှုရေး သတ္တဝါ ဖြစ်သည်ဟု ဆိုလိုက် ပါက "လူမှုရေး သတ္တဝါ ဖြစ်ခြင်း ဟူသော" အနှစ်သာရ သဘောက လူ၏ ဖြစ်တည်မှုထက် ပို၍ အခြေခံ ကျသည့် သဘော သက်ရောက် သွားမည် ဖြစ်ပေသည်။ သူ့အလို အားဖြင့် လူသည် အပြုအမူ တို့၏ ပေါင်းဆုံရာ ဖြစ်၏။ သို့ရာတွင် လူတဦးသည် အပြုအမူ တရပ်ကို ပြုမူ ဆောင်ရွက်ရာ၌ မည်သည့် အာမခံချက်မျှ မရှိပေ။ မိမိ အပြုအမူ ကောင်း မကောင်း၊ မှန် မမှန်ကို မည်သို့မျှ မသိရပေ။ မိမိ ကသာ ကောင်းသည် မှန်သည်ဟု ထင်မြင် ယူဆပြီး လုပ်နေသော အမူ ဖြစ်ပေသည်။ ဤသို့ ပြုလုပ်ရာ၌ မိမိ တဦးတည်း အတွက်သာ လုပ်ဆောင် နေခြင်း မဟုတ်ဘဲ အခြား လူသားများ အတွက်ပါ တာဝန်ယူ ဆောင်ရွက်

နေရသော အလုပ်တခု ဖြစ်နေ ပြန်၏။ ထို့ကြောင့် လူသားသည် မိမိ အပြုအမူ အတွက် ပူပန်သောက ဝေဒနာကို ခံစား လာရမည်သာ ဖြစ်၏။ တိုက်ပွဲ တခုကို ဦးဆောင် ဆင်နွှဲ တိုက်ပွဲ ဝင်နေသော စစ်ဗိုလ် တယောက်ပမာ ဖြစ်၏။ စစ်ဗိုလ်သည် မိမိ ရင်ဆိုင် ရသော တိုက်ပွဲ အတွက် အရေးကြီးသော ဆုံးဖြတ်ချက် များကို ချရ၏။ မိမိ ရဲဘော်များအား တိုက်ပွဲဝင်ရန် အမိန့် ပေးရ၏။ ထို ဆုံးဖြတ်ချက်၊ အမိန့်များမှ သက်ရောက်မည့် ရလဒ် အားလုံး အတွက် မိမိမှာ တာဝန် ရှိ၏။ အဘယ်ကြောင့် ဆိုသော် ထိုအမိန့်သည် မိမိ ကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်၍ ပေးလိုက်သော အမိန့် ဖြစ်၏။ အထက် အမိန့်အရ ပြုမူသည်ဟု ဆင်ခြေ တက်၍ မရပေ။ အထက် အမိန့်ကို မိမိ ကသာ ဆက်လက် ခံယူပြီး အဓိပ္ပာယ် ဖွင့်ဆိုကာ ဆက်လက် အမိန့်ပေးရန် မိမိ ဘာသာ လွတ်လွတ် လပ်လပ် ရွေးချယ်ခြင်းသာ ဖြစ်၏။ ထို့ကြောင့် မိမိ၌သာ လုံးဝ တာဝန် ရှိသည်။ ထို့ပြင် မိမိ ဆုံးဖြတ်ချက် အမိန့်သည် မိမိ တဦးတည်း နှင့်သာ ဆိုင်သည် မဟုတ်ပေ။ မိမိ၏ ရဲဘော် အတွက်ပါ အကျုံးဝင် နေပြန်၏။ သို့ရာတွင် မိမိ ဆုံးဖြတ်ချက်၊ အမိန့် ပေးချက်သည် မှန် မမှန်ကို မည်သို့မျှ ကြိုတင် မသိနိုင်ပေ။ မိမိ တိုက်ပွဲ အောင်မြင်မည်၊ ဆုံးရှုံးမည်ကို မပြောနိုင်ပေ။ ထို့ကြောင့် ယင်း စစ်ဗိုလ်မှာ ပူပန် သောက ဝေဒနာကို ခံစား နေရမည်သာ ဖြစ်သည်။ ထိုနည်းတူ လူသား တို့သည် မိမိတို့၏ ပုဂ္ဂလ ပြုမူ ဆောင်ရွက်ချက် များကို နေ့စဉ် ဘဝတွင် ရွေးချယ် ဆုံးဖြတ် ပြုမူ ဆောင်ရွက် ကြရာ၌ တိုက်ပွဲဝင် စစ်ဗိုလ် ကဲ့သို့ပင် ဆာ့တ်က ပူပန် သောက ရောက်နေ ကြရသည်ဟု ဆာ့တ်က ဖွင့်ဆို ခဲ့၏။

**(ခ) စွန့်ပစ် ခံလိုက်ရခြင်း -** ဆာ့တ် အလိုအားဖြင့် လူကို မည်သည့် အရာကမျှ မပြဌာန်း မဆုံးဖြတ် နိုင်ပေ။ လူကို ထာဝရ ဘုရား ကလည်း ဖန်ဆင်းသည် မဟုတ်ပေ။ လူ့ဘဝ ဖြစ်တည်မှုကို ရရှိ လာသော အခါ၌လည်း မည်သူ့ကိုမျှ အားမကိုး နိုင်ဘဲ မိမိ ဘဝကို မိမိ ဘာသာ ဖန်တီး တည်ဆောက် ယူရ၏။ ကိုးကွယ် အားထားရာ ထာဝရ ဘုရား မရှိတော့ လေပြီဟု ခံယူ လာသည်နှင့် လိုက်နာ ကျင့်သုံး ရမည့် ကိုယ်ကျင့် တရား တန်ဖိုးများ၊ နှုန်းစံများလည်း ပျောက်ကွယ် သွားလေ တော့သည်။ ကောင်းခြင်း၊ ဆိုးခြင်း အတွက် မည်သည့် သတ်မှတ်ချက်မျှ မရှိတော့။ ထို့ကြောင့် လူသည် မည်သည့် အပြု အမူကို မဆို ပြုလုပ် နိုင်သော လွတ်လပ်ခွင့် ရလာ၏။ မိမိ အပြုအမူကို ကောင်းသည်၊ ဆိုးသည်၊ မှန်သည်၊ မှားသည်ဟု မည်သူ ကမျှ ဝေဖန်၍ မရပေ။ မိမိ ကလည်း တခြားသူ တစ်ဦး တယောက်၏ အပြု အမူကို အကောင်း အဆိုး ဆုံးဖြတ် မပေး နိုင်ပေ။ သို့ဖြင့် ပုဂ္ဂလ လူသားသည် မိမိ ဘာသာ လွတ်လွတ် လပ်လပ် ပြုမူ နေထိုင် နိုင်သော သတ္တဝါ ဖြစ်လာ၏။ ထို လွတ်လပ်မှုကြောင့် လူသည် မိမိ ဘဝသည် အထီးတည်း ရပ်တည် နေရသော ဘဝ ဖြစ်ပါ တကားဟု သိရှိ လာ၏။ ယင်း ခံစားမှုနှင့် အတူ မိမိသည် လူ့လောက အတွင်း စွန့်ပစ် ခံရသူ ဖြစ်နေကြောင်း၊ ခါးသီး ပြင်းပြစွာ ဝေဒနာ ခံစားလာ ရပေသည်။ ထို့ကြောင့် လူသည် လွတ်လပ်မှုနှင့် အတူ စွန့်ပယ် ခံနေရသူ ဖြစ်သဖြင့် လူတို့သည် လူ့ဘဝ အတွင်း ခိုကိုး ရာမဲ့ ဖြစ်နေရ သည်ဟု ဆာ့တ်က သတ်မှတ် ခဲ့ပေသည်။

**(ဂ) မျှော်လင့်ချက်ကင်း စိတ်ပျက်ရခြင်း -** လူသည် မိမိ အသက်ရှင် နေထိုင် ရစဉ် မိမိ ကောင်းမည် ထင်သော အလုပ်များကို လွတ်လပ်စွာ ရွေးချယ်ပြုမူ ဆောင်ရွက်၏။ သို့ရာတွင် မိမိ၏ ဆောင်ရွက်ချက် များကို အခြား သူများက ဝိုင်းဝန်း ကူညီကြ လိမ့်မည်ဟု မျှော်လင့် ကိုးစား၍ မရနိုင်။ အဘယ်ကြောင့် ဆိုသော် အခြား သူများ သည်လည်း သူတို့

ဘာသာ သူတို့ လွတ်လပ်စွာ ဆုံးဖြတ် ပိုင်ခွင့်၊ ပြုမူ နေထိုင်ခွင့် ရှိနေ ကြသောကြောင့် ဖြစ်ပေသည်။

ထို့ပြင် မိမိ လုပ်ဆောင်ချက် များကို မိမိ ကွယ်လွန် သွားသော အခါ ကျန်ရစ်သူများက ဆက်လက် အကောင် အထည် ဖော်ကြလိမ့်မည် ဟုလည်း မမျှော်လင့် အပ်ပေ။ ဆက်၍ လုပ်ချင်မှ လုပ်ကြ လိမ့်မည်။ မိမိ အားကျိုး မာန်တက် ဝီရိယ စိုက်ထုတ် လုပ်ကိုင်ထားခဲ့သော လုပ်ငန်းများသည် ဘာမျှ အရာ မထင်ဘဲ လူ့လောကမှ ပျောက်ကွယ်သွားကောင်း သွားပေမည်။ ထို့ကြောင့် နက်နက်နဲနဲ တွေးကြည့် ပါလျှင် လူ့ ဘဝသည် စိတ်ပျက် ဖွယ်ရာကြီး ဖြစ်၏။ တချိန် တခါက အရိုး ကြေကြေ၊ အရေ ခန်းခန်း၊ ကျားကုတ်ကျားခဲ ကြိုးပမ်း ဆောင်ရွက်ချက် များကို တချိန်ချိန်တွင် အခြား လူသား တို့က တန်ဖိုးမဲ့ အလကား ဟာကြီးပါဟု သဘောထားကာ စွန့်ပစ်ကောင်း စွန့်ပစ် ကြမည် ဖြစ်သည်။ သို့ဖြစ်၍ လူတို့၏ ပြုမူ ဆောင်ရွက်ချက်၊ လူတို့၏ ဘဝတွင် ဘာမျှ မျှော်လင့် မထားအပ်ပေ။ ထို့ကြောင့် မျှော်လင့်ချက်ကင်း စိတ်ပျက် ရခြင်းသည် လူ့ဘဝ၏ ဖြစ်ရပ် တခု ဖြစ်သည်ဟု ဆာ့တ်က ဆိုလေသည်။

ထို့ကြောင့် လူသား၏ လွတ်လပ်မှုနှင့် အတူ လူတို့သည် ပူပန် သောကရောက်ကြရ၏။ စွန့်ပစ် ခံလိုက်ရခြင်း အားငယ်မှု ဝေဒနာကို ခံစားရ၏။ မျှော်လင့်ချက်ကင်း စိတ်ပျက်ရခြင်း ဖြစ်ရ၏။ ယင်းတို့ကား လွတ်လပ်မှု၏ ဖွားဖက်တော်များ ဖြစ်ကြ၏။

လူ့ဘဝတွင် ဤသို့သော ပြင်းပြသည့် ဝေဒနာ ဆိုးများကို ခံစား ရသော်လည်း လူပီသသည့် လူတဦး (ဝါ) စစ်မှန်စွာ ဖြစ်တည်မှု ရှိနေသည့် လူတဦး အနေဖြင့် လူ့ဘဝတွင် ရွေးချယ် စရာ ရှိသည် များကို တိတိပပ ပြတ်ပြတ် သားသား ရွေးချယ်ဆုံးဖြတ်လိုက်ပြီး လုပ်သင့် လုပ်ထိုက်သည် များကို ရဲရဲဝံ့ဝံ့ လုပ်ဆောင် ရမည်ဟု ဆာ့တ်က ဆိုလေသည်။ အဘယ်ကြောင့် ဆိုသော် လူ့ဘဝ ဟူသည် လူ့ အပြုအမူ အားလုံး၏ အစု အပေါင်းမှ ထွက်ပေါ် လာခြင်းသာ ဖြစ်၏။ လူပုဂ္ဂိုလ် တဦး၏ အောင်မြင်မှု၊ ဆုံးရှုံးမှု ဟူသည်မှာ သူ၏ အပြုအမူ များမှ ပေါ်ထွန်း လာသော ရလဒ် ဖြစ်၏။ လူ့ဘဝကို တည်ဆောက် ကြရာ၌ မိမိတို့၏ ယုံကြည် မျှော်လင့်ချက်များ၊ လိုအင် ဆန္ဒများ၊ စိတ်ကူးယဉ်မှုများနှင့် ဖော်ဆောင်၍ မရ။ မိမိ၏ အပြုအမူ နှင့်သာ မိမိ ဘဝသည် ရုပ်လုံးပေါ်ဖြစ်တည် နေခြင်း ဖြစ်သည်ဟု ဆာ့တ်က ခံယူ ပေသည်။

ယန်းပေါလ်ဆာ့တ် အလိုအားဖြင့် လူသည် ဤလောက အတွင်းသို့ မည်သည့် ပြဋ္ဌာန်းချက်မှ မပါဘဲ စွန့်ပစ် ခံရပြီး ရောက်ရှိ လာရခြင်း ဖြစ်သည်။ လူအဖြစ် မွေးဖွား ဖြစ်တည် လာချိန်တွင် လူတွင် မည်သည့် အနှစ်သာရမှ မရှိပေ။ မိမိ ပြုမူ ဆောင်ရွက်ချက် များဖြင့် မိမိ ဘဝ၏ အနှစ်သာရ ဂုဏ်ရည် များကို တည်ဆောက် ယူရ ပေသည်။ သို့ဖြစ်၍ လူ့ဘဝ ဟူသည် ပြုမူ ဆောင်ရွက်ချက် အားလုံးကို စုပေါင်း ထားခြင်း ဖြစ်၏။ လူပုဂ္ဂိုလ် တဦးသည် ဤသို့ မိမိ ဘဝကို တည်ဆောက် ရာ၌ အပြုအမူ များကို လွတ်လပ်စွာ ရွေးချယ် နိုင်၏။ ထို့ကြောင့် လူတွင် သူ့ အပြုအမူ အားလုံး အတွက် လုံး၀ တာဝန် ရှိ၏။ မိမိ လွတ်လပ်စွာ ရွေးချယ် ပြုမူ ဆောင်ရွက်ချက်များ အတွက် လုံး၀ တာဝန် ရှိ၏။ မိမိ လွတ်လပ်စွာ ရွေးချယ် ပြုမူ ဆောင်ရွက်ချက်များ အတွက် မိမိ သာလျှင် လုံး၀ တာဝန် ယူရ ပေမည်။ လူ့ တာဝန်ကို သိသော လူ သာလျှင် စစ်မှန်စွာ ဖြစ်တည်မှု ရှိသော သူ ဖြစ်၏။ လူ ပီသသော သူ ဖြစ်ပေသည်။ တာဝန် သိသော လူတိုင်းသည် ပူပန် သောက ဝေဒနာကို ခံစား ရမည်သာ ဖြစ်၏။ သို့ရာတွင် အချို့သော လူတို့သည် တာဝန်ကို ရှောင်ကြ၏။ ရင်မဆိုင် ဝံ့ကြ။ လွတ်လပ်မှုကြောင့် ပြင်းပြစွာ ခံစား ရမည်။ "လွတ်လပ်မှု၏ ဖွားဖက်တော်" ဝေဒနာ များမှ ရှောင်ရှား လိုကြ၏။ ထို သူတို့သည် အပြုအမူ ရွေးချယ် ဆုံးဖြတ်ပိုင်ခွင့်ကို စွန့်လွှတ်ပြီး မိမိ တို့သည် မလွတ်လပ်ဟု ထင်မြင် လာကြသည်။ လူ့ ပတ်ဝန်းကျင် နိုင်ငံရေး အခြေအနေများ၊ လူမှုရေး ထုံးဓလေ့များ၊ ဘာသာရေး ကျင့်ဝတ်များက သူတို့၏ အပြုအမူ များကို အဆုံး အဖြတ် ပေးသည်ဟု မြင်လာ ကြ၏။ ဤ အခြေအနေ ဆုံးဖြတ်ချက်များ အရသာ မိမိ တို့သည် လှုပ်ရှား ပြုမူ နေရခြင်း ဖြစ်၏ဟု ခံယူ လာကြသည်။ ဤသို့ဖြင့် သူတို့သည် လူ့ဘဝ၏ စစ်မှန်စွာ ဖြစ်တည် နေမှုကို စွန့်လွှတ်ပြီး မိမိကိုယ် မိမိ ရုပ်ဝတ္ထု ပစ္စည်း ဘဝသို့ နှိမ့်ချ ပစ်လိုက်၏။ လူ စစ်စစ် ဘဝမှ ကျောက်ရုပ် ဘဝ ရောက်သွား ကြ၏။ သူတို့သည် ကျောက်ရုပ် တခု ကဲ့သို့ ဘာမျှ အပူအပင် မရှိ၊ သောက ဝေဒနာ မရှိ နေလို ကြသူများ ဖြစ်ကြ၏။ ဤကဲ့သို့ မိမိ တို့၏ လွတ်လပ်သော အဖြစ်ကို ရှောင်လို သူများ (ဝါ) ရင်မဆိုင် ဝံ့သူများသည် မိမိကိုယ် မိမိ ပြန်လည်ပြီး လိမ်လည် လှည့်စား ကြသူများသာ ဖြစ်သည်။ မိမိကိုယ် မိမိ ပြန်လည်ပြီး လိမ်လည်ခြင်း၊ လှည့်စားခြင်းကို "မရိုးသားမှု (Bad Faith)" ဟု ဆာ့တ်က ခေါ်၏။

မရိုးသားမှုသည် လိမ်လည်ခြင်းနှင့် ဆင်တူ သော်လည်း ထပ်တူ ထပ်မျှ မဟုတ်ပေ။ လိမ်လည်ခြင်းသည် အမှန်တရားကို အခြားသူ တဦးဦး မမြင် မသိ စေရန် ဖုံးကွယ် ထားခြင်း ဖြစ်၏။ ယင်းတွင် လိမ်လည်သူနှင့် အလိမ်ခံရသူ အနည်းဆုံး ပုဂ္ဂိုလ် နှစ်ဦး ရှိ၏။ မရိုးသားမှု ကမူ မိမိကိုယ် မိမိ ပြန်၍ အမှန်တရားကို ဖုံးကွယ် ထားခြင်း ဖြစ်၏။ ယင်းတွင် လိမ်လည်သူနှင့် အလိမ် ခံရသူမှာ မိမိ တဦးတည်းသာ ဖြစ်၏။ မရိုးသားမှုသည် ပြင်ပ လက္ခဏာ ရှိသော အရာ မဟုတ်ပေ။ မိမိ သိစိတ် အတွင်း၌သာ ရှိနေသည့် အရာ ဖြစ်ပေသည်။ မရိုးသားမှုသည် လူအချို့တွင် ရံဖန်ရံခါ ပေါ်တတ် သော်လည်း အချို့ လူများကမူ မရိုးသားမှုကို တသက်လုံး ပေါင်းဖော် သွားကြသည်ဟု ဆာ့တ်က ဆို၏။ မရိုးသားမှုကို သရုပ်ဖော် ပြသော ဥပမာ တခုကို ဆာ့တ်က ဤသို့ ပေးခဲ့၏။

မိန်းမပျို တဦးတွင် သူမကို ချဉ်းကပ်၍ ချစ်ရေး ဆိုထားသူ ရှိ၏။ တနေ့တွင် ထိုသူနှင့် အပြင်သို့ သဘောတူ လိုက်လာခဲ့သည်။ အပြင်သို့ ခေါ်ထုတ်သော သူ့ သဘောကိုလည်း သူမသည် အလုံးစုံ ရိပ်စား မိ၏။ သို့ဖြစ်၍ မိမိမှာ ဆုံးဖြတ်ချက် အဖြေတခု ချရတော့မည် ဖြစ်ကြောင်း သူမ သိထား၏။ ထိုစဉ် သူမ လက်ကို သူ ဆုပ်ကိုင်ကာ ပွတ်သပ် ချော့မြှူ လာ၏။ မိမိ ဘာလုပ် ရမည်နည်း။ ဆုံးဖြတ်ချက် တခုခုတော့ ချက်ချင်း ချမှ ဖြစ်မည်။ မိမိ လက်ကို ဒီအတိုင်း ထားပါက သူ့အလို သူ့ သဘော အတိုင်း လိုက်လျောရာ ကျမည်။ အပေါစားများ ဆန်သွားမည်လား။ ဤ သို့မဟုတ်ဘဲ မိမိ လက်ကို ရုပ်လိုက် ပါက နောင်တွင် သူနှင့် အဆက်အသွယ် ပြတ်သွား နိုင်သည်။ တခုခုတော့ ပြတ်ပြတ်သားသား ဆုံးဖြတ် ရမည်။ သို့သော် သူမက ဘာမျှ မလုပ်ခဲ့။ ဘာမျှ မဆုံးဖြတ်ခဲ့။ ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်း ပစ်လိုက်သည်။ ဤနေရာတွင် မရိုးသားမှု ဝင်လာ တော့၏။ သူမ လက်ကို သူ့လက်ထဲတွင် ဒီအတိုင်း ထားခဲ့၏။ သူ၏ ပွတ်သပ် ချော့မြှူမှုကို ဂရု မပြုမိ သလို နေလိုက်၏။ မသိ သလို သဘောထား လိုက်၏။ မိမိတွင် သိစိတ် မရှိတော့ သလို ပြုမူ လိုက်၏။ ဤသည်မှာ သူမသည် မိမိကိုယ် မိမိ ရုပ်ဝတ္ထု ပစ္စည်းသဖွယ် ပြောင်းလဲ ခံယူလိုက်ခြင်း ဖြစ်၏။ သူမ၏ လက်သည် သစ်သားချောင်း တချောင်း ပမာ သက်မဲ့ အရာဝတ္ထု တခု ဖြစ်သွားပြီး ငြင်းဆန်ခြင်းလည်း မရှိ၊ လိုက်လျောခြင်းလည်း မရှိတော့ပေ။ စင်စစ်မူ သူမသည် မိမိဘာသာ မိမိ လူသား စစ်စစ် တဦး၏ ရွေးချယ် ပိုင်ခွင့်ကို ဆုံးရှုံး ခံလိုက်ခြင်း ဖြစ်၏။ မိမိ၏ လွတ်လပ်မှုကို မိမိဘာသာ မိမိ ငြင်းပယ်လိုက်ခြင်း ဖြစ်၏။ မိမိကိုယ် မိမိ ပြန်လည် လှည့်စား လိမ်လည် လိုက်ခြင်း ဖြစ်၏။ "မရိုးသားမှု" နွံအိုင် ထဲသို့ မိမိဘာသာ မိမိ ခုန်ဆင်း လိုက်ခြင်း ဖြစ်ပေ တော့သည်။

ကိုယ့်ဘဝ အပေါ်ကိုယ် ပြန် လိမ်လည် လှည့်စား နေကြသော ဤသို့သော မရိုးသားမှု များသည် ဤ လောကတွင် အများအပြား ရှိနေ၏။ ထာဝရ ဘုရား၏ ဖန်ဆင်းမှုကြောင့် လူ ဖြစ်လာရသည်ဟု ယုံကြည် နေကြသူများသည် မရိုးသားမှု အဖြစ်အတွင်း တနည်းတဖုံ ရောက်သွားကြ သူများသာ ဖြစ်သည်။ မိမိ ဘဝကို ထာဝရ ဘုရားက ပြဋ္ဌာန်း စီးမိုးထား၏။ မိမိ ပြုမူ ဆောင်ရွက်ချက် မှန်သမျှသည် ထာဝရ ဘုရား အလိုတော် အရ ဖြစ်သည်။ သို့ဖြစ်၍ မိမိ တို့သည် လွတ်လပ်သူများ မဟုတ်ဟု ယူဆကြကာ မိမိကိုယ် မိမိ ပြဋ္ဌာန်းခံများ အဖြစ် လိမ်လည်၍ အသွင်ပြောင်း ကြ၏။

ထိုနည်းတူ ဖရိုဒ် ဂိုဏ်းသား စိတ်ပညာရှင် (Freudian Psychologist) တို့ သည်လည်း မိမိကိုယ် မိမိ ပြန်၍ လိမ်လည် နေကြသူများ ဖြစ်၏။ သူတို့က လူတို့၏ အပြုအမူ လုပ်ဆောင်ချက် မှန်သမျှသည် ယင်းတို့၏ မိသားစု ပတ်ဝန်းကျင် အခြေအနေ၏ ရောင်ပြန်ဟပ် ရိုက်ခတ်ချက်များသာ ဖြစ်၏။ လိင်ပိုင်း ဆိုင်ရာ စွမ်းအား (Libidinal Energy) မှ ထွက်ပေါ် လာသော ရလဒ်များသာ ဖြစ်သည်ဟု ယုံကြည် ကြ၏။ ဖရိုဒ် ဂိုဏ်းသား တို့သည် ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် တာဝန်ယူ ဖြေရှင်းရမည် ဟူသော အချက်ကို လက်မခံကြ။ လူ့ဘဝ စစ်မှန်စွာ ဖြစ်တည်မှုကို ရှောင်ပြီး မိမိ ဘဝ ပြင်ပရှိ ပတ်ဝန်းကျင် အခြေအနေကို အပြစ်ဖို့ တာဝန် ယူစေကြ၏။ အလွန် မှားယွင်းသော အယူအဆ ကြီးသာ ဖြစ်၏။ ကိုယ့်ကိုယ်ကို ပြန်လည် လှည့်စား ထားခြင်းသာ ဖြစ်၏။ မရိုးသားမှု ကြီးသာ ဖြစ်၏ ဟု ဆာ့တ်က ဖရိုဒ် ဂိုဏ်းသား စိတ်ပညာရှင် တို့ကို စွပ်စွဲ ပြစ်တင် ခဲ့၏။

ဝမ်းနည်း စိတ်ပျက် စရာ ကောင်းသည်မှာ လူအတော် များများသည် ဤ မရိုးသားမှု ဘဝ ထဲတွင် ကိုယ့်ကိုယ်ကို ပြန်လှည့်စားပြီး နေထိုင် ပျော်မွေ့ နေကြခြင်း ဖြစ်၏။ ဤသို့ မရိုးသားသော လူများ တဦးနှင့် တဦး ဆက်နွယ် ဖွဲ့စည်းကြသည့် လူမှုရေး စနစ်များ၊ လူ့ အဖွဲ့အစည်းများ အတွင်း ရိုးသား သန့်စင်စွာ လူ ပီပီသသ အသက်ရှင် နေထိုင် နိုင်ရန်မှာ အတော်ပင် ခက်ခဲ လှသည်ဟု ဆာ့တ်က ယူဆ၏။

လူ့ အဖွဲ့အစည်း (အနောက်တိုင်း) အတွင်း ပုဂ္ဂလ လူသား တဦးသည် အခြား လူသားများနှင့် မလွဲမသွေ ဆက်ဆံ လာရသော အခါတွင် မိမိ၏ လွတ်လပ်မှုသည် ခြိမ်းခြောက် ခံလာရ၏။ ဤလောကတွင် လူသား တို့သည် တဦးကို တဦး ကိုယ်ကျိုး စီးပွားကို ကြည့်ပြီး ဆက်ဆံကြ၏။ မိမိ အတွက် အသုံးဝင်မှု ရှေ့ရှု ကြ၏။ လူတဦးသည် အခြားသူ တဦးကို ရုပ်ဝတ္ထု ပစ္စည်း တခု သဖွယ် အသုံးချ လိုကြ၏။ အခြား လူပုဂ္ဂိုလ် တဦးသည်လည်း မိမိ ကဲ့သို့ လွတ်လပ်သူ ဖြစ်နေပါလား ဟူသော အသိကို မေ့ထားကြ၏။ လွတ်လပ်မှု ဆုံးရှုံး သွားသော လူသားသည် လူစင်စစ်မှ အရာဝတ္ထု အဖြစ် ဈာန်လျှော ကျဆုံး သွားမည်သာ ဖြစ်၏။ ထို့ကြောင့် ဆာ့တ်က ပုဂ္ဂလ လူသား တဦး အတွက် "ငရဲဟူသည် အခြားသူများ ဖြစ်သည်" ဟု ဆိုလေ၏။

လူပုဂ္ဂိုလ် တဦး၏ စစ်မှန်စွာ ဖြစ်တည် နေသည့် လူစင်စစ် ဘဝမှ နေ၍ ရုပ်ဝတ္ထု ပစ္စည်း ဘဝသို့ ပျက်စီး သွားစေခြင်း အကြောင်း တရပ်မှာ မိမိနှင့် ဆက်ဆံ ပေါင်းသင်း လာရသော အခြား လူသားများ ဖြစ်ကြ၏။ လူသား စင်စစ် ဧကန် ဖြစ်နေ ပါလျက်နှင့် လူ မဟုတ်တော့သည့် ဘဝကို ရောက်သွား စေသည်မှာ အခြား လူများ ဖြစ်၏။ ပြုလုပ် ဖန်တီးသူ ဘဝမှ အပြုခံ ရုပ်ဝတ္ထု ဘဝသို့ သက်ဆင်း သွားခြင်းမှာ ကြောက်ရွံ့ ထိတ်လန့်စရာ ကောင်းလှသည့် ငရဲပြည်သို့ ရောက်သွား သကဲ့သို့ ဖြစ်သည်။ ဤအဖြစ် ဤ အခြေအနေကို ဆိုက်ရောက် သွားစေသူမှာ အခြား လူများ ဖြစ်၏ဟု ဆာ့တ်က ဆိုလိုခြင်း ဖြစ်ပေသည်။

ဤ လောကတွင် လူတို့သည် တဦးနှင့် တဦး လူလို သူလို ဆက်ဆံခြင်း မပြုကြ သဖြင့် ပုဂ္ဂလ လူသား၏ စစ်မှန်သော ဖြစ်တည်မှုကို နားမလည် နိုင်ကြ မခံယူ နိုင်ကြ တော့ပေ။ ဤသို့ဖြင့် လူ့ လောကကြီး အတွင်း လိမ်လည် လှည့်စားမှုများ ပြည့်လျှမ်း လာတော့၏။ ဟန်ဆောင် လောကကြီး ဖြစ်လာ တော့၏ဟု ဆာ့တ်က ပြောကြား၏။

## သက်သေ ပြစရာ မလိုသော ဖြစ်တည်မှု

အနောက်တိုင်း ဒဿန သမိုင်းတွင် ဆင်ခြင်မှု ကြီးစိုးသော ခေတ် မှီခဲ့၏။ ထိုခေတ်မှ ဒဿန ဆရာကြီး ဒေးကားသည် ဆင်ခြင်မှုကို အသုံးပြု၍ သူ့ ဘဝ ဖြစ်တည် မှုကို သက်သေ ထုတ်ခဲ့၏။ ဒေးကားသည် ပထမ ဦးစွာ ဤလောကရှိ အရာရာတိုင်းကို သံသယ ဖြစ်ခဲ့၏။ နောက်ဆုံး သံသယ မဖြစ်နိုင်သေ ာအရာကို ရှာကြည့်သော အခါ သူ၏ စဉ်းစားခြင်း ဖြစ်နေသည်ကို တွေ့ရ၏။ မည်သည့် အရာကို သံသယ ရှိရှိ၊ မိမိ၏ စဉ်းစားခြင်း ကိုမူ သံသယ မဖြစ် နိုင်ပေ။ အကြောင်းမှာ သံသယ ဖြစ်ခြင်းသည် စဉ်းစားခြင်း တမျိုး ဖြစ်၏။ သံသယ ဖြစ်မှုကို ပြန်၍ သံသယ မဖြစ်နိုင်။ ထို့ကြောင့် မိမိ စဉ်းစားခြင်းသည် ဧကန် မုချ ရှိနေ၏။ စဉ်းစားခြင်း ရှိလျှင် စဉ်းစားသူသည် ရှိရမည်။ အကြောင်းမှာ စဉ်းစားသူ မရှိဘဲ စဉ်းစားခြင်း မရှိ နိုင်သောကြောင့် ဖြစ်၏။ လူသားသည် စဉ်းစား ဆင်ခြင် ခြင်းမှ တဆင့် မိမိ၏ ဖြစ်တည်မှုကို ရှင်းရှင်းလင်းလင်း သိလာ ရ၏။ လူသည် ဆင်ခြင် စဉ်းစား တတ်သော သတ္တဝါ အဖြင့် နှင့်သာ မိမိကို မိမိ ပြန်၍ သိရှိရခြင်း ဖြစ်၏။ ထို့ကြောင့် ဒေးကားက 'ကျွန်ုပ် စဉ်းစားသည်၊ ထို့ကြောင့် ကျွန်ုပ် ရှိ၏။ (I think, therefore I am)' ဟု ဆိုခဲ့ ပေသည်။

ဂျာမန် တွေးခေါ် ရှင်ကြီး ကားလ်မာ့က်စ် လက်ထက် ရောက်သော အခါ ဒေးကား၏ အဆိုသည် ပြောင်းပြန် ဖြစ်သွား၏။ မာ့က်စ်က ရုပ်ဝတ္ထု ပစ္စည်း များနှင့် လူ သတ္တဝါ များသည် အရင် ဖြစ်တည် လာ၏။ ထို့နောက်မှ စဉ်းစား တွေးတောမှုသည် ပေါ်လာ၏။ ထို့ကြောင့် 'လူသည် ရှိ၏၊ ထို့ကြောင့် သူသည် စဉ်းစား ရ၏။' (Man is, therefore he thinks) ဟု အဆို ပြုလိမ့်မည် ဖြစ်၏။ ယန်းပေါ်ဆာ့တ် အမှူးပြုသည့် ဖြစ်တည်မှု ဝါဒီ တို့သည် မာ့က်စ်၏ စီးပွားရေး ပြဋ္ဌာန်းခံ ဝါဒနှင့် သမိုင်း ဆိုင်ရာ ရုပ်ဝါဒ ကို ငြင်းပယ် ကြ၏။ သို့ရာတွင် လူဟူသည် ပထမ ဦးဆုံး ဘဝ ဖြစ်တည်မှုကို ရရှိ ရမည်။ ထို့နောက်မှ သူ၏ စဉ်းစား ဆင်ခြင်မှုသည် ပေါ်လာရခြင်း ဖြစ်သည် ဟူသော အယူအဆ ကိုမူ လက်ခံ ကြသည်။ ဤ နေရာတွင် လူ့ဘဝ မည်ကဲ့သို့ ဖြစ်တည် လာသနည်း ဟူသော မေးခွန်း ပေါ်လာ ပေသည်။

ဖြစ်တည်မှု ဝါဒီတို့ ကမူ လူ့ဘဝ ဖြစ်တည်မှုကို ဘာမှ သက်သေ ပြနေ စရာ မလိုဟု မြင်ကြ ရ၏။ အဘယ့်ကြောင့် ဆိုသော် လူသားတို့ ဖြစ်တည် နေရသော ဤ လောကကြီး ကိုယ်၌က ဘာမှ အဓိပ္ပါယ် မရှိသော လောကကြီး ဖြစ်နေ သောကြောင့် ဖြစ်၏။ မည်သို့မျှ ယုတ္တိ မရှိသော လောကကြီး ဖြစ်နေ သောကြောင့် ဖြစ်၏ ဟု ဆိုကြ ပေသည်။

ရှေးက ပေါ်ထွန်း ခဲ့သော အစဉ်အလာ ဒဿန များတွင် တွေးခေါ် ရှင်များသည် မိမိ တို့၏ အတွေးအခေါ်စနစ်များ၊ မိမိတို့၏ ဝါဒများ ဘက်ပေါင်းစုံမှ ရှေ့နောက် ညီညွတ် ဆီလျှော်စွာဖြင့် ပြည့်စုံ ပြီးမြောက်ရေး အတွက် သက်သေ ထုတ်ရန် ကြိုးပမ်းရင်း အချိန်ကုန် ခဲ့ကြသည်။ မိမိ ဘဝ ဖြစ်တည်မှုကို အရေး မစိုက်ကြပေ။ ဖြစ်တည်မှု ဝါဒီများ အတွက်မူ ဤသို့ မဟုတ်။ မိမိတို့ လူဖြစ် လာရသော ကမ္ဘာ လောက ကြီးသည် ဆင်းရဲ ဒုက္ခများ၊ စိုးရိမ် ပူပန် သောက ရောက်စရာများ၊ အခက်အခဲ အကြပ်အတည်း များဖြင့် ပြည့်နေသော လောကကြီး ဖြစ်ကြောင်း မျက်ဝါး ထင်ထင် သိမြင် လာရ၏။ ဤသို့သော

လောက ကြီးတွင် မိမိ ဘဝ၊ မိမိ ဖြစ်တည်မှု ကို လျစ်လျူ ရှု၍ မရ တော့ပေ။ အတွေးအခေါ် စနစ်များ၊ ဒဿန ဝါဒ များကို ခမ်းခမ်း နားနား တည်ဆောက်ရန် ကြိုးပမ်းရေးထက် မိမိ ဘဝ ဖြစ်တည်မှုကို ဦးစား ပေးကာ တွေးခေါ် စဉ်းစား လာရ တော့၏။

လူ ဟူသည် ဘာမျှ အဓိပ္ပါယ် မရှိသော ဤကမ္ဘာ လောက ဒုက္ခ ဆင်းရဲမှုတွေ ပြည့်လျှမ်း နေသော ဤ ကမ္ဘာ လောက အတွင်းသို့ ခဲတလုံးကို ရေကန်ထဲ ပစ်ချ လိုက်သလို အပစ်ချ ခံရသော သတ္တဝါ ဖြစ်၏။ ဤသို့ အပစ်ခံ ချရပြီး လူသား အဖြစ် ဖြစ်တည် လာရသည့် အခြေ အနေတွင် မိမိ ဘဝ ဖြစ်တည်မှုကို ဘာမျှ သံသယ ပွားစရာ မလိုပေ။ ဖြစ်တည် လာရသော လူ့ဘဝတွင် ဘယ်ပုံ ဘယ်နည်း ဆက်၍ စခန်း သွားရမည် ဟူသော ကိစ္စသာ အရေးကြီးသည်။ မိမိ ဘဝကို စစ်မှန်သော ဘဝ ဖြစ်လာ စေရန် မည်သို့ တည်ဆောက် ယူရမည် ဟူသည် ကိုသာ အလေး အနက်ထား စဉ်းစားရန် လိုသည်ဟု ဖြစ်တည်မှု ဝါဒီ တို့က ခံယူ ထားကြသည်။

ယန်းပေါဆာ့တ်သည် လူ့ဘဝ ဖြစ်တည်မှုနှင့် ပတ်သက်သော အယူ အဆကို ဒုတိယ ကမ္ဘာ စစ်ကြီး မဖြစ်မီ စောစောပိုင်း ကာလများ ၁၉၃၈ ခုနှစ် ကတည်းက သူ ရေးသား ထုတ်ဝေ ခဲ့သည့် 'အော်ကလီ ဆန်ခြင်း' ဝတ္ထုတွင် ဖွင့်ဆို ရှင်းလင်း ခဲ့၏။ ထိုဝတ္ထု ၏ အဓိက ဇာတ်ဆောင် ရိုကွင်တင်မှ တဆင့် သူ့ အယူအဆကို တင်ပြ ခဲ့သည်။ ရိုကွင်တင်က 'လူ့ဘဝ ဖြစ်တည်မှု ဆိုတာ စိတ်ကူး ကမ္ဘာကြီး ဖန်တီးပြီး စဉ်းစား တွေးတော မှုနှင့် ချဉ်းကပ်လို့ ရကောင်းတဲ့ အရာ မဟုတ်ဘူး။ ခင်ဗျား (ပုဂ္ဂလ လူသား တဦး) ရဲ့ အတွင်း အဖျတ္တ အသည်း နှလုံး ပေါ်မှာ အနိုင်ကျင့်ပြီး အပေါ်စီးနဲ့ ခွထိုင် ထားတဲ့ စက်ဆုတ် ရွံရှာ မုန်းတီး စရာ သားကောင်ကြီးပဲ ဖြစ်တယ်' ဟု ပြောဆို လေသည်။

အမှန် စင်စစ် လူ့ဘဝ ဖြစ်တည်မှု အပေါ် သံသယ ဝင်နေ ခြင်းသည် ဘာမှ အဓိပ္ပါယ် မရှိပေ။ အလေးအနက် ထား၍ စဉ်းစား ရမည့် ပြဿနာလည်း မဟုတ်ပေ။ တကယ့် ပြဿနာမှာ လူသား တို့သည် မိမိ တို့၏ စစ်မှန်စွာ ဖြစ်တည် နေမှုကို မကြာခဏ ဆိုသလို မျက်ခြေပြတ် သွားတတ် ကြခြင်း ဖြစ်၏။ လူ ပီပီ သသ ဖြစ်နေသော မိမိ၏ ဘဝ အစစ်အမှန် (ဝါ) ကိုယ့် ဘဝ အတွက် ကိုယ်ကိုယ်တိုင် ဖြစ်တည် နေမှုကို မရှုမြင်နိုင် ကြခြင်း ဖြစ်သည်။ ဘာ့ကြောင့် မျက်ချေ ပြတ်သွားရ သနည်း။ ဘာ့ကြောင့် မရှု မြင်နိုင် ဖြစ်သွားရ ပါသနည်း။

လူ့ လောကတွင် လူသား တို့သည် တဦးနှင့် တဦး ဆက်ဆံ ပေါင်းသင်း ကြရာ၌ မိမိ အတွက် အသုံးချ၍ ရမည့် ရုပ်ဝတ္ထု ပစ္စည်း တခု ပမာ သဘောထား ကြ၏။ ပြုမူ ကြ၏။ သို့ဖြင့် လူသား တို့သည် မိမိကိုယ် မိမိ ယုံကြည်မှု ပျောက်လာ ကြ၏။ မိမိ ဘဝ အပေါ် မိမိ ရိုးသားမှု လွင့်ပြယ် သွား၏။ မိမိသည် မည်သူ၏ ဩဇာပြု လွှမ်းမိုး မှုကိုမျှ မခံရသော ကိုယ်ပိုင် ပြဌာန်းမှု ရှိသော လွတ်လပ် စစ်မှန်စွာ ဖြစ်တည် နေသော သတ္တဝါ ဖြစ်ကြောင်း မေ့လျော့ သွားကြ၏။ ကိုယ့်ကိုယ်ကို ပတ်ဝန်းကျင် လောက၏ ပြဌာန်းခံ ရုပ်ဝတ္ထု ပစ္စည်း တခု ပမာ ထင်မြင် လာကြသည်။ ဤ အမြင်သည် မကြာခဏ လူ့စိတ် အတွင်း ပေါ်လာ တတ်၏။ ကြာလာသော အခါ အကျင့်ပါ သွားပြီး လူ ဟူသည် အရာဝတ္ထု တခု ပမာ ဖြစ်သည် ဟူသော အမြင်သည် ခိုင်မာ သွားတော့၏ ဟု ဆာ့တ်က ဆို၏။

လူပုဂ္ဂိုလ် တဦးသည် ရှင်သန်မှု မဲ့နေသော အပြုခံ၊ အပြဋ္ဌာန်းခံ ရုပ်ဝတ္ထု ပတ်ဝန်းကျင်နှင့် အမြဲ ထိတွေ့ နေရ၏။ ဤ ရုပ်ဝတ္ထု ပစ္စည်း များသည် ရုပ်သေး ဆရာကြိုးဆွဲသည့် အတိုင်း လိုက်ပါ လှုပ်ရှား နေရသော လွတ်လပ်မှု လုံးဝ မရှိသည့် ရုပ်သေးရုပ်များ ကဲ့သို့ပင် ဖြစ်ကြောင်း သိရှိ ကြသည်။ သို့ရာတွင် သူကိုယ်တိုင် အခြား လူသား များနှင့် ထိတွေ့ ဆက်ဆံ လာရသော အခါ ထို သူတို့ သည် မိမိအား အသုံးချခ ရုပ်ဝတ္ထု ပစ္စည်း တခု သဖွယ် သဘော ထားကြကြောင်း တွေ့သိရ ပြန်၏။ ဤသို့ဖြင့် မိမိမှာလည်း ရုပ်သေး တရုပ်လို ဖြစ်နေ ပါရောလား၊ မိမိ လည်ပင်းတွင် ရုပ်သေး ကြိုးသည် တပ်ပြီးသား ဖြစ်နေ ပါသလားဟု ခံစား လာရ၏။ သြော် ငါ့ဘဝ ဟာလည်း ဒီ လူ့ အဖွဲ့အစည်း ဒီ လူ့ လောကကြီး ထဲမှာ သတ်မှတ် ပြဋ္ဌာန်း ခံရပြီးသား ဖြစ်နေ ပါလား။ ကိုယ်ပိုင် ရွေးချယ်မှု မရှိဘဲ လူ့အဖွဲ့ အစည်းရဲ့ ဓလေ့ ထုံးစံတွေ၊ စည်းကမ်းတွေ၊ ဥပဒေ ဆုံးဖြတ်ချက်တွေ အတိုင်း တသဝေ မတိမ်း လိုက်နာ နေရတဲ့ အပြုခံ ပစ္စည်း တခုသာ ဖြစ်နေ ပါလားဟု ထင်မြင် လက်ခံ ကြတော့သည်။ လူများစုသည် ဤအမြင်၊ ဤသဘောထားကို ဘဝင် ကျကျပင် လက်ခံ ထားကြ သည်ကို တွေ့ရ၏။ ဤအမြင် ခံယူချက်ကို နိုင်ငံရေး အရသော် လည်းကောင်း၊ စီးပွားရေး အရသော် လည်းကောင်း၊ အယုတ်စွဆုံး ဘာသာရေး အရသော် လည်းကောင်း မိမိထက် သာလွန် ကြီးမြင့် နေသည့် အခြား လူသား များနှင့် တွေ့ဆုံ ဆက်ဆံ လိုက်ရသော အခါတွင် ပို၍ ထင်ထင် ရှားရှား ခံစားလာ ခဲ့ရ သည်ကို တွေ့ရ ပေသည်။

ဤ လူ့အဖွဲ့ အစည်း ထဲတွင် ဩဇာ အာဏာ ကြီးသူများ၊ ကြွယ်ဝ ချမ်းသာ သူများ၊ ရာထူး ဂုဏ်သိမ် ကြီးမြင့် သူများသည် သူ့ထက် နိမ့်ကျသော အခြား သူများနှင့် ဆက်ဆံရသော အခါ ကိုယ်နှင့် တန်းတူ ထားပြီး ဆက်ဆံ ကြသည် မဟုတ်ပေ။ လူကို လူလို သဘော ထားကြသည် မဟုတ်။ အရည် အချင်း မရှိသူတွေ အဖြစ် နှိမ့်ချပြီး အပေါ်စီးနှင့် မြင်ကြ သည်သာ ဖြစ်၏။ သူတို့ ဆန္ဒ ရှိသလို စိတ်ကြိုက် ပြဋ္ဌာန်း ထားသည့် အခြေအနေ ထဲရှိ အခိုင်းခံ၊ အပြုခံများ အဖြင့် သဘော ထားကြ သည်သာ ဖြစ်၏။ အသုံး ချခံ အရာဝတ္ထု တခုလို ဆက်ဆံ ကြပေ၏။ ဤ အခြေအနေ၊ ဤ ပတ်ဝန်းကျင်၊ ဤ လူ့အဖွဲ့ အစည်းတွင် စစ်မှန်စွာ ဖြစ်တည် နေသည့် လူ ဟူသည် မည်သို့ ရှိနိုင် မည်နည်း။ လူတို့သည် နေရင်း ထိုင်ရင်း အလိုလို လူစင်စစ်မှ ရုပ်သေး ရုပ်များ၊ အရာဝတ္ထုများ ဖြစ်သွားကြတော့၏ ဟု ယန်းပေါ်ဆာ့တ်က ဆိုပေသည်။

ထို့ပြင် လူသား တို့သည် မိမိတို့ လုပ်ချင် ကိုင်ချင် သည်များကို ပြုလုပ် ဆောင်ရွက်နိုင်ကြသော အခါတွင် ဤ ကမ္ဘာ လောကကြီးတွင် သူ လုပ်ချင်တာ ဖြစ်သည်။ ဤ ကမ္ဘာလောကကြီး တခုလုံးကို သူ ပိုင်ဆိုင် သည်ဟု ထင်မြင် လာတတ် ကြ၏။ သို့သော် ဤ လောကကြီးတွင် မိမိ ဆန္ဒ ရှိသော အရာတိုင်းကို အမြဲတမ်း လုပ်ကိုင် ဆောင်ရွက် နိုင်ခြင်း မရှိကြောင်းကို သိရှိ လာသော အခါ၌ လည်းကောင်း၊ မိမိသည် ပတ်ဝန်းကျင် လောကကြီး၏ မျက်စိ ဒေါက်ထောက် အစစ်ဆေး ခံနေ ရကြောင်း သတိ ပြုလာသော အခါ ၌ လည်းကောင်း သူ့ အမြင်သည် ပြောင်းပြန် သွားမည်သာ ဖြစ်သည်။ ဤကမ္ဘာ လောကကြီးက သာလျှင် မိမိ တကိုယ်လုံးကို ပိုင်ဆိုင် ထားသည်ဟု ကောင်းစွာ သိမြင် ခံစား လာပေမည်။ ဤသို့ ခံစား ချက်နှင့် အတူ သူ၏ လွတ်လပ်မှုသည် ပျောက်သွား၏။ အပြုခံ

ရုပ်ဝတ္ထု တခုသာ ဖြစ်သွား တော့၏။ ထိုအခါ သူသည် ဘဝ၏ လွတ်လပ်မှု အရသာကို မခံစား နိုင်တော့ပေ။ ဘဝ၏ စိန်ခေါ်ချက်ကို ရဲဝံ့စွာ ရင်မဆိုင် နိုင်တော့ဘဲ ကိုယ့်လိပ်ပြာ ကိုယ်မလုံသည့် အဖြစ်သို့ ရောက်သွား တော့၏။ ကိုယ့်ကိုယ်ကို ပြန်ပြီး ရှက်နေ တော့၏။ ဤကဲ့သို့ လူ တဦးသည် ကိုယ့် ဘဝကိုယ် ပြန်ပြီး ရှက်စိတ် ဝင်လာ ပါက မိမိ အတွက် မိမိ ဘာသာ ရှိခြင်း တည်းဟူသော စစ်မှန်စွာ ဖြစ်တည် နေသည့် လူ့ဘဝကို နားလည် နိုင်စွမ်း ရှိတော့မည် မဟုတ်ပေ။

ဤသို့သော လူ စင်စစ်မှ မိမိကို မိမိ လျော့ချပြီး ရုပ်ဝတ္ထု ပစ္စည်း အဖြင့် ထင်မြင် ခံစား သွားစေသည့် အခြေအနေ၊ ပတ်ဝန်းကျင် အားလုံး တို့ကို တွန်းလှန် ဖယ်ရှား ပစ်ရမည်။ ဤသို့ တွန်းလှန် ရုန်းကန်ရင်း လူသားသည် စစ်မှန်စွာ ဖြစ်တည် နေသော လူ့ဘဝ (ဝါ) လူသား ပီသသော လူ့ ဘဝကို မိမိ ဘာသာ မိမိ တည်ဆောက် ယူရ မည်ဟု ဖြစ်တည်မှု ဝါဒီ များက တွန်းအား ပေးကြ လေသည်။

## ၆(၈)။ ပြုမှုလုပ်ဆောင်လိုမှု စိတ်ဇောဆန္ဒ

လူသား တဦးသည် လူ့ ဘဝတွင် လူ ပီပီ သသ စစ်မှန်စွာ နေထိုင်မည် ဆိုပါက လူ့ လောကနှင့် ပတ်သက်ပြီး မလှည့်စား သင့်၊ မလိမ်ညာ သင့်ပေ။ ဤကမ္ဘာ လောက ကြီးသည် ယုတ္တိ ကင်းသော လောက၊ ထိတ်လန့် ကြောက်ရွံ့ စရာ ကောင်းသော လောက ဖြစ်သည်ကို ဘဝင် ကျကျ လက်ခံ ရမည်သာ ဖြစ်၏။ ယန်း ပေါ်ဆာ့တ် ကဲ့သို့ ထာဝရ ဘုရားကို လက်မခံသော ထာဝရ ဘုရားမဲ့ ဖြစ်တည်မှု ဝါဒီတို့ ကမူ ဤသဘောကို လက်ခံ ကြ၏။ သို့သော် ထာဝရ ဘုရားရှိ ဖြစ်တည်မှု ဝါဒီများ အနေနှင့်မူ ဤသဘော ဤအမှန် တရားမှ သွေဖည် သွားကြ၏။ ယင်းတို့ အနေနှင့် ဤလူ့လောက ကမ္ဘာကြီးသည် ထိတ်လန့် ကြောက်ရွံ့ စရာ ဆင်းရဲ ဒုက္ခ များနှင့် အမြဲတမ်း ပြည့်နေသည် မဟုတ်ဟု ခံယူ ကြသည်။ ထာဝရ ဘုရားနှင့် အတူ ရှိနေသော လူများ၊ နီးစပ်သော လူများ၏ ဘဝသည် ထာဝရ ဘုရားနှင့် ကင်းကွာ နေသည့် ဘဝလောက် ကြောက်ရွံ့ ထိတ်လန့် စရာ မရှိပေ။ ဆင်းရဲ ဒုက္ခ မရှိပေ။ ဘုရားဝေး၊ တရားဝေး အကုသိုလ် ဒုစရိုက် ကောင်များ တွင်သာ စိုးရိမ် ပူပန် မှုများ၊ ဆင်းရဲ ဒုက္ခ များနှင့် ပြည့်လွှမ်း နေသည် ဖြစ်၏။ ထာဝရ ဘုရားနှင့် အတူ ရှိနေ ကြသည့် သူတော်စင် များတွင် ဤသို့သော ဆင်းရဲ ဒုက္ခများ မရှိကြ ဟူ၍လည်း ယုံကြည် လက်ခံ ကြပေသည်။

ဤသည်ကို ဆာ့တ်က ထာဝရ ဘုရားရှိ ဝါဒီ တို့သည် လူသား အချင်းချင်း နှိမ့်ချပြီး အသရေ ဖျက်သူ များသာ ဖြစ်၏ဟု စွပ်စွဲ ခဲ့သည်။ ဆာ့တ် အတွက်မူ လူသား၏ အထက်တွင် ဘာမှ မရှိ။ အကယ်၍ လူသား၏ အထက်တွင် လူသားထက် မြင့်မြတ်သည့် အရှိ တရား(ထာဝရ ဘုရား) ကို လက်ခံ လိုက်ပါက လူသားသည် ပြဿနာ်းခံ ဘဝ အလိုလို ရောက်သွား ပေတော့မည်။ လူ့ ဘဝ၏ စစ်မှန်မှု သည်လည်း မည်သည့် အခါမျှ ဖြစ်ပေါ် လာမည် မဟုတ်ဟု ဆာ့တ်က ခံယူ ထားသည်။

သူ့ အလိုအရ ဆိုလျှင် လူသည် ကိုယ့်ကိုယ်ကိုသာ အားကိုး စရာ ရှိသည်။ ကိုယ့်လမ်း ကိုယ်ထွင်၊ ကိုယ့်ဘဝ ကိုယ်တိုင် တည်ဆောက် ယူရ မည်သာ ဖြစ်၏။ မိမိမှ တပါး ကိုးကွယ်ရာ မရှိ။ မိမိ ပြင်ပရှိ မည်သည့် အရာကို မှလည်း အားကိုး၍ မရနိုင်။ မည်သည့် စံနှုန်း၊ မည်သည့် အယူအဆ သဘော တရားမျှ မိမိကို လမ်းညွှန်မှု မပြုနိုင်။ ထို့ကြောင့် လူသည် မိမိကို မိမိ အားကိုး ယုံကြည် ရမည်။ မိမိကို မိမိ အလေးထား ရမည်။ မိမိမှ တပါး ဖြစ်သော အခြား မည်သည့် သက်ရှိ သက်မဲ့ အရာ တို့ကို မိမိ ကဲ့သို့ သဘော မထားရ၊ အားမကိုးရ၊ အလေး မထားရ။ လူသည် မိမိ ကိုယ်တွင်း မှာသာ မိမိ အတွက် စွမ်းအားကို ရှာဖွေ ရမည်။ မိမိ လုပ်ရည် ကိုင်ရည် ကိုသာ အားကိုး ရမည်။

လူ ဟူသည် ဖြစ်တည် မှုက စရသည် ဖြစ်၏။ ထို့ကြောင့် လူ့ ဘဝ ဖြစ်တည် မှုတွင် ကနဦး အစ၌ ဘာမှ မရှိပေ။ လူတွင် ဘာမျှ မရှိ (Man has nothing) သည့် အတွက် လူသည် တစုံ တခုကို လုပ်ရမည်။ ပြုမူ ဆောင်ရွက် ရမည်။ ဤသို့ ပြုမူ ဆောင်ရွက် ခြင်းဖြင့် လူ့ ဘဝတွင် ဂုဏ်ရည်များ၊ အနှစ်သာရ များသည် အမြဲတေ ပမာ စုစည်း ထင်ရှား လာပေ၏။ လူ့ ဘဝ၏ အဓိပ္ပါယ် ကင်းမဲ့မှု အတွက် အဖြေမှာ ပြုမူ လုပ်ဆောင်ချက် ဖြစ်၏

ဟု ဆာ့တ်က ခံယူသည်။ ထို့ကြောင့်လည်း ဆာ့တ်က "ပြုမူ ဆောင်ရွက် ခြင်းလောက် စစ်မှန်သော အရှိ တရားသည် ဤ လောကတွင် မရှိ။ ကျွန်ုပ်တို့ ပြုမူ ဆောင်ရွက် ကြသည့် အချိန်မှာ သာလျှင် ကျွန်ုပ်တို့ ဖြစ်တည် ကြသည်။ လူ ဟူသည် သူ၏ အစီအမံ ဆောင်ရွက် ချက်က လွဲပြီး ဘာမျှ မဟုတ်ပေ။ သူသည် သူ့ကိုသူ ဖြည့်ဆည်း ဆောင်ရွက် ပြုလုပ် လိုက်သမျှသာ ဖြစ်တည်၏။ ထို့ကြောင့် လူ့ ဘဝ ဟူ သည် သူ့ အပြု အမူများ အညီ အညွတ် ပေါင်းစည်း ထားခြင်းသာ ဖြစ်ပေသည်" ဟု ဆိုပေသည်။

၁၇ ရာစု ဂျာမန် တွေးခေါ် ရှင်ကြီး ရှိုပင် ဟောင်ဝါက လူ့ ဘဝ ပြဿနာ များကို ဖြေရှင်း ရာတွင် အသက် ရှင်သန် လိုမှု စိတ်ဇော ဆန္ဒ(Will to live) ကို အလေး အနက် ထားပြီး အဖြေ ပေးခဲ့၏။ ဂျာမန် တွေးခေါ် ရှင်ကြီး တဦး ဖြစ်သော နိရှေး ကမူ လူ့ဘဝတွင် အာဏာ စွမ်းအား ရရှိ လိုမှု စိတ်ဇော ဆန္ဒ (Will to power) သည် အဓိက ကျ၏ ဟု ဆိုပေသည်။ ယန်းပေါ်ဆာ့တ် ကမူ ပြုမူ လုပ်ဆောင် လိုမှု စိတ်ဇော ဆန္ဒ (Will to action) သည် လူ့ ဘဝတွင် အရေးကြီးဆုံး ဖြစ်သည် ဟု ဆိုမည်သာ ဖြစ် သည်။

အစစ်မှန် တရား ဟူသည် အဘယ်နည်း ဟူသော မေးခွန်းသည် အနောက်တိုင်း ဒဿန သမိုင်းတွင် အရေးကြီး၍ အဓိက ကျသော မေးခွန်း တရပ် ဖြစ်၏။ ဤမေးခွန်း အတွက် အဖြေကို လွန်ခဲ့သည့် ဘီစီ ခြောက်ရာစုတွင် ပေါ်ထွန်း ခဲ့သော အနောက်တိုင်း ဒဿန ဖခင်ကြီး ရှေးဟောင်း ဂရိ တွေးခေါ်ရှင် သေးလိစ်မှ အစပြု၍ ယနေ့ မျက်မှောက်ခေတ် တွေးခေါ် ရှင်များ တိုင်အောင် အမျိုးမျိုး ကွဲပြား ခြားနားစွာ ပေးခဲ့ ကြသည်။ အချို့ တွေးခေါ်ရှင် များက ဤလောက စကြဝဠာကြီး၏ အဆုံးစွန်သော အန္တိမ အစစ်အမှန် တရားမှာ ရုပ် ဖြစ်သည်ဟု ဆိုကြ၏။ တချို့ တွေးခေါ် ရှင်များ ကမူ နာမ် ဖြစ်သည်ဟု ခံယူ ခဲ့ကြသည်။ သို့ရာတွင် ပေါ်ဆာ့တ် ကမူ ဤသို့သော ရုပ်၊ နာမ်၊ ဝိညာဉ် အစ ရှိသည့် အခြေခံ အစစ် အမှန် အရှိ တရားကို အရေး မထား တော့ပေ။ လူကိုသာ အဓိက ထားသည်။ လူသား၏ အလုပ်၊ အပြု အမူ၊ ကြိုးပမ်း ဆောင်ရွက်ချက် ကိုသာ အရေးထား လေ့လာ ဆန်းစစ်ပြီး တွေးခေါ် ပေ၏။

၁၉ ရာစု နယူတန် ရူပ ဗေဒတွင် အဆုံးစွန်သော အစစ်အမှန် အရှိ တရားကို ခွဲခြမ်း စိပ်ဖြာ၍ မရ နိုင်သည့် ရုပ် အခြေခံ ဝတ္ထုနှင့် ဖွဲ့စည်း ထားသည်။ လူသား ဟူသည်မှာ ဤ ရုပ်လောက ကြီး၏ ကိုယ်ပွား ပုံဆောင်ချက် တခုသာ ဖြစ်သည်ဟု မှတ်ယူ ခဲ့ကြ၏။

သို့သော် ၂၀ ရာစုတွင် ပေါ်ထွန်း လာသည့် ရီလေတီဗီတီ သီအိုရီ တွင်မူ ရုပ် အခြေခံ ဝတ္ထုကို လက်မခံ တော့ပေ။ ဤ လောက ကြီးတွင် စွမ်းအင် တရား သာလျှင် အခြေခံ ဖြစ်သည်ဟု ယူဆ လာပေသည်။

ကမ္ဘာကျော် ရူပ ဗေဒ ပညာရှင်ကြီး အိုင်းစတိုင်း အလိုအရ ဤကမ္ဘာ လောကကြီး တခု လုံးသည် စဉ်ဆက် မပြတ် လှုပ်ရှား ပြောင်းလဲ နေသည့် စွမ်းအင် စနစ်ကြီး တရပ် ဖြစ်သည်။ ဤသို့ဖြင့် ရူပ ဗေဒ ပညာတွင် ရုပ်အခြေခံ ဝတ္ထုကို ငြင်းပယ်ပြီး စွမ်းအင် တရားကို ပြောင်းလဲ လက်ခံ လာကြ၏။ ထိုနည်းတူ ဆာ့တ်၏ ဖြစ်တည်မှု ဝါဒက အခြေခံ ဝတ္ထု သဘော ဆောင်သော အတ္တကို ငြင်းပယ်ပြီး လူသား၏ ပြုမူ စွမ်းဆောင်ရည် (ဝါ)

အပြုအမူ စွမ်းအားကို ပြောင်းလဲ လက်ခံ ယူဆ လာခြင်း ဖြစ်၏။ လူသားတိုင်း အတွက် တကယ် အစစ် အမှန် ရှိနေ သည်မှာ သူ၏ ပြုမူ လုပ်ဆောင်ချက် များသာ ဖြစ်၏။ သူ၏ စွမ်းဆောင်ရည် (ဝါ) စွမ်းအား သာ ဖြစ်သည် ဟု ဆာ့တ်က ယူဆသည်။

## ဘဝ၏ ဖြစ်နိုင်ခြေကို ငြင်းပယ်ခြင်း

ယန်းပေါ်ဆာ့တ်၏ အလိုအရ လူသား တဦးတွင် အတ္တ တခု (ဝါ) အတ္တကောင် တကောင် ရှိနေသည် ဟု ပြောဆို၍ မရပေ။ အကြောင်းမှာ လူတယောက် အတွက် သူပိုင်ဆိုင် သမျှ အားလုံးမှာ သူ၏ ပြုမူ လုပ်ဆောင်ချက် များသာ ဖြစ်သော ကြောင့်ပင်။ သို့ဖြစ်၍ ကိုယ့်အတွက် ကိုယ်ရှိခြင်း (Being-for-itself) ဟူသည့် 'သိစိတ်' ကို အခြေခံ ဝတ္ထု သဘော တရပ် အနေဖြင့် သတ်မှတ်၍ မရ နိုင်ခြင်း ဖြစ်ပေသည်။

လူ ဟူသည် ရုပ်ဝတ္ထု ပစ္စည်း မဟုတ်။ အပြုခံ အရာ ဝတ္ထု တခုလည်း မဟုတ်။ သိစိတ် ဖြစ်စဉ် တရပ်သာ ဖြစ်သည်။ ယင်း သိစိတ် ဟူသည် မှာလည်း အဟုတ် တကယ် ရှိပြီး မြင်တွေ့ နိုင်သည့် ဂုဏ်ရည် များနှင့် အဓိပ္ပါယ် သတ်မှတ် ဖော်ဆောင်၍ ရနိုင် ကောင်းသည့် အရာ မဟုတ်ပေ။ သိစိတ်တွင် လက်ဆုပ် လက်ကိုင် ပြစရာ အကောင်အထည် ပစ္စည်း ဟူ၍ ဘာမှ မရှိ။ အာကာသ (Space) တည်း ဟူသော နေရာ ဒေသ အဝှမ်း တရပ် အတွင်း နေရာ ချထား သတ်မှတ်၍ ရနိုင် ကောင်းသည်လည်း မဟုတ်ပေ။ သိစိတ်ကို အရေအတွက် အားဖြင့် ရေတွက် သတ်မှတ် နိုင်သည် မဟုတ်။ အမှန်စင်စစ် သိစိတ် ဟူသည် ထိတွေ့ သိမြင်၍ ရနိုင်သော အရာ မဟုတ်ပေ။ ဤသို့ ဆိုပါလျှင် သိစိတ်၏ နောက်ဆုံး လားရာ ပန်းတိုင်ကား အဘယ်နည်းဟု မေးစရာ ရှိလာသည်။ ယန်းပေါ်ဆာ့တ်၏ အဖြေကား သိစိတ်တည်း ဟူသော လူသား၏ နောက်ဆုံး ပန်းတိုင်မှာ လုံးဝ ငြင်းပယ်ခြင်း သဘော သာလျှင် ဖြစ်၏။

လူသား တဦး၏ ဖြစ်တည်မှု ဘဝ အတွင်း ဗဟို အချက် အခြာတွင် မတည်မြဲမှု၊ အစိုး မရမှု သဘော တို့သည် အမြဲတမ်း မသိမသာ မထင် မရှား ရှိနေ ကြ၏။ လူ့ လောကတွင် လူတို့သည် တစုံ တခုကို ရယူ ပိုင်ဆိုင် လိုမှု အတွက် အလုပ်အကိုင် အပြုအမူ များကို ကြိုးစား လုပ်ကိုင် ဆောင်ရွက် ကြသည်။ သို့ရာတွင် နောက်ဆုံး၌ လူ တို့သည် သူ့ ဘဝတွင် ဘာမှ ရရှိ မသွား ကြပေ။ ကိုယ် အပိုင်ဆိုင်ဆုံး ဟူသည့် မိမိ ခန္ဓာကိုယ် ကိုပင် မရနိုင်၊ မပိုင် ဆိုင်နိုင် ကြပေ။ လူ့ ဘဝကို အပေါ်ယံကြော အားဖြင့် ကြည့်လျှင် စစ်မှန်၏။ တည်မြဲ၏။ ပြည့်စုံ၏ဟု ထင်စရာ ဖြစ်ပေသည်။ သို့သော် လူသားတိုင်း၏ ဘဝ တိုင်းသည် လုံးဝ ဥဿုံ အဓိပ္ပါယ် မဲ့သော အဖြစ်၊ ယုတ္တိ ကင်းသော အဖြစ်၊ ဘာမဆို ပြောဆို သတ်မှတ်၍ မရသည့် အဖြစ်သို့ ဦးတည် နေသည်သာ ဖြစ်သည်။ မည်သို့သော လူသား ဖြစ်ဖြစ် နောက်ဆုံးတွင် ဘာမှ အဓိပ္ပါယ် မရှိသော နတ္ထိ ဘဝ အဖြစ် အဆုံးသတ် သွားရ သည်သာ ဖြစ်၏။

ဆာ့တ်သည် သူ၏ အသံတိတ် သမ္မတ နိုင်ငံတော်တွင် သေခြင်း တရားကို ထည့်သွင်း သရုပ် ဖော်ခဲ့သည်။ ဤစာအုပ်တွင် ပြင်သစ် တို့၏ ဖက်ဆစ်ဂျာမန် တော်လှန်ရေး ကာလ အတွင်း သေခြင်း တရားသည် လူတို့ အတွက် အထူးအဆန်း မဟုတ်တော့သည့် ကိစ္စ၊ ကြုံလေ့ ကြုံထ ရှိသော ကိစ္စ ဖြစ်လာ ကြောင်းကို ထင်မြင် လာစေရန် တင်ပြ၏။ သေခြင်း တရားကို ထိတ်လန့် ကြောက်မက် စရာ ဒုက္ခ ဘေးဆိုးကြီး အဖြစ် မစဉ်းစား ကြနှင့်။ မခံယူ ကြနှင့်။ သေခြင်း တရား ဟူသည် လူသား တဦး၏ ဘဝတွင်

မုချ မသွေ ဆိုက်ရောက် သွားမည့် ခရီး ပန်းတိုင် ဖြစ်၏။ လူတိုင်း လူတိုင်း မွေးဖွား ကတည်းက ပိုင်ဆိုင် လာရသည့် ကိုယ်ပိုင် ဝေစု ဖြစ်သည်။ လူသားတို့ အတွက် အမှန်တကယ် အခြေခံ လုသည့် အစစ်အမှန် အရှိ တရားကြီးသာ ဖြစ်သည်ဟု စဉ်းစား ခံယူ ကြရန် ဆာ့တ်က ပြောကြားသည်။

ဂျာမန် ဖြစ်တည်မှု ဝါဒီ ဟိုင်ဒေဂါးက လူတို့သည် သေခြင်း တရားနှင့် တချိန်ချိန်တွင် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင် ကြရ မည်သာ ဖြစ်၏။ ဤသဘောကို အစဉ် သဖြင့် တွေးသိ ထိုက်သည်။ လူ့ဘဝ ဟူသည် သေခြင်း တရားဖြင့် အချည်းနှီး ဖြစ်သွား ရမည့် သဘောပါ တကားဟု တိတိပပ ခံယူ ထားဖို့ လိုသည်။ သေခြင်းတည်း ဟူသော အချည်းနှီး သဘော အဖြစ် အမှန် တကယ် သိမြင် နားလည် ထားပါက ဤ လောက၌ အဘယ် သို့သော ဒုက္ခမျိုး ကိုမျှ အရေးကြီးသော အရာဟု ထင်မြင် ကြတော့မည် မဟုတ်။ သေခြင်း တရားသည် ဘဝ၏ အမှန်တရား ဖြစ်၏။ ဘာမျှ တွေဝေ နေစရာ မလို။ ကြောက်ရွံ့ နေစရာလည်း မလို။ ကြောက်ရွံ့ နောက်တွန့်၍ လွဲဖယ် သွားမည့် အရာလည်း မဟုတ်။ ကြုံရမည့် အရာကို ရင်ဆိုင် ရန်သာ ရှိသည်ဟု ခံယူ ထားရမည်။ ဤသို့ ခံယူ ထားခြင်းဖြင့် မိမိ ရောက်ရှိ ဖြစ်တည် လာသည့် လောက၌ လုပ်ဆောင် အပ်သည် များကို လုပ်ဆောင် နိုင်သူ အဖြစ်သို့ ရောက်ရှိ လာမည်ဟု ဆိုခဲ့သည်။

သေခြင်း တရားနှင့် စပ်လျဉ်း၍ ယန်းပေါ်ဆာ့တ်က ဤသို့ ဖွင့်ဆို ခဲ့၏။ ကျွန်ုပ်တို့သည် သေခြင်း တရား၏ ယုတ္တိ မတန်မှု (ဝါ) အဓိပ္ပါယ် မဲ့မှုကို ဦးစွာ အသိအမှတ် ပြုရမည်။ လူသား တိုင်းသည် မည်သည့် အချိန်ဟူ၍ တိတိ ကျကျ သတ်မှတ် မထားသည့် သေဒဏ် ချမှတ် ခံရသူချည်း ဖြစ်၏။ လူ တဦးစီသည် ယင်းနောက်ဆုံး ပြစ်ဒဏ် အတွက် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ပြင်ဆင် နေသူ ဖြစ်၏။ စက်တိုင် ပေါ်တွင် အကောင်းဆုံး သရုပ်ဆောင် ပြနိုင်ရန် အတွက် ဖြစ်နိုင် သမျှ အရာ အားလုံးကို အစွမ်းကုန် အားထုတ် ပြုလုပ် ဆောင်ရွက် နေသူ ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်သည် သေခြင်း တရားကို မျှော်လင့် စောင့်စား၍ မရနိုင်။ မည်သည့် အချိန် အခါတွင် ဖြစ်ပေါ်မည် ဟူ၍ သတ်သတ် မှတ်မှတ် ဆုံးဖြတ် ပြီးသား အဖြစ် အပျက် ကိုသာ မျှော်လင့် စောင့်စား၍ ရနိုင် ကောင်း၏။ သေခြင်း တရားကား မည်သည့် အချိန်တွင် ဖြစ်ပေါ် လာမည်ကို တိတိ ကျကျ သိသော အရာ မဟုတ်။ ထို့ကြောင့် သေခြင်း တရားကို သတ်မှတ် ထားသည့် အချိန် ဇယား အတိုင်း ဆိုက်ရောက်မည့် ရထား တစင်း ပမာ သဘော မထား အပ်ပေ။ သေခြင်း တရားသည် အချိန် မမှန်သည့် ရထား ပမာ ရောက်လာမည့် အချိန်ကို မသိနိုင်ပေ။ အချိန်စော၍ ရောက်လာ မည်လား၊ နောက်ကျ၍ ရောက်လာ မည်လား၊ သို့တည်း မဟုတ် ပုံမှန် ရောက်လာ မည်လား တိတိ ကျကျ မသိ နိုင်ပေ။ သို့ဖြစ်၍ သေခြင်း တရားကို အစွဲကြီး တရပ် အနေဖြင့် မျှော်လင့် စောင့်စား မထား အပ်ပေ။ ထို့ပြင် သေခြင်း တရားသည် ဘဝ၏ ဖြစ်နိုင်ချေ အလား အလာ တရပ် မဟုတ်ပေ။ ဘဝ၏ ဖြစ်နိုင်ချေ အလား အလာ အားလုံးကို ငြင်းဆန် ပယ်ဖျက် လိုက်ခြင်း သဘော ဖြစ်၏။

အကယ်၍ ပြင်သစ် စာရေး ဆရာကြီး ဘားလ်ဇတ်သည် သူ၏ Les Chouns ဟူသော (ဘဝ သရုပ်ဖော်) ဝတ္ထုကို မရေး သားခင် သေဆုံး သွားပါက သူသည် ကာမရာဂ နိုးဆွသည့် ပေါ်ပင် ဆူလွယ် နပ်လွယ် ဝတ္ထု များကိုသာ ရေးသားသည့် အပေါစား စာရေး

ဆရာ တဦးသာ ဖြစ်သည်ဟု မှတ်ယူ ကြပေ လိမ့်မည်။ ယခု ကဲ့သို့ ပြင်သစ် စာပေ သမိုင်းဝင် ပုဂ္ဂိုလ် ဖြစ်လာမည် မဟုတ်ပေ။ သေခြင်း တရားသည် ဘားလ်ဇတ်၏ ဘဝ ဖြစ်နိုင်ခြေ အလား အလာကို လုံးဝ ငြင်းဆန် ပယ်ဖျက် လိုက်ပေသည်။

ဤသို့ဖြင့် ယန်း ပေါ်ဆာ့တ်သည် သေခြင်း တရားကို လူ့ ဘဝ၏ ယေဘုယျ ငြင်းပယ်မှု တရား (Universal negation) အဖြစ် ရှုမြင် ခဲ့သည်။ ဤသို့ ရှုမြင် သုံးသပ်ရင်း ဆာ့တ်သည် ငြင်းပယ် ဆန့်ကျင် အရှိ တရား (ဝါ) မရှိသော အရှိ တရား များကို ရှာဖွေ တွေ့ရှိ ခဲ့သည်။ ယနေ့ ရူပ ဗေဒ ဘာသာတွင် ရုပ်အဖြင့် တည်ရှိ မနေသော ရုပ် (ဝါ) ဆန့်ကျင် ရုပ်ကို တွေ့ရှိ လာပြီး စူးစူး စိုက်စိုက် လေ့လာ နေကြ၏။ ယနေ့ ကမ္ဘာ စာပေ လောက တွင်လည်း ဇာတ်လိုက် မဆန်သော ဇာတ်လိုက် (ဝါ) ပတိ ဇာတ်လိုက် များဖြင့် ရေးဖွဲ့သည့် ဝတ္ထု များသည် နေရာ ယူခဲ့ပြီး ဖြစ်ပေသည်။ မျက်မှောက်ခေတ် လူသား တို့သည် လူ့ ဘဝ၏ အဓိပ္ပါယ် ကင်းမဲ့ မှုများ၊ လောက၏ အနှစ် သာရ မဲ့မှုများ၊ ဗလာချည်း သက်သက် ဖြစ်မှု များကို တွေ့ကြုံ ခံစား ကြရ၏။ မိမိ ဘဝ၏ မလုံခြုံ မတည် မြဲမှု ကိုလည်း ကိုယ်တွေ့ ကြုံကြ ရသည်။ ထို့ကြောင့် လူသားသည် ဤ လောကရှိ မိမိ အပါအဝင် အရာရာတိုင်း အပေါ် ယုံကြည်မှု ကင်းလာ၏။ သံသယ ပွားလာ ကြ၏။ မိမိ ဘဝ အပေါ် အမြဲတမ်း စိုးရိမ် ပူပန် နေရသည့် အဖြစ်သို့ ရောက်ကြ ရသည်။ ထို့ကြောင့် မျက်မှောက်ခေတ် လူသား တို့သည် စိုးရိမ် ပူပန်သော ခေတ်ထဲတွင် နေထိုင် ကြရ သည်ဟု ဆိုရ ပေမည်။ ဤ သို့သော လူ့ ဘဝ၏ အဓိပ္ပါယ် မဲ့မှု သဘောနှင့် မရှိသော တရား အယူ အဆများကို သိရှိ နားလည် ထားခြင်း မရှိ ပါက မျက်မှောက်ခေတ် စာပေ၊ ကဗျာ များကို နားလည် နိုင်မည် မဟုတ်ပေ။

ဤ လောက ကြီးထဲတွင် ယခု ရှိမနေ ဖြစ်မနေသော အရာများ (Things that are not there) (ဝါ) မရှိသော အရှိ တရားများဖြင့် ပြည့်လျှမ်း နေသည်ကို တွေ့ရ၏။ ယင်း မရှိသော အရှိ တရား များသည် လူ့ဘဝ အပေါ် အင်အား ကြီးမား စွာဖြင့် လွှမ်းမိုး နေပေသည်။ ယခု ရှိနေသော အရာများထက် လူ့ ဘဝ အပေါ် ပိုမို စိုးမိုး ထားသည် ကိုလည်း တွေ့နိုင်သည်။ ဥပမာ အားဖြင့် အလွန် ချစ်မြတ် နိုးကြသည့် ချစ်သူ နှစ်ဦး အကြောင်း စဉ်းစား ကြည့်ပါ။ တဦးက သူ့ချစ် သူထံမှ တယ်လီ ဖုန်းခေါ်သံကို စောင့်မျှော် နေ၏။ တယ်လီဖုန်းသည် နှစ်ဦးသား ချိန်းဆို သတ်မှတ် ထားသည့် အချိန်တွင် ခေါ်သံ မြည်မလာ။ ဤ အချိန်တွင် တယ်လီဖုန်း ခေါ်မြည်သံနှင့် တယ်လီဖုန်း မခေါ်သံ၊ မြည်သံ နှစ်မျိုး အနက် မည်သည်က စောင့်မျှော် နေသည့် ချစ်သူ အပေါ် ဩဇာပို လွှမ်းမိုး ထားပါ သနည်း။ တယ်လီဖုန်း ကလည်း ခုထိ မလာဘူး ဟူသော အတွေးက သူ့အပေါ် စိုးမိုး ထားသည်သာ ဖြစ်၏။ တနည်း အားဖြင့် ငြင်းဆန် အရှိ တရား (ဝါ) မရှိသော အရှိ တရားက သူ့ တကိုယ်လုံး အပေါ် ဖိစီး လွှမ်းခြုံ ထားပေသည်။ လူသား တို့သည် ၂၀ ရာစု ခေတ်ကို မိမိ တို့၏ လှပသော အနာဂတ် အဖြင့် အလွန် မြော်လင့် ခဲ့ကြသည်။ တည်ငြိမ် ကောင်းမွန် လှသော အဆင့်မြင့် လူ့ ယဉ်ကျေးမှု အဖွဲ့အစည်း တရပ် ဖြစ်တည် ပေါ်ထွန်း လာလိမ့် မည်ဟုလည်း မှန်းဆ ငံ့လင့် ခဲ့ကြသည်။ သို့သော် ၂၀ ရာစုတွင် အမှန် တကယ် ဖြစ်ပေါ် လာသည် များကား မျှော်လင့်ချက် တို့နှင့် ဆန့်ကျင်ဘက် များသာ ဖြစ်၏။ အကန့် သတ်မဲ့ အနိုင်ကျင့် ကျွန်ပြု မှုများ၊ ရက်စက် ကြမ်းကြုတ် လှသော အရိုင်း အစိုင်း ဝါဒများ၊ လူ့ရိုင်းထက် ထူးကဲ ဆန်းပြားသည့် သတ်ဖြတ် ညှင်းဆဲမှု များကို လူသား တို့သည် ပိုမို

တွေ့ကြုံ လာရသည်။ ထို့ကြောင့်လည်း ဤ ရာစု ခေတ်တွင် လူ့ ဘဝနှင့် ပတ်သက်၍ ငြင်းပယ် ဆန့်ကျင်ခြင်း သဘောကို အလေးနက် ပြုထားသည့် အတွေး အခေါ်များ၊ အဆိုးမြင် ဒဿနများ ပေါ်ထွန်း ခဲ့သည်မှာ မဆန်း လှပေ။ ယန်း ပေါလ်ဆာ့တ်၏ ဒဿန မှာလည်း ငြင်းပယ် ဆန့်ကျင်ခြင်း သဘောကို အလေးနက် ထားသည့် ဒဿန တရပ် ဖြစ်သည်။ သို့သော်ငြား ယင်း ဆန့်ကျင် ငြင်းပယ်ခြင်း၏ ရည်ရွယ်ချက်မှာ လူ့ ဘဝ၏ အစစ်အမှန် ဖြစ်တည်မှု အတွက် အားမာန် အပြည့်အဝဖြင့် ရင်ဆိုင် တည်ဆောက် နိုင်ရန် ဖြစ်ပေသည်။ ထို့ကြောင့်လည်း ယန်း ပေါလ်ဆာ့တ်သည် လွတ်လပ်မှု သဘောကို ငြင်းပယ် ဆန့်ကျင်ခြင်း သဘောဖြင့် စဉ်းစား တင်ပြ ခြင်းမှာ လူသား၏ ကြီးကျယ် ခမ်းနား လှသည့် ဖန်တီး စွမ်းဆောင် နိုင်မှု အားမာန် သဘောကို မီးမောင်း ထိုးပြခြင်း ဖြစ်ပေသည်။

"ဖက်ဆစ် ဂျာမန် တွေရဲ့ အုပ်စိုးမှု လက်အောက် ကျရောက် ခဲ့တဲ့ အချိန်ကလောက် ဘယ်တုန်း ကမှ ကျုပ်တို့ လွတ်လပ်မှု မရှိခဲ့ဘူး။ အဲဒီ အချိန်ဟာ လွတ်လပ်မှုကို ကျုပ်တို့ နားအလည်ဆုံး၊ အခံစား ရဆုံး အချိန် ဖြစ်တယ်။ ကျုပ်တို့ဟာ ဂျာမန် တွေရဲ့ လက်အောက်မှာ အခွင့်အရေး အားလုံး ဆုံးရှုံး ခဲ့ရတယ်။ စကား ပြောဆို ပိုင်ခွင့် အခွင့် အရေးက စလို့ပေါ့။ ကျုပ်တို့ ပါးစပ်တွေ ပိတ်ထားပြီး ဘာသံမှ ထွက်မလာ ရအောင် နေ့တိုင်း စော်ကား ခံခဲ့ရတယ်။ လှည့်စားချက် တခုပြီး တခု အောက်မှာ ကျုပ်တို့ အားလုံးဟာ လူရုပ် ပျောက်ခဲ့ ရတယ်။ ဒီလို ဖိနှိပ်မှု တွေကြောင့် ကျုပ်တို့ လွတ်လပ် ခဲ့တာ ဖြစ်တယ်။ ဂျာမန် ဖက်ဆစ် တွေကို သွေးသား ထဲက ရွံရှာ မုန်းတီးတဲ့ စိတ်ကြောင့် ကျုပ်တို့ရဲ့ ပြတ်သားတဲ့ အတွေးအခေါ် ခံယူချက် တွေဟာ အောင်မြင် ခဲ့တယ်။ လွတ်မြောက် ခဲ့တယ်။ ကျုပ်တို့ရဲ့ လျှာတွေကို သူတို့က အတင်း အဓမ္မ ထိန်းချုပ် ထားခဲ့တဲ့ အတွက် စွမ်းအား ရှိတဲ့ စကားလုံးတွေ ပေါ်ထွက် လာတာ ဖြစ်တယ်။ ဘက်ပေါင်းစုံက ခြိမ်းခြောက် ခံခဲ့ရတဲ့ အတွက်ကြောင့်လည်း ကျုပ်တို့ အားလုံးဟာ ဂျာမန် ဆန့်ကျင်ရေး အရေးတော် ပုံကြီးမှာ ခြေစုံပစ် ပါဝင် ခဲ့ကြတာ ဖြစ်တယ်။ 'ဂျာမန် ဖက်ဆစ် တွေရဲ့ အောက်မှာ လူဟာ သေမျိုး ဖြစ်တယ်' ဆိုတဲ့ အဖြစ်ကို အချိန်တိုင်း ပြည့်ပြည့်ဝဝ တွေ့ကြုံ နားလည် ခဲ့ကြတယ်။ သေခြင်း တရားနဲ့ အမြဲတမ်း မျက်နှာချင်း ဆိုင်ခဲ့ ရတဲ့ အတွက်ကြောင့် ကျုပ်တို့ရဲ့ ရွေးချယ်မှု တွေဟာ ပြတ်သားပြီး စစ်မှန်တဲ့ ဘဝကို တည်ဆောက် နိုင်ခဲ့ ကြတယ် လို့လည်း ဆိုနိုင်တယ်။ 'ကျုပ်တို့ရဲ့ ဘဝဟာ သေတာကမှ ပိုကောင်း သေးတယ်' ဆိုတဲ့ အဖြစ် ကြောင့်လည်း ပိုပြီး စစ်မှန် လာခဲ့တယ်။ ဒီနေရာမှာ ကျွန်တော် ရည်ညွှန်း တာဟာ ဂျာမန် ဆန့်ကျင်ရေး တိုက်ပွဲမှာ လက်နက် စွဲကိုင်ပြီး ကိုယ်တိုင် ကိုယ်ကျ တိုက်ပွဲ ဝင်ခဲ့ သူတွေ ကိုသာ မဟုတ်ဘူး၊ ဂျာမန် ဖက်ဆစ် တွေရဲ့ လက်အောက်မှာ လေးနှစ်တာ (၁၉၄၀-၄၄) ကာလ အတွင်း အချိန်တိုင်း ဂျာမန် ဖက်ဆစ် တွေကို (No) လို့ ငြင်းဆို ကြတဲ့ ကျုပ်တို့ ပြင်သစ် လူမျိုး အားလုံးကို ညွှန်းဆိုတာ ဖြစ်တယ်" ဟူ၍ သူ၏ 'အသံတိတ် နိုင်ငံတော်' တွင် ငြင်းပယ် ဆန့်ကျင်ခြင်း စွမ်းအား သတ္တိ၏ လွတ်လပ်မှုကို ယန်း ပေါလ်ဆာ့တ်က ဖွင့်ဆို ပြပေး ခဲ့သည်။

အမှန် စင်စစ် လွတ်လပ်မှု ဟူသည် တောင်းခံ အပ်၍ ရရှိ လာသော အရာ မဟုတ်။ လွတ်လပ်မှု ဒါကို ဟိုး အဝေး ကြီးမှာ ကျွန်တော် သွားရှာ ခဲ့တယ်။ တကယ်တော့ ဒါဟာ ကျွန်တော်နဲ့ သိပ်ကို နီးကပ် လွန်းတဲ့ အတွက် ထိလို့တောင် မရ နိုင်ဘူး။ ဟုတ်တယ်၊ လွတ်လပ်မှုဟာ ကျွန်တော် ထိလို့ မရ လောက်အောင်ကို ကျွန်တော်နဲ့ နီးကပ်

လွန်းပါတယ်။ တကယ်တော့ လွတ်လပ်မှု ဆိုတာ ကျွန်တော် ကိုယ်တိုင် ပါပဲ။ မိမိ ပါဘဲ။
ကျွန်တော်ဟာ ကျွန်တော့ရဲ့ လွတ်လပ်မှု ဖြစ်တယ်။

## ရောင်ပြန် ဟပ်ချက်များ

(က)။ 'ဖြစ်တည်မှု ဝါဒ အကြောင်း' ဘာမျှ မယ်မယ် ရရ နားမလည် သော်လည်း ထို ဝါဒကို ယန်းပေါ်ဆာ့တ် အမည်နှင့် ယှဉ်တွဲ၍ သိကြ ပေသည်။ ဆာ့တ်သည် ခေတ်သစ် ပြင်သစ် အသိ ပညာ၏ ကိုယ်စား ပြုဖော် ဆောင်ချက် ဖြစ်သည်။ သူ့ကို ဆည်းကပ် ကိုးကွယ် သူများ ရှိသကဲ့သို့ ပြစ်တင် ရှုတ်ချကြ သူများလည်း မရှားပေ။ အင်္ဂလိပ် တက္ကသိုလ် ဒဿန ပညာရှင် တို့က သူ့ကို ဒဿန ပညာရှင် အဖြစ် မသတ်မှတ်ကြ။ စာပေ ရေးရာ ပညာသည် အနေ ဖြင့်သာ နေရာ ပေးကြသည်။ သို့သော် ပြင်သစ် တွင်မူ သူသည် နိုင်ငံ့ ဂုဏ်ဆောင် ဒဿန ပညာရှင် ဖြစ်ပေသည်။ ဆာ့တ်ကို ဝေဖန်၍ ရနိုင် ပါသည်။ သို့သော် မသိ ကျိုးကျွန်ပြု လျစ်လျူ ရှု၍မူ မရ နိုင်ပါ။

ယန်း ပေါ်ဆာ့တ်ကို နားလည်ခြင်းသည် မျက်မှောက် ခေတ်၏ အရေး ပါသော အကြောင်းခြင်းရာ ကိစ္စ အထွေထွေကို နားလည်ခြင်း မည်ပေသည်။ ဒဿန ပညာရှင် အဖြင့်၊ နိုင်ငံရေး သမား အဖြင့်၊ စာရေး ဆရာ အဖြင့် ဆာ့တ်သည် မျက်မှောက် ခေတ်ကို စစ်စစ်မှန်မှန် ကိုယ်စား ပြုသူ ဖြစ်၏။ သူ့တွင် ခေတ်၏ဟန် ရှိနေ ပေသည်။

ဖရူဒ်၏ ဘဝနှင့် လုပ်ဆောင်ချက် တလုံးတွင် အဓိက အခြင်း အရာမှာ မသိစိတ် ဖြစ်၏။ အိုင်းစတိုင်းတွင် ရီလေတီဗီ သီအိုရီ ဖြစ်၏။ လီနင်တွင် ဆိုရှယ်လစ် တော်လှန်ရေး ဖြစ်၏။ ယန်း ပေါ်ဆာ့တ်၏ ဘဝ တခုလုံးနှင့် လုပ်ဆောင်ချက် တရပ်လုံးသည် လူသား၏ လွတ်လပ်မှု အပေါ်တွင် ပစ်မှတ် ထား၍ စုစည်း ခဲ့ပေသည်။

(ခ)။ ၁၉၁၄ ခုနှစ်တွင် ပထမ ကမ္ဘာ စစ်ကြီး ဖြစ်ပွား ခဲ့သည်။ ထိုစဉ်က အသက် ၉ နှစ်သား မျှသာ ရှိသေးသော ယန်းပေါ် ဆာ့တ်သည် စစ်၏ အနိဋ္ဌာ ရုံကို သေသေချာချာ ဂဃနဏ သဘော မပေါက်ခဲ့။ သို့သော် ဒုတိယ ကမ္ဘာစစ် (၁၉၃၉-၄၅) ဖြစ်လာသော အခါ စစ် အကြောင်းကို ဘဝနှင့် ရင်း၍ ကိုယ်တိုင် ကြုံတွေ့ သဘောပေါက် နားလည် ခဲ့လေသည်။ ဆာ့တ် ကိုယ်တိုင် ဂျာမန် စစ်သုံ့ပန်း ဖြစ်လာ ခဲ့ပြီး စစ်၏ သားကောင် ဖြစ်ရလေသည်။

စစ် ဟူသည် နှစ်ပေါင်း များစွာ လူသားတို့ တည်ဆောက် ထူထောင် ခဲ့ရသော လူ့ ယဉ်ကျေးမှု တရပ် လုံးကို တခဏ အတွင်း ဖျက်ဆီး ပစ်နိုင် ပါလား၊ အစဉ် အလာ ဂတိ ဂဝတ်များ၊ တန်ဖိုးများ၊ မြင့်မြတ်မ ူ ဆိုသည် များသည် စစ်နှင့် အတူ ရေစုန်မျော သွားကြသည်။ လူတွေ သေလိုက် ကြသည် မှာလည်း နေ့မြင် ညပျောက် သောက်သောက်လဲ ဖြစ်ခဲ့သည်။ လူ့ ဘဝ၏ သစ္စာ တရား လူ့ဘဝ၏ အဓိပ္ပါယ် ဘယ်မှာလဲ၊ ဘာမှ မရှိ ကြပါလား။

ဂျာမန် နာဇီ တို့၏ ဖက်ဆစ် ခြေဖနောင့် အောက်တွင် ပြင်သစ် ပြည်သူတို့ သက်ဆင်း ကျရောက် ခဲ့ရ၏။ ဟစ်တလာ၏ ကျူးကျော် စစ်သည် တတိယမြောက် ပြင်သစ် သမ္မတ နိုင်ငံတော် တန်ဖိုး မှန်သမျှကို ရိုက်ချိုး ဖျက်ဆီး ပစ်လိုက်သည်။ ပြင်သစ် တို့၏

လူ့ဘ၀ အခြေအနေ အားလုံး တို့သည် အစွန်းသို့ ရောက်ခဲ့၏။ ဂျာမန် ဖက်ဆစ် တို့၏ ရုပ်ပိုင်း ဆိုင်ရာ ညှင်းပန်း နှိပ်စက်မှုနှင့် စိတ်ပိုင်း ဆိုင်ရာ နှိပ်စက်မှု တို့သည် ပြင်သစ် တမျိုးသားလုံး အတွက် ကြီးမား လှသော သေရေး ရှင်ရေး အကြပ်အတည်း ဖြစ်ပေသည်။ ယင်း အကြပ်အတည်းများ အောက်တွင် ပြင်သစ် တို့သည် မိမိ တို့၏ စစ်မှန်သော လူ့ ဘ၀ကို မနစ်မွန်း စေနှင့်၊ လူ ပီသသော ပြင်သစ် မှန်သမျှ ဆိုးရွားသော အဖြစ် အပျက် အခြေအနေ အားလုံးကို No ဟု ငြင်းဆန် ကြလော့ဟု ဆာ့တ်က နှိုးဆော် လိုက်သည်။ လူ့ဘ၀ ဖြစ်တည်မှုနှင့် တန်ဖိုး များကို ပြန်လည် သတ်မှတ်ရန် ကြိုးပန်းသည့် အနေဖြင့် ပြဇာတ်၊ ဝတ္ထု၊ စာတမ်းများ ရေးသား ခဲ့ပေသည်။ သို့ဖြစ်၍ ဖြစ်တည်မှု ဝါဒသည် ပြင်သစ်တို့ ဆင်နွဲ ခဲ့သော ဖက်ဆစ် ဆန့်ကျင်ရေး တိုက်ပွဲ၏ စာပေနှင့် ဒဿန ဖြစ်သည်ဟု ယူဆ နိုင်ပေသည်။

(ဂ)။ ပြီးခဲ့သည့် ကမ္ဘာ စစ်ကြီးတွင် ပြင်သစ်သည် စစ်ရှုံး၍ ဂျာမန်တို့ လက်အောက် ရောက်ခဲ့ ရသည်။ ပြင်သစ် မျိုးချစ် များသည် ဂျာမန်တို့ လက်အောက်မှ သူတို့ နိုင်ငံ လွတ်မြောက်ရန် မြေအောက် တော်လှန်ရေး လှုပ်ရှား မှုများ ဖွဲ့စည်း၍ တက်ကြွစွာ ကြိုးပမ်း ဆောင်ရွက် ကြသည်။ ဤသို့ ခက်ခဲသော လှုပ်ရှားမှု အောက်မြင် ထမြောက် စေရန် လုပ်ငန်း လမ်းညွှန် ဒဿန တရပ် လိုအပ် ပေသည်။ ယင်း ဒဿနသည် အတွေးအခေါ် ခံယူချက် တရပ် ဖြစ်ရုံ မျှသာ မကဘဲ သူတို့ ရင်ဆိုင် နေရသော ထူးခြားသည့် အခြေ အနေနှင့် အံဝင် ခွင်ကျ ဖြစ်ရန်လည်း လိုအပ် ပေသည်။ ယင်း လိုအပ် ချက်ကို ဖြစ်တည်မှု ဝါဒက ကောင်းစွာ ဖြည့်ဆည်း ပေးခဲ့သည်။

ယန်း ပေါလ်ဆာ့တ်၏ အမြင်အရ အစစ်အမှန် တရား ဟူသည် လုံး၀ ပုဂ္ဂလ မိဋ္ဌာန် သဘော ဆောင်ပေသည်။ ပူပန် သောက ရောက်ရခြင်း၊ အဓိပ္ပါယ် ကင်းမဲ့ခြင်း၊ ရွံရှာ စက်ဆုပ်ခြင်း၊(ဂျာမန် လက်အောက်မှ ပြင်သစ် တို့၏ ခံစားမှု အတွေ့ အကြုံ) ခံစားချက် တို့သည် ယင်း ပုဂ္ဂလ အစစ်အမှန် တရား၏ ဖော်ဆောင်ချက် ဖြစ်၏။ ထို့ပြင် အစစ်အမှန် တရားသည် မိမိ၏ ကိုယ်ပိုင် ရွေးချယ် ဆုံးဖြတ် နိုင်ခြင်း နှင့်လည်း ယှဉ်တွဲ နေပေသည်။ ယင်း ဆုံးဖြတ် နိုင်ခြင်းကြောင့် လူသား တိုင်းတွင် ဖြစ်ပေါ် လာသမျှ အားလုံး အတွက် တာဝန် ရှိသည်။ တာဝန် ယူရမည်။ (ဂျာမန် တို့၏အောက် ရောက်ရခြင်း၊ ယင်းမှ လွတ်မြောက်အောင် ကြိုးပမ်းခြင်း တို့သည် ပြင်သစ် လူမျိုးတိုင်း ရယူ ရမည့် တာဝန် ဖြစ်သည်။)

ထိုစဉ်က ပြင်သစ် တို့သည် စစ်ရှုံး သွားသဖြင့် စိတ်ဓာတ် ပျက်ပြား ကစဉ့် ကလျား ဖြစ်ခဲ့ ကြသည်။ တော်လှန်ရေး သမား အချင်းချင်း မှာလည်း စိတ်ဓာတ်ရေးရာ စုစည်းမှု လျော့နည်း ခဲ့သည်။ မိမိတို့ နိုင်ငံ စစ်ရှုံး သွားသော်လည်း မိမိ တို့နှင့် မဆိုင် သလို နေနိုင်ကြ သူများ၊ နာရ ကောင်းမှန်း မသိကြ သူများ ရှိခဲ့ပေသည်။ ဖြစ်ပေါ် သမျှ အားလုံး အတွက် မိမိတို့ အားလုံး တဦးစီ၊ တယောက်စီ အပေါ်တွင် တာဝန် ရှိကြောင်း သတိ မမူ ခဲ့ကြ။ ဤသို့သော အခြေအနေ များနှင့် ဖြစ်တည်မှု ဝါဒသည် အံဝင် ခွင်ကျ ဖြစ်ခဲ့ ပေသည်။

(ဃ)။ ဖြစ်တည်မှု ဝါဒီ တို့သည် အခြား ခေတ်ပြိုင် နာမ်ဝါဒီ ဆရာများ ကဲ့သို့ပင် ရုပ်ဝါဒနှင့် နာမ်ဝါဒ အငြင်းပွားမှု ပြဿနာကို ရှောင်ကွင်းရန် ကြိုးပမ်း အားထုတ် ကြသည်။

သူတို့က စိတ်နှင့် ရုပ် သို့မဟုတ် ပြုသူ ကတ္တား ပိုင်းနှင့် အပြုခံ ကမ္မပိုင်း တို့သည် 'ဖြစ်တည်မှု' တွင် ပေါင်းစည်း နေကြ သည်ဟု ဆိုကြသည်။ ယင်း ဖြစ်တည်မှုကို ဆင်ခြင်မှု ဖြင့်သာလျှင် ထိုးထွင်း သိမြင် နိုင်ပေသည်။ ဖြစ်တည်မှု ဝါဒသည် လွတ်လပ်မှု ပြဿနာကို အထူး ဂရု ထားကာ တင်ပြကြသည်။ ဤသို့ တင်ပြ ရာတွင် ဆင်ခြင်ခြင်းကို ဘေးချိပ် ထားကာ ဓမ္မ ဓိဋ္ဌာန် ကျသော လောက နိယာမ တရားကို လုံးဝ ဥပေက္ခာ ပြုထား ကြသည်။ လွတ်လပ်မှုကို ပုဂ္ဂလ စိတ် အလို အတိုင်းသာ နားလည် ကြသည်။ ဓမ္မ ဓိဋ္ဌာန် ကျသော လိုအပ်ချက် တရားနှင့် လုံးဝ ကင်းလွတ်သော သဘော အဖြစ် မှတ်ယူ ကြသည်။ ပုဂ္ဂလ လူသား တိုင်းသည် လူ့အဖွဲ့ အစည်း အပေါ် တည်မှီ နေမည် ဟူသော အယူ အဆကို လုံးဝ ငြင်းဆို ကြသည်။ ပုဂ္ဂလ လူသားသည် လူ့အဖွဲ့ အစည်းနှင့် လုံးဝ မပတ်သက်ဘဲ မိမိ ဘဝကို မိမိ ဘာသာ မိမိ လွတ်လပ်စွာ တည်ဆောက် ဖော်နိုင်စွမ်း ရှိသည်ဟု မှတ်ယူ ကြသည်။ လူတန်းစား တိုက်ပွဲ ရှိနေသော လူ့အဖွဲ့ အစည်းတွင် ထို ယူဆ ချက်သည် မည်သို့မျှ မဖြစ် နိုင်ပေ။

စင်စစ်မှု ဖြစ်တည်မှု ဝါဒသည် အရင်းရှင် လူ့အဖွဲ့ အစည်း တွင်းရှိ လူသား တို့၏ မျှော်လင့်ချက်မဲ့ အနေ အထားနှင့် အဆိုးမြင် အယူအဆ တို့၏ ရောင်ပြန် ဟပ်ချက် မျှသာ ဖြစ်ပေသည်။ ယင်း ဝါဒသည် မျက်မှောက်ခေတ် လူမှုရေး ဘဝ အကြပ်အတည်း ပြဿနာ များကို သိပ္ပံ နည်းကျ ဖြေရှင်း ပေးနိုင်သည် မဟုတ်ပေ။ ထို့ပြင် ဘူဇွာ လူ့အဖွဲ့ အစည်း၏ ပဋိပက္ခ အကြပ်အတည်း များကိုပင် ဖြေရှင်း ပေးနိုင်ခြင်း မရှိပေ။ အချုပ် ဆိုရလျှင် ဖြစ်တည်မှု ဝါဒသည် သိပ္ပံနည်း မကျပေ။ ဒိုင်ယာ လက်တစ် နည်းကျ ရုပ်ဝါဒ ဒဿနနှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်ပေသည်။

(င)။ ဖြစ်တည်မှု ဝါဒသည် ကျွန်ုပ်တို့ ခေတ်၏ လွှမ်းမိုး ဩဇာ အပြုနိုင် ဆုံးသော နာမ်ဝါဒ ဒဿန တရပ် ဖြစ်သည်။ အခြားသော ခေတ်ပြိုင် နာမ်ဝါဒ ဒဿနများ ကဲ့သို့ပင် ယင်း ဝါဒသည် အရင်းရှင် စနစ်၏ အထွေထွေ အကြပ် အတည်းမှ ထွက်ပေါ် လာသော ရလဒ် ဖြစ်၏။ သို့သော် အခြား ဘူဇွာ ဒဿန များနှင့် မတူဘဲ ဘူဇွာ လူ့အဖွဲ့ အစည်းသည် ဆိုးဆိုး ရွားရွား ကြီးကို ဖျားနာ နေပြီ ဖြစ်ကြောင်း ဖြစ်တည်မှု ဝါဒက အသိ အမှတ်ပြု ခံယူ လေသည်။ ထို့နောက် အရင်းရှင် မဟုတ်သော ကြွယ်ဝသည့် လူ့အဖွဲ့ အစည်း တရပ်သို့ အသွင် ပြောင်းရန် နှိုးဆော်ခြင်း ပြုပေသည်။ ဤသည် ကြောင့်လည်း အရင်းရှင် စနစ်နှင့် ယင်း စနစ်၏ အနာဂတ် ယုံကြည်မှု အပေါ် အယုံအကြည် ကင်းမဲ့လာ သူတို့အား ဖြစ်တည်မှု ဝါဒက ဆွဲဆောင် နိုင်ခြင်း ဖြစ်ပေသည်။

သို့ရာတွင် ဖြစ်တည်မှု ဝါဒသည် ဘူဇွာ လူ့အဖွဲ့ အစည်း၏ အကြပ် အတည်းမှ ထွက်ပေါက်ကို မညွှန်ပြ နိုင်ပေ။ အနည်းဆုံး လူမှု ပြောင်းလဲရေး ကိုမျှပင် မပေး နိုင်ပေ။ ဖြစ်တည်မှု ဝါဒက တောင်းဆို သည်မှာ လူ့ အရှိ တရား၏ အဓိပ္ပါယ်နှင့် အနှစ်သာရ ဖြစ်သည် ဟုဆိုသော မိမိ၏ ပုဂ္ဂလ သဘောကို ပြုစု ပျိုးထောင် ကြရန် ဖြစ်ပေသည်။

ဖြစ်တည်မှု ဝါဒသည် အရင်းရှင် စနစ်၏ အကြပ် အတည်းကို လူသား မျိုးနွယ် အားလုံး လူ့အဖွဲ့ အစည်း တရပ် လုံး၏ အကြပ်အတည်း အဖြစ် မှတ်ယူသည်။ ဤ ဝါဒ အရ အရင်းရှင် စနစ်၏ ဝိရောဓိများ အကြပ် အတည်း များသည် သမိုင်းစဉ် ပြဋ္ဌာန်းမှု အရ

ဖြစ်ပေါ်ခြင်း မဟုတ်ပေ။ လူသား၏ မနုဿ ဗေဒ ဆိုင်ရာ အနှစ်သာရ သဘော လက္ခဏာမှ ထွက်ပေါ် လာခြင်း ဖြစ်သည်။ လူ့ ဘဝ ဖြစ်တည် မှုတွင် ရှိနေသော မဆီမလျော် မညီညွတ် ချက်များ၏ ထုတ်ဖော်ချက် တရပ် ဖြစ်ပေသည်။

ပုဂ္ဂလ လူသား တို့သည် လူ့အဖွဲ့ အစည်း အတွင်း နေထိုင် ကြသော်လည်း လူ့အဖွဲ့ အစည်းနှင့် မဆိုင်ဘဲ လုံးဝ လွတ်လပ် နေသည် ဟူသော ဖြစ်တည်မှု ဝါဒ ခံယူချက်မှာ စိတ်ကူးယဉ် ဆန်လှ ပေသည်။ လူမှုရေး ဆက်နွယ် မှုများ၊ အဖွဲ့အစည်း အသင်း အပင်း သဘော တို့ကို လုံးဝ မျက်ကွယ် ပြုရာလည်း ရောက်ပေသည်။ ပုဂ္ဂလ ဓိဌာန် ဝါဒကို တဘက် စောင်းနင်း အသားပေး လွန်းသော ဝါဒ ဖြစ်သည်ဟု ဆိုနိုင် ပေသည်။

'လူသား တဦးချင်း စီသည် ပုဂ္ဂလ ဓိဌာန် သဘော ဖြစ်သည် ဟူသော အယူမှ တဆင့် လူသား၏ လွတ်လပ်မှုသည် ပြဌာန်းမှု လုံးဝ ကင်းမဲ့သော လွတ်လပ်မှု ဖြစ်သည်။ လုံးဝ ဥသုံ လွတ်လပ်မှု ဖြစ်သည်' ဟူသော ခံယူချက်သို့ ရောက်ရှိ ပေသည်။ ယင်း ခံယူ ချက်သည် ပြဌာန်းခံ ဝါဒကို စိတ်လိုက် မာန်ပါ ငြင်းဆန် လိုက်ခြင်းမှ ထွက်ပေါ် လာခြင်း ဖြစ်သည်။ လူသား အပြု အမူ၏ ဓမ္မ ဓိဌာန် အခြေ အနေကို အစွန်း ရောက်အောင် ငြင်းပယ် လိုက်ခြင်း ဖြစ်ပေသည်။

အမှန် စင်စစ် ဖြစ်တည်မှု ဝါဒသည် လူသား၏ အနာဂတ် မျှော်လင့်ချက် များကို တစစီ ဖဲ့ခြွေ ပစ်လိုက်သော ဝါဒ ဖြစ်၏။ ဆင်ခြင်တုံ တရားဖြင့် ဖွဲ့စည်း ထားသည့် လူမှုရေး ဘဝကို ပြက်ရယ်ပြု နှိမ့်ချသော ဝါဒ ဖြစ်သည်။ လူ့ ဘဝ၏ အဓိပ္ပါယ်ကို လူ့သမိုင်းတွင် အခြေခံ၍ မရှာဘဲ သေခြင်း တရားတွင် သွားရောက် စောင့်ရှောက် ရှာဖွေသည့် ဝါဒ ဖြစ်ပေသည်။ နိုင်ငံရေး အရ ဆိုပါလျှင် ဖြစ်တည်မှု ဝါဒီ တို့ကို ဖောက်ပြန်ရေး သမားများ၊ ကွန်မြူနစ် ဆန့်ကျင်ရေး သမား များမှသည် တိုးတက်သော လူမှုရေး အင်အားစုများ အထိ အသွင် အမျိုးမျိုးဖြင့် တွေ့ရ ပေသည်။ မည်သို့ ဆိုစေ ဆင်ခြင်မှု ဆန့်ကျင် ဝါဒ၊ အဆိုးမြင် ဝါဒ၊ ပုဂ္ဂလ အခြေပြု ဝါဒ ဖြစ်သော ဖြစ်တည်မှု ဒဿနသည် လူမှု ဆက်နွယ် ပြောင်းလဲမှု များတွင် အခြေခံ ကျကျ အသုံးပြု ရမည့် တော်လှန်ရေးဒဿန တရပ် မဖြစ်နိုင် ပါချေ။

(စ)။ ၁၉ ရာစုတွင် မိမိကိုယ် မိမိ ရိုမန်တစ် (ဘဝ အလွမ်း သမား) ဟု ခေါ်ကြသော ကဗျာ ဆရာ များသည် ဤကမ္ဘာ လောကအား ငြင်းပယ်သော သဘောထားကို ခံယူ လာကြသည်။ ဤလောက ဤကမ္ဘာသည် ပျင်းရိ ငြီးငွေ့ ဖွယ်ရာ လောက ဖြစ်သည်။ ကြေကွဲ ဝမ်းနည်း စရာ များဖြင့် ပြည့်လျှမ်း နေသော လောက ဖြစ်သည်ဟု သူတို့က ယုံကြည် ကြသည်၊ ကဗျာ ဆရာသည် ဤ လောကကြီး အတွက် ဘယ်တော့မှ မရည်ရွယ် ဟုလည်း ခံယူ ကြပေသည်။ ကမ္ဘာ လောက အထက်တွင် ရစ်ဝဲ နေသော ကမ္ဘာ လောက ကြီး၏ ငြီးငွေ့ ဖွယ်ရာ များနှင့်လည်း လုံးဝ ကင်းပြတ်သော ထာဝရ တည်တံ့သည့် ငြိမ့်ညောင်းသော ခံစားမှု များကို ခံစား ရသည့် တခဏတာ ကာလကို ကဗျာ ဆရာသည် ရရှိ ခံစား ဖွဲ့ဆို သည်ဟု ဆိုကြသည်။ ဤ ခံစားမှုသည် တကယ့် အစစ် အမှန်လော၊ လှည့်စားမှုလော၊ အိမ်မက်လော၊ ဘိန်း မူးယစ် ဝေသီ ခြင်းလော၊ ရိုမန်တစ် ကဗျာ ဆရာများ ကမူ ကမ္ဘာ လောကနှင့် လုံးဝ မဆိုင်သော ယင်းသို့ ခံစားမှု မျိုးကို တမ်းတ ကြသည်။

နှစ်ဆယ် ရာစုတွင် ရိုမန်တစ် ဝါဒသည် အမည် တမျိုးဖြင့် ရှင်သန် လာသည်။ ဖြစ်တည်မှု ဝါဒ ဟူသော နာမည်နှင့် ဖြစ်၏။ အခြေခံ ပြဿနာ ကမူ တမျိုး တည်းသာ။ လောက နှစ်မျိုးမှာ ဘယ် လောကက စစ်မှန် သလဲ၊ မြင့်မြတ် ထူးခြားသော တန်ခိုး တော်ရှင် တို့၏ ကမ္ဘာ ကလော၊ သို့တည်း မဟုတ် ကျွန်ုပ်တို့ လူသားများ အနေဖြင့် သားကောင်များ အဖြစ်၊ အကူညီ မဲ့သူများ အဖြစ် အစိုး မရသည့် သဘောဖြင့် ခံစား နေရသော ကမ္ဘာ လောကလော။ မည်သည့် အဖြစ်က အမှန်တရား လဲ။ လူသား၏ ကိုယ်ပိုင် လွတ်လပ်မှု အတွေ့ အကြုံလော၊ သို့တည်း မဟုတ် မိမိ ခန္ဓာ ကိုယ်နှင့် ပတ်ဝန်းကျင် လောက၏ အကျဉ်းသား ဖြစ်ရသော အတွေ့ အကြုံလော။

မည်သို့ ဆိုစေ ဖြစ်တည်မှု ဝါဒသည် ရိုမန်တစ် ဝါဒ ကဲ့သို့ အဆိုးမြင် ဝါဒ သိပ် မလွန်ကဲပေ။ အဆိုး အကောင်းကို လျစ်လျူ ရှုတတ်သည့် ဥပေက္ခာ သဘောက ပိုများ ပေသည်။ ယင်း ဖြစ်တည်မှု ဝါဒ ခံယူချက်ကို 'လူပုဂ္ဂိုလ် တဦးကို ဖျက်ဆီး၍ ရနိုင်သည်။ သို့သော် သူ့ကို အောင်မြင်ဖို့ မဖြစ်နိုင်' ဟူသော ဟဲမင်းဝေး၏ စကားနှင့် အနှစ်ချုပ် နိုင်ပါသည်။

အနောက်တိုင်း ယဉ်ကျေးမှုတွင် ဘဝ၏ ရည်ရွယ်ချက် အဓ္ဓါတ္တ လားရာ မေးမိုန် ကွယ်ပျောက် လာခဲ့သည်မှာ နှစ်ပေါင်း တစ်ရာ နီးပါးမျှ ရှိပေပြီ။ ဤသို့သော ဘဝ၏ အဓိပ္ပါယ် ကင်းမဲ့ခြင်း ပြဿနာကို ဒဿန တရပ် အဖြင့် တင်ပြ လိုက်သော အခါ ဖြစ်တည်မှု ဝါဒဟု တွင်လာ ပေသည်။ သို့သော် ယင်း ဖြစ်တည်မှု ဝါဒသည် ဖျားနာ နေသော အနောက်တိုင်း ယဉ်ကျေးမှု၏ ရောဂါ လက္ခဏာ ကိုသာ သတ်မှတ် ဖော်ပြ ပေးနိုင် ပေသည်။ ရောဂါ သက်သာရာ သက်သာကြောင်း ဆေးချက် ကိုမူ မပေး နိုင်ပေ။ လူ့ အဖွဲ့ အစည်းသည် အဓိပ္ပါယ် ကင်းမဲ့မှု တည်းဟူသော နိဒါန်း အပေါ် အခြေခံ၍ ရပ်တည် လှုပ်ရှား နိုင်မည် မဟုတ်။ တိကျသော စံနှုန်းများ၊ တန်ဖိုး သတ်မှတ် ချက်များ ရှိရန် လိုပေသည်။

(ဆ)။ ကျွန်တော့် အနေနဲ့ ကနေ့ ဒီနေရာမှာ ပြောဖို့ ရည်ရွယ် ထားတာ ကတော့ ဖြစ်တည်မှု ဝါဒကို အမျိုးမျိုး စွပ်စွဲပြီး ပြစ်တင် ရှုတ်ချ ထားကြတာ တွေကို ဖြစ်တည်မှု ဝါဒ ဘက်က နေပြီး ပြန်လည် ချေပဖို့ ဖြစ်တယ်။

ပထမဆုံး ကတော့ ဖြစ်တည်မှု ဝါဒ ဆိုတာ လူတွေကို တွေဝေ မိန်းမော စေတဲ့ အဖြေမ ရှိတဲ့ အယူအဆ ထွက်ပေါက်မဲ့ ဝါဒ ဖြစ်တယ် ဆိုတဲ့ စွပ်စွဲချက် ဖြစ်တယ်။ ဖြစ်တည်မှု ဝါဒမှာ ဘာ အဖြေ၊ ဘာ ထွက်ပေါက်မှ ပြ မထားဘူး။ ဒီလောကမှာ လူသားတွေ ပြုမူ လုပ်ဆောင် သမျှ အားလုံးဟာ ဘာမှ အကြိုး သက်ရောက်မှု မရှိတဲ့ အချည်းနှီး ကိစ္စတွေ ဖြစ်တယ်။ ဒါကြောင့် ဖြစ်တည်မှု ဝါဒ ဟာ ဘာ အဓိပ္ပါယ်မှ မရှိတဲ့ စိတ်ကူးယဉ် ဒဿန တမျိုးသာ ဖြစ်တယ်။ စိတ်ကူး ယဉ်တယ် ဆိုတာ ဇိမ်ခံတာ တမျိုး ဖြစ်တဲ့ အတွက် ဖြစ်တည်မှု ဒဿနဟာ ဘူဇွာ ဒဿန တရပ်သာ ဖြစ်တယ်လို့ စွပ်စွဲ ကြပါတယ်။ ဒီလို စွပ်စွဲတာ မျိုးကို ကွန်မြူနစ်တွေ ပြောဆိုလေ့ ရှိတယ်။

အခြား တဘက် ကလည်း ဖြစ်တည်မှု ဝါဒ ဆိုတာ လူသားကို ရှုပ်ချတဲ့ ဝါဒ ဖြစ်တယ်။ လူ့ သဘော လက္ခဏာကို အကောင်း တကွက်မှ မမြင်တဲ့ ဝါဒ ဖြစ်တယ်။ လူသားရဲ့ ထွန်းလင်း လှပပြီး နှစ်လိုဖွယ် ကောင်းတဲ့ အခြမ်း ဘက်ကို လုံးဝ လျစ်လျူရှု ထားပြီး မည်းမှောင် ဆိုးညစ် မနှစ်လို ဖွယ်ရာ အခြမ်း ဘက်ကို မီးမောင်း ထိုးပြတဲ့ ဒဿန ဖြစ်တယ်လို့ ဆိုကြ ပါတယ်။ ဥပမာ အားဖြင့် ကက်သလစ် ဝေဖန်ရေး သမား မာစီယား က ကျွန်တော်တို့ ဖြစ်တည်မှု ဝါဒီ တွေဟာ ကလေးငယ် လေးတွေရဲ့ အပြုံး ကိုတောင် မြင်နိုင်၊ ခံစားနိုင်၊ လက်ခံ နိုင်ကြ သူတွေ မဟုတ် ဘူးလို့ ဆိုပါတယ်။ နောက် ဘက်နှစ်ဘက် စလုံးက ကျွန်တော် တို့ကို သဘော ရှုမြင် ထားတာ ရှိပါ သေးတယ်။ ဒါကတော့ ကျွန်တော်တို့ ဖြစ်တည်မှု ဝါဒီ တွေဟာ လူသား တွေရဲ့ အဖွဲ့ အစည်း အသင်း အပင်းနဲ့ နေထိုင်မှုကို မျက်ကွယ် ပြုထား ကြတယ်။ လူကို လူ့အဖွဲ့ အစည်းကနေ သီးခြား ခွဲထုတ်ပြီး အထီးကျန် အဖြစ်နဲ့ စဉ်းစား ကြတယ်လို့ စွပ်စွဲ ကြပါတယ်။

ဒီလို စွပ်စွဲ ပုတ်ခတ် ထားတာ တွေကို ကျွန်တော်က ဒီနေ့ ကြိုးစားပြီး တုံ့ပြန် ဖြေရှင်း သွားမှာ ဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်တော့ရဲ့ ဟောပြော ချက်ကို 'ဖြစ်တည်မှု ဝါဒနဲ့ လူသား ဝါဒ' လို့ အမည် ပေးထား ပါတယ်။

ဖြစ်တည်မှု ဝါဒဟာ လူသား ဝါဒ တမျိုး ဖြစ်တယ်လို့ ဆိုတာနဲ့ စပ်လျဉ်းပြီး ကျွန်တော် အမေး အမြန်း ခံရတာ ရှိပါတယ်။ လူ တချို့က ပြောကြတယ်။ 'အော်ဂလီ ဝတ္ထု မှာတုန်းက လူသား ဝါဒီ တွေဟာ လမ်းမှား လိုက်ကြ သူတွေ ဖြစ်တယ် လို့ ခင်ဗျား ပြောခဲ့ ဖူးတယ်၊ ဒ့ါပြင် လူသား ဝါဒ တမျိုးတည်း ကိုလည်း ခင်ဗျား ပျက်ရယ် ပြုခဲ့တယ်။ ခုမှ ဘာဖြစ်လို့ လူသား ဝါဒဆီ ပြန်ပြီး သွားချင် နေတာလဲ' လို့ ဆိုကြ ပါတယ်။

တကယ်တော့ လူသား ဆိုတဲ့ ဝေါဟာရမှာ အလွန် ခြားနားတဲ့ အဓိပ္ပါယ် နှစ်မျိုး နှစ်စား ရှိပါတယ်။ တမျိုး ကတော့ လူသားကို ရည်မှန်းချက် အဖြင့် ခံယူပြီး လူသားသည် အမြင့်မြတ်ဆုံး၊ တန်ဖိုး အရှိဆုံး ဖြစ်သည်ဟု လက်ခံတဲ့ အယူအဆ ဖြစ်ပါတယ်။ 'လူသည် ကြီးကျယ် ခန်းနား လှပါ တကား' လို့ ကြွေးကြော် နိုင်တဲ့ အဓိပ္ပါယ်မျိုး ဖြစ်တယ်။ ကျွန်တော်ဟာ လေယာဉ်ပျံ မတည်ဆောက် တတ်ဘူး၊ ဒါပေမဲ့ လေယာဉ်ပျံ တည်ဆောက် တတ်တဲ့ လူသား တွေရဲ့ လုပ်ရပ်ကို လူသား တဦး အနေနဲ့ ဂုဏ်ယူ ဝံ့ကြွား နိုင်တယ်။ လူသား တချို့ရဲ့ ထူးခြား ထင်ရှားတဲ့ လုပ်ရပ် တွေကို အကြောင်း ပြုပြီး လူသားကို တန်ဖိုးထား ဂုဏ်ပြု ကြတယ်။ လူသာ ပဓာန ဖြစ်ကြောင်း၊ လူသာ တန်ဖိုး အရှိဆုံး ဖြစ်ကြောင်း ဆိုကြတယ်။ ဒီလို လူသား ဝါဒ မျိုးကတော့ ဘာမှ အဓိပ္ပါယ် မရှိဘူး။ ဘာဖြစ် လို့လဲ ဆိုတော့ ခွေးတွေ၊ မြင်းတွေတောင် ကျွန်တော် တို့လို နေရာမှာ ရှိရင် ကျွန်တော် တို့လိုဘဲ ဂုဏ်ယူတတ်၊ ဂုဏ်ပြု တတ်ကြ မှာကြောင့် ဖြစ်တယ်။

ဖြစ်တည်မှု ဝါဒ ကတော့ လူသားကို ဘယ်တော့မှ ရည်မှန်းချက် ပန်းတိုင် အနေနဲ့ မစဉ်းစားဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ လူဆိုတာ အမြဲတမ်း မိမိကိုယ် မိမိ တည်ဆောက် ပုံဖော် နေကြတဲ့ အတွက် ဖြစ်တယ်။ လူသား မျိုးနွယ်ကို ကိုးကွယ် ခြင်းဟာ ဖက်ဆစ် ဝါဒရဲ့ လူသား ဝါဒကို အမြင် ကျဉ်းမြောင်းတဲ့ လူသား ဝါဒ အဖြင့် အဆုံးသတ် သွားစေမှာ ဖြစ်တယ်။ ဒီလို လူသား ဝါဒမျိုးနဲ့ ဖြစ်တည်မှု ဝါဒဟာ လုံးဝ မသက်ဆိုင်ဘူး။

လူသား ဝါဒရဲ့ နောက် အဓိပ္ပါယ် တမျိုး ရှိပါ သေးတယ်။ ဒါကို အခြေခံ အားဖြင့် ဖွင့်ဆို ရရင် လူဟာ အမြဲတမ်း မိမိကိုယ် မိမိ ကျော်လွန် နေတယ် ဆိုတဲ့ အဓိပ္ပါယ် ဖြစ်တယ်။ လူသားဟာ မိမိကိုယ် မိမိ ကျော်လွန်ပြီး မိမိရဲ့ လက်ရှိ အဖြစ် အခြေအနေကို ကျော်လွန်ပြီး စီမံချက် ချမှတ် ဆောင်ရွက်သူ ဖြစ်တယ်။ ဒီလို ဆောင်ရွက်ပြီး မိမိ ဖြစ်တည်မှုကို မိမိ ဘာသာ တည်ဆောက် ယူတာ ဖြစ်တယ်။ မြင့်မြတ် ထူးခြားတဲ့ ရည်မှန်းချက် ပန်းတိုင် တွေကို ကြိုးပမ်း အကောင်ထည် ဖော်ခြင်း အားဖြင့် မိမိရဲ့ ဖြစ်တည်မှုကို တည်ဆောက် နိုင်သူ ဖြစ်တယ်။ လူဟာ မိမိကိုယ်ကို မိမိ မြင့်မြတ် ထူးခြား စေနိုင်သူ ဖြစ်တယ်။ ဤ မြင့်မြတ် ထူးခြားမှုနဲ့ ဆက်နွယ်ပြီး အရာဝတ္ထု အဖြစ် အပျက် တွေရဲ့ အနက် အဓိပ္ပါယ် တွေကို ဖော်ဆောင် ပေးနိုင်တယ်။ ဒါကြောင့်မို့ လူဟာ သူကိုယ်တိုင် သူ့မြင့်မြတ် ထူးခြားမှုရဲ့ အသည်း နှလုံး ဗဟိုချက်မ ဖြစ်တယ်။

လူသားရဲ့ ပုဂ္ဂလ မိဌာန် ကျမှု စကြာဝဠာ ကလွဲပြီး ဘာမှ မရှိဘူး။ ဒီလို ပုဂ္ဂလ မိဌာန် သဘော အားဖြင့် ဖြစ်တည် နေတဲ့ လူ့ရဲ့ ထူးခြား မြင့်မြတ် မှုကို ဖွင့်ဆိုတဲ့ လူသား ဝါဒ ကိုသာ ဖြစ်တည်မှု ဝါဒက လက်ခံ ထားတယ်။

ဖြစ်တည်မှု ဝါဒဟာ လူသား ဝါဒ ဖြစ်တယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ပုဂ္ဂလ လူသားဟာ မိမိ အတွက် ဥပဒေကို မိမိ ဘာသာ ချမှတ်သူ ဖြစ်တဲ့ အတွက်ကြောင့် ဖြစ်တယ်။ မိမိက လွဲပြီး ဥပဒေ ချမှတ် ပြဌာန်းသူ ဘယ်သူမှ မရှိတဲ့ အတွက် ဖြစ်တယ်။ လူဟာ မိမိ အတွက် မိမိ ကိုယ်တိုင် အဆုံး အဖြတ် ပေးသူ ဖြစ်တယ်။ စစ်မှန်တဲ့ လူသား အဖြင့် မိမိကိုယ်ကို မိမိ ဖော်ဆောင် ဝင်စား နိုင်သူ ဖြစ်တယ်။ လူဟာ မိမိကို မိမိ ကယ်တင် နိုင်သူ ဖြစ်တယ်။ မိမိ ဘဝကို ကယ်တင် နိုင်သူဟာ မိမိက လွဲပြီး ဘယ်သူမှ မဖြစ် နိုင်ဘူး ဆိုတာ လူတွေ နားလည် သင့်တယ်။

ဒီ သဘော တွေကြောင့် ဖြစ်တည်မှု ဝါဒဟာ အဆိုးမြင် ဝါဒ မဟုတ်ဘူး။ အကောင်းမြင် ဝါဒသာ ဖြစ်တယ်။ လူတွေကို စိတ်အား ငယ်စေတဲ့ ဝါဒ မဟုတ်ဘူး။ လူသားရဲ့ ပြုမူ ဆောင်ရွက်မှု ဆိုင်ရာ လမ်းညွှန် အယူ ဝါဒသာ ဖြစ်တယ်။

## နောက်ဆက်တွဲ တွေးခေါ်ရှင်များ

**(၁) Berson, Henry (ဘာဆွန်၊ ဟင်နရီ) (၁၈၅၉-၁၉၄၁)**
စာပေ နိုဘယ်ဆုရ ပြင်သစ် တွေးခေါ်ရှင် ဖြစ်သည်။ သူ၏ စွမ်းအား ဝါဒ (Vitalism) သည် မျက်မှောက်ခေတ် ဒဿန သမိုင်းတွင် ထင်ရှားသည်။ လူသား၏ ဉာဏ်သိစိတ် အပါအဝင် ဖြစ်သော သဘာဝ လောကနှင့် သဘာဝ လောက တို့၏ အခြေခံမှာ ဘဝ စွမ်းအား (Life force/ Elan Vitl) ဖြစ်သည်ဟု ဘာဆွန်က ခံယူသည်။ သူ၏ Creative Erolution (၁၉၁၁) စာအုပ်သည် ထင်ရှား၏။ ကမ္ဘာကျော် ပြင်သစ် စာရေး ဆရာကြီး မာစယ်ပရုံးစ် အပေါ်တွင် သူ့အတွေး အခေါ်သည် များစွာ ဩဇာပြု လွှမ်းမိုး ခဲ့သည်။

**(၂) Camus, Albert (ကမျူး၊ အဲလ်ဘတ်) (၁၉၁၃-၆၀)**
စာပေ နိုဘယ် ဆုရ ပြင်သစ် တွေးခေါ်ရှင် ဖြစ်သည်။ သူ၏ ရှေးဦးပိုင်း အယူအဆ များသည် နတ္ထိ ဝါဒ (Nihilism) ဘက်သို့ ယိမ်းယိုင် ခဲ့၏။ ထို့ကြောင့် သူ့ကို ဖြစ်တည်မှု ဝါဒီ မဟုတ်ကြောင်း ဝေဖန် ကြသည်။ သူကိုယ်တိုင် ကလည်း ယန်း ပေါ်ဆာ့တ် တို့၏ ဖြစ်တည်မှု ဝါဒနှင့် သူသည် မသက်ဆိုင်ကြောင်း တရားဝင် ပြောခဲ့သည်။ ဒဿန တရပ်ကို ဝတ္ထု ပုံ သဏ္ဍာန်ဖြင့် အနုပညာ မြောက်စွာ ဖန်တီး ရာ၌ စံထား အပ်သူ ဖြစ်၏။ ဒဿန စာပေနှင့် ပတ်သက်၍ သူ၏ The Myth of Sisyphus နှင့် The Rebel တို့သည် ထင်ရှား၏။

**(၃) Descartes, Rene ဒေးကား၊ ရီနီ (၁၅၉၆-၁၆၅၀)**
မော်ဒန် အနောက်တိုင်း ဒဿန၏ ဖခင်ကြီး အဖြစ် သတ်မှတ်ခြင်း ခံရသူ ပြင်သစ် တွေးခေါ်ရှင် ဖြစ်သည်။ သူသည် ကဲကုလ သင်္ချာကို ဖော်ထုတ် ပေးခဲ့သော သင်္ချာ ပညာရှင် ဖြစ်သည်။ သချာ်နည်းကို ဒဿန ပညာတွင် သုံး၍ သူ၏ ဆင်ခြင်မြင် အဓိက ဝါဒ (Rationalism) ဒဿန စနစ် တရပ်ကို တည်ဆောက် ခဲ့သူ ဖြစ်သည်။ သူ၏ အယူအဆသည် မော်ဒန် ဒဿန၏ အဓိက လမ်းကြောင်းကြီး တရပ် ဖြစ်ခဲ့သည်။ သူ၏ Discourse on Method (၁၆၃၇) နှင့် Meditation (၁၆၄၀) တို့သည် မော်ဒန် ဒဿနတွင် မှတ်တိုင် ဖြစ်ခဲ့သော ဒဿန စာပေများ ဖြစ်ခဲ့၏။

**(၄) Einsetein, Albert အိုင်းစတိုင်း၊ အဲလ်ဘတ် (၁၈၇၉-၁၉၅၅)**
ကမ္ဘာကျော် ဂျာမန်-ဂျူး ရူပဗေဒ ပညာရှင် ဖြစ်သည်။ မျက်မှောက်ခေတ် သိပ္ပံ ဒဿန ပညာရှင် တဦးလည်း ဖြစ်သည်။ ရှေး အစဉ်အလာ လက်ခံ ခဲ့သည့် Absolute Time and Space အယူ အဆကို ဆန့်ကျင် ပယ်ဖျက် ခဲ့သည့် သူ၏ နှိုင်းရ သီအိုရီ (Relativity Theory) သည် နှစ်ဆယ် ရာစု တွေးခေါ် ပညာရှင်များ အပေါ် များစွာ လွှမ်းမိုး ခဲ့သည်။

**(၅) Hegel, George Willheim Friedrich ဟေဂယ်၊ ဂျော့ဝီဟမ် ဖရက် ဒရစ်ချ် (၁၇၇၀-၁၈၃၀)**
မော်ဒန် အနောက်တိုင်း ဒဿန၏ အထွဋ် အထိပ်တွင် ရှိခဲ့သော ဂျာမန် နာမ်ဝါဒီ တွေးခေါ်ရှင်ကြီး ဖြစ်၏။ သူ၏ အနန္တ ဝိဉာဉ်ဝါဒ (Absolute Idealism) သည် နှစ်ဆယ်

ရာစု အနောက်တိုင်း အတွေး အခေါ်ပညာရှင်များ အပေါ် များစွာ လွှမ်းမိုး ခဲ့၏။ သူ၏ ဒဿန စာပေ များတွင် Science of logic (၁၈၁၂-၁၇) နှင့် Philosiphy of Right (၁၈၂၁) တို့သည် ထင်ရှား၏။ ဟေဂယ်၏ နောက်လိုက် များသည် ဟေဂယ် ကွယ်လွန် ပြီးနောက် လက်ျာ ဟေဂယ် ဝါဒီနှင့် လက်ဝဲ ဟေဂယ် ဝါဒီ ဟူ၍ နှစ်မျိုး ကွဲသွားသည်။ ကမ္ဘာကျော် ရုပ်ဝါဒီကြီး ကားလ်မာက်စ်သည် ငယ်စဉ်က လက်ဝဲ ဟေဂယ် ဝါဒီ ဖြစ်ခဲ့သည်။

**(၆) Heidegger, Martin ဟိုင်ဒေဂါ၊ မာတင် (၁၈၈၉-၁၉၇၆)**

မျက်မှောက်ခေတ် ဂျာမန် ဒဿန ပညာရှင် ဖြစ်၏။ ဘုရားမဲ့ ဖြစ်တည်မှု ဝါဒ အခြေခံ များကို ချမှတ် ပေးသူ အဖြစ် ထင်ရှားသည်။ သူကိုယ်တိုင် ကမူ ဖြစ်တည်မှု ဝါဒီ ဟူသော အမည်ကို မနှစ်သက်၊ မခံယူခဲ့။ သူ၏ ဒဿနသည် Being ကို ဗဟို ပြုထားသော အတွေးအခေါ် ဖြစ်သည်ဟု ပြောခဲ့သည်။ သိပ္ပံ ပညာ၏ လောင်းရိပ်မှ ကင်းလွတ်သော အတွေး အခေါ်တရပ်ကို ဖော်ထုတ်ရန် အားထုတ် ခဲ့သည်။ Bring and Time(၁၉၂၇) နှင့် What is Metaphysics (၁၉၂၉) တို့သည် သူ၏ ထင်ရှားသော ဒဿန ကျမ်းများ ဖြစ်ကြသည်။

**(၇) Heraclitus ဟေရာကလိုတပ်စ် (ဘီစီ ၅ ရာစု)**

ရှေးဟောင်း ဂရိ တွေးခေါ်ရှင် ဖြစ်သည်။ စကြာ ဝဠာကြီး၏ သဘော သဘာဝမှ ပြောင်းလဲခြင်း တရား ဖြစ်၏။ ပြောင်းလဲ ခြင်းသာလျှင် အစစ် အမှန် တရား ဖြစ်၍ အရာရာ တိုင်းသည် အစဉ်အမြဲ ပြောင်းလဲ နေသည်ဟု သူက ခံယူ ခဲ့သည်။

**(၈) Jasper, Karl ယာစ်ပါး၊ ကားလ် (၁၈၈၃-၁၉၆၉)**

ဘုရားရှိ ဖြစ်တည်မှု ဝါဒီ ဂျာမန် တွေးခေါ်ရှင် ဖြစ်သည်။ ကဲကီးဂါးဒ်နှင့် နီရှေး တို့၏ စိတ်ပညာ အယူအဆ များကို ဆက်ခံ ခဲ့၏။ အကြီးအကျယ် ထိတ်လန့်မှု (ဥပမာ သေခြင်း တရား) နှင့် နဖူးတွေ့ ရင်ဆိုင် လိုက်ရသော အချိန်တွင် လူသားသည် ဖြစ်တည်မှု၏ တကယ့် အစစ်အမှန် အဓိပ္ပါယ်ကို သိရှိ နားလည် လာရ သည်ဟု ယူဆ ခဲ့သည်။ Philosophy of Existence (၁၉၃၈) သည် သူ၏ ထင်ရှားသော ဒဿန စာပေ ဖြစ်၏။

**(၉) Kierkegaard, Soren ကဲကီးဂါးဒ်၊ ဆိုရန် (၁၈၁၃-၁၈၅၅)**

ဒိန်းမတ် လူမျိုး တွေးခေါ်ရှင် ဘာသာရေး ဗေဒ ပညာရှင် စာရေး ဆရာ ဖြစ်သည်။ သူ့ခေတ် ကာလတွင် လွှမ်းမိုး ထားသော နာမ်ဝါဒီကြီး ဟေဂယ်၏ ဒဿန စနစ် တည်ဆောက်ရေးကို အပြင်းအထန် ဆန့်ကျင် ခဲ့သူ ဖြစ်သည်။ အမှန် တရားသည် ပုဂ္ဂလ လူသား၏ အတွင်း အဇ္ဈတ္တ သဘောနှင့် နက်ရှိုင်းစွာ ဆက်စပ် နေသည်ဟု ယုံကြည် ခဲ့သည်။ မော်ဒန် ဖြစ်တည်မှု ဝါဒကို အခြေတည် ပေးသူ အဖြင့် သတ်မှတ် ကြသည်။ သူ၏ ထင်ရှားသော ဒဿန စာပေများမှာ Either/or (၁၈၃၄)၊ The Concept of Dread (၁၈၄၄) နှင့် Cuoncluing Unscientific Postcrip (၁၈၄၆) တို့ ဖြစ်ကြသည်။

**(၁၀) Marcel, Gabriel မာစယ်၊ ဂါဘရီးယယ် (၁၈၈၉-၁၉၇၃)**

ဘုရားရှိ ဖြစ်တည်မှု ဝါဒကို ဦးဆောင် ခဲ့သော ပြင်သစ် တွေးခေါ်ရှင် ဖြစ်၏။ ဒုတိယ ကမ္ဘာစစ် အပြီးတွင် ပြင်သစ် ဒဿန လောက၌ ယန်းပေါ်ဆာ့တ်နှင့် ခေတ်ပြိုင် ထင်ရှား

သူလည်း ဖြစ်သည်။ ဝတ္ထု၊ ပြဇာတ်များ ရေး၍ သူ၏ ဒဿနကို ဖော်ထုတ် ခဲ့သည်။ Being and having (၁၉၃၅)၊ The Mystery of Being (၁၉၅၀) တို့သည် သူ၏ ထင်ရှားသော ဒဿန လက်ရာများ ဖြစ်၏။

**(၁၁) Marx, Karl မာ့က်စ်၊ ကားလ် (၁၈၁၈-၁၈၈၃)**

ထင်ရှားသော ခေတ်သစ် ဂျာမန် ရုပ်ဝါဒီ ဖြစ်သည်။ ငယ်စဉ်က ဂျာမန် နာမ် ဝါဒီကြီး ဟေဂယ်၏ လွှမ်းမိုးမှုကို များစွာ ခံခဲ့ ရသည်။ ကွန်မြူနစ် စနစ်၏ အခြေခံ ဒဿန ဖြစ်သော ဒိုင်ယာ လက်တစ် နည်းကျ ရုပ်ဝါဒကို ဖော်ထုတ် ခဲ့သူ ဖြစ်သည်။ ဤမည်ကို အစွဲ ပြုထားသော မာ့က်စ် ဝါဒသည် နှစ်ဆယ် ရာစု ကမ္ဘာ၏ နိုင်ငံရေး၊ စီးပွားရေး၊ စီးပွားရေး နယ်ပယ် များတွင် အထူး အရေး ပါပြီး တွင်ကျယ် ခဲ့သည်။ သူ၏ ထ င်ရှားသော ဒဿန စာပေ များမှာ The German Idiology (၁၈၄၆)၊ The porerty of Philosophy ( ၁၈၄၇)နှင့် Manifesto of the communist party (၁၈၄၈)တို့ ဖြစ်ကြသည်။

**(၁၂) Nietzche, Friedrich နီရှေး၊ ဖရက် ဒရစ် (၁၈၄၄-၁၉၀၀)**

ဂျာမန် တွေးခေါ်ရှင် ယဉ်ကျေးမှု ဝေဖန်ရေး ဆရာ ဖြစ်သည်။ ရှေးရိုး စဉ်လာ ခရစ်ယာန် ကိုယ်ကျင့် နီတိနှင့် လူတိုင်း သာတူ ညီမျှ ဖြစ်သည် ဟူသော လူထု အခြေပြု လူ့ အဖွဲ့အစည်း ခံယူချက် တို့ကို ပြင်းထန်စွာ ဆန့်ကျင် တိုက်ဖျက်ခဲ့သူ ဖြစ်သည်။ သူ၏ ထူးချွန်သူ လူ့ ထက်လူ (Superman) အယူ အဆသည် အလွန် ကျော်ကြား ခဲ့သည်။ သူ၏ အတွေး အခေါ်သည် နှစ်ဆယ် ရာစု အနောက်တိုင်း စာပေ အပေါ် များစွာ လွှမ်းမိုး ခဲ့ပြီး သူ့ကို ဘုရားမဲ့ ဖြစ်တည်မှု ဝါဒ၏ အခြေခံ တွေးခေါ်ရှင် အဖြင့် လက်ခံ ထားကြသည်။ သူ၏ Thus Spoke Zarathustra (၁၈၈၃) နှင့် Beyond Good and Evil (၁၈၈၆) တို့သည် ထင်ရှားသည်။

**(၁၃) Plato ပလေတို(၄၂၈-၃၄၇)**

ထင်ရှားသော ဂရိ တွေးခေါ်ရှင် နာမ် ဝါဒီကြီး ဖြစ်၏။ အနောက်တိုင်းတွင် ဒဿန ပညာကို စနစ် တကျ ဖြစ်အောင် စတင် ဖော်ဆောင် ပေးသူ ဖြစ်၏။ ယနေ့ အနောက်တိုင် းတက္ကသိုလ် များ၏ မူလ အစ ဖြစ်သော 'အကယ်ဒမီ ကျောင်းတော်' ကို ဂရိနိုင်ငံ အေသင် မြို့တွင် တည်ထောင် ခဲ့ပြီး ဒဿန ပညာ၊ သင်္ချာ ပညာနှင့် စာပေ ပညာ တို့ကို သင်ကြား ပို့ချ ခဲ့သည်။ သူ၏ စိတ်ကူးထည် သီအိုရီ (Theory of Idea) သည် အနောက်တိုင်း တွေးခေါ်ရှင် အဆက်ဆက် အပေါ် ဩဇာပြု လွှမ်းမိုး ခဲ့သည်။ ဆွေးနွေးပွဲ ဒဿန ကျမ်းများစွာ ရေးသား ပြုစု ခဲ့သည်။ အထင် ရှားဆုံးမှာ 'သမ္မတ နိုင်ငံတော် (The Republic)' ဖြစ်သည်။

**(၁၄) Sartre, Jean-Paul ဆာ့တ်၊ ယန်းပေါ(၁၉၀၅-၈၀)**

စာပေ နိုဘယ် ဆုရ ပြင်သစ် တွေးခေါ်ရှင် စာရေးဆရာ ဖြစ်သည်။ သူ၏ ဘုရားမဲ့ ဖြစ်တည်မှု ဝါဒသည် မျက်မှောက်ခေတ် ဒဿန သမိုင်းတွင် အင်အား ကြီးမားသော ဒဿန လှုပ်ရှားမှု တရပ် ဖြစ်သည်။ လွတ်လပ်မှုနှင့် ပတ်သက်သော သူ၏ အတွေး အခေါ်များ အပေါ် ဂျာမန် တွေးခေါ်ရှင် ဖိချ်တေ (Fichte) ၏ လွှမ်းမိုးမှု များစွာ ရှိခဲ့သည်။ Being and Nothioness (၁၉၄၃) သည် သူ၏ အထင်ရှားဆုံး ဒဿန ကျမ်း ဖြစ်သည်။

**(၁၅) Socrates ဆော့ခရတ္တိ(၄၇၀-၃၉၉ ဘီစီ)**

ရှေး ဂရိ တွေးခေါ် ရှင်ကြီး ဖြစ်သည်။ အနောက်တိုင်း အတွေး အ ခေါ်သမိုင်းတွင် သဘာဝ အခြေပြု ဒဿန လမ်းကြောင်းမှ လူသား အခြေပြု ဒဿန လမ်းကြောင်းသို့ တဆစ်ချိုး ပြောင်းလဲ စေခဲ့သူ ဖြစ်သည်။ သူ၏ တွေးခေါ် ကြံဆ နည်းသည် ဆော့ခရိတ္တိ နည်းဟူ၍ လည်းကောင်း၊ ဒိုင်ယာလက် နည်းဟူ၍ လည်းကောင်း ထင်ရှား၏။ သူကိုယ်တိုင် မည်သည့် ဒဿန ကျမ်းကိုမျှ မရေးသားခဲ့။ သို့သော် သူ၏ တပည့်ရင်း ပလေတို၏ 'ဆွေးနွေးပွဲ' ကျမ်းစာ မှတဆင့် အတွေး အခေါ် များကို သိရှိ ရသည်။

## ကိုးကားစာအုပ်များ

1. Aronson, Ronald, "Jean-Paul Sartre; Philosophy in the World", Verso, London, 1980.
2. Barrett, William, "Irrational Man", Mercury London, 1964.
3. Blackham, "Six Existentialist Thinkers", Routledge, London, 1989.
4. Collinson, Diane, "Fifty major Philosophers", Routledge, London, 1989.
5. Feibleman, "Understanding Philosopy", Horizon, New York, 1973.
6. Katen, Thomas, "Doing Philosophy", Pretice-Hall, U.S.A., 1973.
7. Kaufmann, Walter, "Existentialism From Dostoevsky to Sartre", Meridian, U.S.A., 1975.
8. Khlyabich, "an Outline History of Philosophy", Progress, Moscow, 1964.
9. Lafarage, Rene, "Jean-Paul Sartre", University of Notre Dame, U.S.A., 1970.
10. Macquarrie, John, "Existentialism", Pelican, England, 1976.
11. Murdoch, Iris, "Sartre", Collins, London, 1967.
12. Passmore, John, "A Hundred Years of Philosophy", Wyman & Son London, 1957.
13. Runes, Dagobert, "Dictionary of Philosophy", Littlefield, U.S.A., 1968.
14. Sartre, Jean-Paul, "Being and Nothingness", Philosophyical Library, New York, 1956.
15. Sartre, Jean-Paul, "Existentialism and Humanism", Methuen, London, 1955.
16. Sartre, Jean-Paul, "Nausea", Pennguin, England, 1956.
17. Sartre, Jean-Paul, "The Reprieve", Knoff, New York, 1947.
18. Stern, Alfread, "Sartre; His Philosophy and Psychoanalysis", Libreal Arts, New Yorks, 1953.
19. Streller, Justus, "To Freedom comdemned", Philosophical Library, New York, 1960.
20. White, Morton, "The Age of Analysis", Mentor, U.S.A., 1955.
21. Wilson, Colin, "Beyond the Outsider", Pan, London, 1965.
22. Wilson, Colin, "Outsider", Pan, London, 1970.
23. Winn, Ralph, "A Concise Dictionary of Existentialism", Philosophical Library, New York, 1960.